
ဘာသာပြန် - ထွန်းလင်းအောင်
ငါ့မှာအပတ်တိုင်း
အလုပ်အသစ်ရှိတယ်
စာစဉ် - ၂၃

**ငါ့မှာ အပတ်တိုင်း အလုပ်အသစ်ရှိတယ်**

**ဘာသာပြန် - ထွန်းလင်းအောင်**

**အခန်း (၃၃၁)**

"မစ္စတာလင်း..အဲ့လိုဆိုရင်တော့ ကျုပ်ခင်များကို စကားနည်းနည်းလောက်တော့ ပြောမှ ဖြစ်တော့မယ်."

လျှိုရီတ စားပွဲခုံပေါ်တွင် လက်ကို ချထားလိုက်ပြီး အကြံပေးနေသည့် အသွင်ဖြင့် "တကယ်လို့ ချင်းရန်ကသာ ဒီလိုစကားမျိုး ပြောလာတယ်ဆိုရင်တော့ ကျုပ်ဘာမှ ပြောမှာမဟုတ်ဘူး...ဘာပဲဆိုဆို သူမက မိန်းကလေးလေ...ရည်းမှန်းချက် အကြီးစား

ချည်းတွေ မရှိလည်း အဆင်ပြေတယ်...ဒါပေမယ့်မစ္စတာလင်း..ခင်များကျတော့ ယောကျ်ားတစ်ယောက်လေ...ဒီလို ရည်မှန်းချက်မရှိတဲ့ စကားလုံးတွေ ပြောတာက ယောကျ်ားမဆန်လွန်းရာ ကျတယ်.."

"ငါက ဒီတိုင်း အလိုနည်းတာလေးကိုကွာ...ဘယ်လိုလုပ်ပြီး ရည်မှန်းချက်မရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်သွားတာတုန်းဟ..."

"ကျုပ်အမြင်အရဆိုရင်တော့ ယောကျ်ားတစ်ယောက်က ကမ္ဘာကြီးကို သိမ်းပိုက်ဖို့ပထိ ရည်ရွယ်ချက် ကြီးမားသင့်တယ်...ကျုပ်ရဲ့ ကုမ္ပဏီကိုပဲ အတုယူလိုက်...ဒီနေ့လို ဈေးကွက်တန်ဖိုး သန်း ၈၀၀၀ ကျော်အောင်

ကြိုးစားခဲ့တာ နှစ်နှစ်တည်းပဲ..နောင်ဆယ်နှစ်နေရင် အင်တာနက် နယ်ပယ်မှာ အသိမှတ်ပြုလောက်တဲ့ နေရာတစ်နေရာ ရလာမယ်လို့ ကျုပ် သေချာပေါက် ယုံကြည့်တယ်...ဒါပေမယ့် ခင်မျိုးကျတော့ ရည်မှန်းချက်ကလည်း မရှိ ..အဲ့ဒီ အလိုနည်းတဲ့ စိတ်ကပဲ ခင်မျိုးကို လုံးပါးပါးအောင် ပြုလုပ်သွားမှာ..."လျှိုရိတ ပြောလိုက်ပြီး "ခု ခင်မျိုး ချင်းရန်ကို ချစ်သူအဖြစ် ခေါ်ထားတယ်ဆိုတာကလည်း အာမခံအဖြစ် သုံးဖို့ ထားထားတာမလား..အနာဂတ်မှာ ဒေဝါလီခံလိုက်ရရင် ဈေးဆစ်ဖို့ ချစ်ပ်တစ်ခု အနေနဲ့ သုံးဖို့ ကြံနေတယ် ဟုတ်တယ်ဟုတ်..."

"မင်းအဲ့ကတော့ နည်းနည်း များသွားပြီ.."လင်းရီ မျက်မှောင်ကြုတ်၍ ပြောလိုက်ပြီး "ငါ့ကုမ္ပဏီက သိပ်မကြီးဘူးဆိုပေမယ့် ကိုယ့်ကိုယ့်ကို မရပ်တည်နိုင်လောက်တဲ့အထိတော့ မသေးဘူး..."

"ဒါပေမယ့် ခင်များမှာက ရည်ရွယ်ချက်တွေ ပျောက်ဆုံးနေတယ်လေ..ကျုပ်နယ်ပယ်က နားလည်မှုတွေ အရဆိုရင် ဒါက နောက်ပြန်ဆုတ်နေတာပဲ.."

လျှို့ရီတ စကားပြောလေ ပို၍ ကျေနပ်လေလေဖြစ်နေပြီး စကားလမ်းတစ်ဝက်တွင် ခဏရပ်၍ စီးကရက်ပင် မီးညှိလိုက်သေး၏။

"ကျုပ်ရင်းနှီးမြုပ်နှံတာကို လက်ခံဖို့ ရှက်ရွံ့နေတယ်ဆိုတာ ကျုပ်နားလည်တယ်.ဒါပေမယ့်

အားလုံးက စီးပွားရေးသမားတွေလေ...ဘာမှ ရှက်နေစရာမလိုဘူး..ကျုပ်လိုပေါ့..ဟော်ယွမ် ယွမ်က လင်းယွမ်အုပ်စုရဲ့ CFO ဆိုတာလည်း သိရော ရင်းနှီးမြုပ်နှံဖို့ ကျုပ်ဘက်ကပဲ သွား တောင်းဆိုခဲ့တာ..."

"စကားမစပ် အစ်ကိုလျှို...ကျွန်တော်မေးချင် နေတာကြာပြီ...လင်းယွမ်အုပ်စုရဲ့ နောက်ခံ အမှန်က ဘာများလဲ...အဲ့ဒီ အုပ်စုက အစ်ကို လျှိုရဲ့ အမြင်အာရုံကို ဘယ်လိုလုပ်ပြီး ဖမ်းစားသွားခဲ့တာလဲဗျ...ကျွန်တော် အင်တာ နက်ပေါ်မှာ ရှာတွေ့ရသလောက်ကတော့ ဒီ တိုင်း နောက်ခံသေးသေးလေးနဲ့ ရင်းနှီးမြုပ်နှံ တဲ့ ကုမ္ပဏီလေးပဲ မဟုတ်ဘူးလား..ဟိုလို ကြီးကြီးမားမားကြီးတွေလည်း မရှိပါဘူး..."

ကျန်းရှုမင်တွင်လည်း အလားတူမေးခွန်းမျိုး ရှိနေလေသည်။

"ဆရာမလည်း အဲ့ဒီအုပ်စုအကြောင်း ခုတလော ကြားဖူးတာ..ဒါပေမယ့် အာရုံစိုက် လောက်စရာ အကြောင်းပြချက်တော့ ရှာမ တွေ့ဘူးဖြစ်နေတာ..."

"ဆရာမကျန်း မသိလို့ပါ..ဒီရဲ့ လင်းယွမ်အုပ်စု ဖော်ပြထားတာက ရေခဲတောင် ထိပ်ဖျား လေးပဲ ရှိသေးတယ်..."လျှိုရှီတ အာပေါင်အာရင်း သန်သန်ဖြင့် ပြောလိုက်ပြီး "ကျွန်တော်လည်း အသေးစိတ်တော့ သေချာ မသိပေမယ့် တစ်ခုတော့ ပြောပြလိုက်လို့ရ တယ်..."

"လင်းယွမ်အုပ်စုက ရုံးစိုက်ထားတဲ့ လင်းယွမ် အဆောက်အအုံဆိုတာက သူတို့ ငှားထားတာ မဟုတ်ဘူး...အဆောက်အဦး တစ်ခုလုံးကို ဝယ်ထားတာ..."

"တစ်ခုလုံးကို ဝယ်ထားတယ်..."

ကျီချင်းရန်မှလွဲ၍ ရှိနေကြသည့် လူတိုင်း အံ့အားသင့်သွားကြသည်။ လင်းယွမ်အုပ်စုမှာ ထိုမျှ ကြီးမားသည့် ကော်ပိုရေးရှင်းလုပ်ငန်းကြီး ဖြစ်လိမ့်မည်ဟု ထင်မှတ်မထားခဲ့ချေ။

"အမှန်ပဲ...အဆောက်အအုံနှစ်ခုလုံးက လင်းယွမ်အုပ်စုရဲ့ အပိုင်...အရင်တုန်းကကျတော့ အမြှာမျှော်စင်လို့ ခေါ်တယ်....ဒါပေမယ့် ကျွန်တော်ကြားတာတော့ လင်းယွမ်အုပ်စုရဲ့ နောက်ကွယ်က သူဌေးကြီးက ယွမ် ဆယ်ရှစ်

ဘီလီယမ် သုံးပြီး အအဆောက်အအုံနှစ်ခုလုံး ကို ဝယ်လိုက်တယ်...အဲ့လို ဝယ်ရဲတဲ့ သတ္တိ မျိုးက သာမန်လူတွေ စွမ်းသာတဲ့ အရာ မဟုတ်ဘူး..."

ကျန်းရှူမင် ခေါင်းညိမ့်လိုက်သည်။

"အဲ့လောက် သတ္တိရှိဖို့ဆိုရင် လင်းယွမ်အုပ်စု ရဲ့ နောက်ကွယ်က သူဌေးကြီးက တကယ်ကို မရိုးရှင်းဘူးပဲ..."

ကျန်းရှူမင်မှ ချီးမွမ်းလိုက်သည်။

"ကျွန်တော်တွေးနေတာလည်း အဲ့တာပဲ လေ..ဒါကြောင့်မို့ ကျွန်တော် ဒီကိစ္စမှာ ဟော် ယွမ်ယွမ်ဆီက အတွေးအမြင်တွေကို နားစွင့် နေတာ..ရင်းနှီးမြှုပ်နှံတဲ့ ကိစ္စအောင်မြင်ပြီ ဆို တာနဲ့ သူတို့နောက်ကွယ်က သူဌေးကြီးကို

ထမင်းစားဖိတ်လိုက်မယ်...အဲ့လိုဆို ပိုပြီး ရင်းနှီးတဲ့ ပတ်သက်မှုကောင်းလေးတွေ တည်ဆောက်လို့ရပြီလေ..."

"အင်း..အဲ့လိုလုပ်နိုင်ရင်တော့ ကောင်းတာ ပေါ့ကွယ်...."ကျန်းရှာမင် အပြုံးလေးဖြင့် ပြောလိုက်ကပြီး "ခု မင်းမှာက အရမ်းကောင်း တဲ့ အခွင့်ရေး ရှိနေပြီဆို တော့ ကြိုးစားမှရ မယ်နော..မဖြုန်းတီးပစ်ရဘူး ကြားလား...."

"ဟုတ်ကဲ့ပါဗျ..."

"အစ်ကိုလျှို..ရှင်ပြောပုံအရဆိုရင် ကျွန်မ လည်း အနာဂတ်ကျ ဟော်ယွမ်ယွမ်နဲ့ ဆက် သွယ်ရမယ့်ပုံပဲနော်...ကျွန်မတို့ ကုမ္ပဏီလည်း ရင်းနှီးမြှုပ်နှံဖို့ လူလိုရင် စဉ်းစားပေးမယ်လို့ ထင်လားဟင်..."

"သေချာတာပေါ့..ငါတို့အားလုံးက ဆရာမကျန်း တပည့်တွေလေ..အချင်းချင်း မကူညီပေးဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..."

လျှိုရီတမှ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒါပေမယ့်ခု လင်းယွမ်ကုမ္ပဏီက တရှိန်ထိုး တိုးတက်နေတာနော်..ပြီးတော့ ယွမ်ယွမ်ကလည်း လုံးဝ ကို အရေးပါတဲ့ ရာထူးကို ဆုပ်ကိုင်ထားတာ ..နောင်ကျရင် သူနဲ့ တွေ့ချင်တဲ့သူတွေက မရေမတွက်နိုင်အောင် ရှိလာလောက်တယ်..ဒီတော့ မင်းမြန်မြန် လက်ဦးထားမှ ဖြစ်မယ်..."

"အင်း..အစ်ကိုလျှိုပြောတာ ဟုတ်တယ်..."ဝမ်ကျစ်ဟွေ့မှ ပြောလိုက်ပြီး "အရင်ကဆို ကျွန်တော်တို့တွေ ဆရာမကျန်းဆီလာရင် သူ

ကပဲ စိတ်အလှူပ်ရှားဆုံး..ခုတော့ ကျွန်တော်တို့တွေ စားလို့တောင် ပြီးတော့မယ်...ခုထိ ပေါ်ကို မလာသေးဘူး..အတော်လေး အလုပ်များနေလို့ နေမှာ..."

"ယွမ်ယွမ်က ခု အရင်ကနဲ့ မတူတော့ဘူး..သူနဲ့ သေချာလေး ရင်းနှီးအောင် လုပ်ထားမှရမှာ..အဲ့လိုဆို သူမကို ရင်းနှီးခိုင်းဖို့ဆိုတာက ကိတ်မုန့်လေး လှီးစားသလို အီးဇီးဖြစ်သွားပြီ..."

"သူမက ဒီတိုင်း CFO လေးကိုကွာ..မင်းတို့ကောင်တွေက ဘာလို့ နောက်ကွယ်က သူဌေးကြီးလိုလိုနဲ့ ပြောနေကြတာ..."လင်းရှီ မေးလိုက်၏။

"ခင်များမသိတာရှိသေးတယ်..ကျုပ်ရှင်းပြမယ်..."လျှိုရီတမှ ပြောလိုက်ပြီး "လင်းယွမ်အုပ်စုရဲ့ နောက်ကွယ်က သူဌေးကြီးမှာက အလုပ်တွေ အများကြီးရှိမှာပဲလေ..တစ်ခုတည်းကို သူလည်းမကြီးကြပ်နိုင်ဘူး..ဆိုတော့ ယွမ်ယွမ်ရဲ့ လက်ထဲကိုပဲ လုပ်ပိုင်ခွင့်အလုံးစုံက ကျရောက်သွားမှာ...သန်းတစ်ရာမကျော်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုရင် ဘော့စ်ကိုတောင် အစီရင်ခံစရာမလိုပဲ ကြည့်လုပ်လိုက်လို့ရတယ်..."လျှိုရီတမှ ပြောလိုက်ပြီး

"နောက်ပြီး ကျုပ်ဂျူနီယာညီမလေးရဲ့ ရုပ်ရည်နဲ့ဆိုရင် သူတို့ ဘော့စ်နဲ့ ဘာညယဘာညာတွေင ရှိလာဦးမှာပဲ...ကျန်တာကိုတော့ ဆက်ပြောပြဖို့ မလိုဘူးထင်တာပဲ..."

"ဖူး...."

လင်းရီ သောက်နေသည့်ရေ သီးမလို ဖြစ်သွားခဲ့၏။ သူ လျှိုရီတကိုပင် ဆောင့်ကန်ချင်စိတ်များ ဖြစ်ပေါ်လာတော့သည်။

မင်း ယီးစကားတွေ လာပြောနေတာလားကွ...

ကျီချင်းရန်ကတော့ ခေါင်းလေးတစ်ခြမ်းစောင်း၍ လင်းရီ မျက်နှာကို စေ့စေ့ကြည့်ရင်းပါးစပ်အုပ်၍ ရယ်မောနေလေသည်။

"ငါ သူ့ရဲ့ ဟိုင်းဝေးလမ်းကြီးကို စိတ်မဝင်စားဘူး...ဒီတော့ ချင်းရန် မင်းကိုယ်မင်း ယုံကြည်ထားလိုက်တော့..." လင်းရီ ကျီချင်းရန် နားထဲသို့ တီးတိုးလေး ပြောပြလိုက်သည်။

"ကျွတ်..နင်နဲ့ စကားပြောရမှာ ပျင်းတယ်..."

လျှိုရီတ၏ စကားလုံးများကို ကျီချင်းရန် စိတ်ထဲမထားချေ။

လင်းရှီနှင့် ယွမ်ယွမ်တို့မှာ ငှက်နှင့် ငှက်မွေး ကဲ့သို့ ဖြစ်နေလေသည်။

နှစ်ယောက်မှာ ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်လာနိုင်သော်လည်း ထို့ထက် တစ်ဆင့် တက်ဖို့ရာတော့ လုံးဝ မဖြစ်နိုင်ချေ။

ဒေါက် ဒေါက် ဒေါက်

သူတို့ စကားပြောနေစဉ် တံခါးခေါက်သံတစ်သံ ထွက်ပေါ်လာခဲ့၏။

လုထျန်း မတ်တပ်ရပ်လိုက်ပြီး "ကြည့်ရတာ ယွမ်ယွမ် ရောက်လာပြီနဲ့ တူတယ်..ငါတံခါး သွားဖွင့်ပေးလိုက်မယ်..."

မျှော်လင့်ထားသည့် အတိုင်း တံခါးအပြင်တွင် ရပ်နေသူမှာတော့ ဟော်ယွမ်ယွမ်ပင်။

သူမ လက်ထဲတွင် လက်ဆောင်ပုံးလေးကို ကိုင်ထားပြီး ကျန်းရှူမင်ကို ပေးရန် အသင့်ဖြစ်နေလေသည်။

"ဆရာမကျန်း တောင်းပန်ပါတယ်နော်..သမီး ကုမ္ပဏီမှာ အလုပ်တွေ များနေတာနဲ့ နောက်ကျသွားတယ်..."ဟော်ယွမ်ယွမ်မှ တောင်းပန်လိုက်၏။

"ဘာတွေ ပြောနေတာလဲ ယွမ်ယွမ်ရဲ့..ဒီလို တကူးတက လာပေးတာကိုတောင်မှ ဆရာမ

က ဝမ်းသာလှပြီ... နောက်ခါလာရင် ဘာမှ ဝယ်မလာခဲ့နဲ့ ..မဟုတ်ရင် ပေးမဝင်တော့ဘူး သိလား..."

"သမီးရဲ့ သဘောထားကိုဖော်ပြချင်လို့ ဝယ်ခဲ့ပေးတာလေ..တခြား ဘာအဓိပ္ပာယ်မှ မပါဘူး..တကယ်လို့ ဆရာမကျန်းရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေကြောင့်သာ မဟုတ်ရင် သမီးဒီနေ့လို ရလဒ်မျိုးတွေ ရနိုင်မှာ မဟုတ်ဘူး..အနည်းဆုံးတော့ သမီးက ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဆောင်လေးတော့ ပေးသင့်တယ်လေ..."

"ကလေးဆိုး လေး..နင်ကတော့ ကျောင်းတုန်းကတိုင်း စကားတွေ တတ်တုန်းပဲပေါ့..."

ဟော်ယွမ်ယွမ် ရယ်မောလိုက်ပြီး အိမ်တွင်းစီး ညှပ်ဖိနက်ကို လံလှယ်ကာ အထဲသို့ ဝင်လာခဲ့လိုက်၏။

"ယွမ်ယွမ် လာ....ငါ့ဘေးနားလာထိုင်ချည်..."လှိုုရီတ စီးကရက် ပစ်ချ၍ အားပါးတရကြီး ဖိတ်ခေါ်လိုက်၏။

"မင်းက အလုပ်များတဲ့လူဆိုတော့ တွေ့ရဖို့ကို တကယ်မလွယ်ဘူး.."

"အစ်ကိုလှိုုက မြှောက်ပင့်လွန်းနေပါပြီ..ညီမက အဲ့လောက်ကြီးလည်း မဟုတ်ပါဘူး..."ဟော်ယွမ်ယွမ် ယဉ်ကျေးစွာ တုံ့ပြန်လိုက်၏။

"ကောင်းပြီ တံခါးဝမှာပဲ ရပ်မနေနဲ့ ..လာ မင်း အတွက် တူနဲ့ ပန်းကန်လုံးယူပေးထား တယ်...အရင်ဆုံး လာစားလှည့်.."

ဟော်ယွမ်ယွမ် ခေါင်းညိမ့်လိုက်ပြီး သူမ၏ ပစ္စည်းများကို ချကာ အိမ်ထဲသို့ လမ်းလျှောက်လာခဲ့သည်။

သူမ အစတုန်းကတော့ ကျီချင်းရန် ဘေးတွင် ထိုင်မလို့ပင်။ သို့သော်လည်း လျှိုရီတမှ သူ့ဘေးတွင် ထိုင်ရန် ဖိတ်ခေါ်လာသောကြောင့် မျက်နှာသာပေးရန် ဆုံးဖြတ်လိုက်၏။

သို့သော်လည်း ထိုအခိုက်အတန့်တွင် ဟော်ယွမ်ယွမ် ရုတ်တရပ် သူမခြေလှမ်းများ အေးခဲသွားခဲ့သည်။

လင်းရီ သူမ၏စီနီယာအစ်မဘေး၌ ထိုင်နေသည်ကို မြင်လိုက်ရ၏။

"ဘော့စ်..ရှင်ဒီမှာ ဘာလာလုပ်တာ"

**အခန်း (၃၃၂)**

"ဘာကိုလာလုပ်ရမှာ..မင်းရဲ့ အစ်မချင်းရန်နဲ့ ထမင်းလာစားတာလေ."

ဟော်ယွမ်ယွမ် လင်းရီတို့ နှစ်ဦးကို အဓိပ္ပာယ်ပါသော အကြည့်တစ်ချက် ပေးလိုက်ပြီး "အိမ်က ဆွေမျိုးတွေအပြင် ဆရာမကျန်းကလည်း အစ်မကို လေးစားရတဲ့ အကြီးအကဲပဲ ...ရှင့်ကို ဆရာမကျန်းဆီ ခေါ်လာခဲ့တယ်ဆို

တော့...ကျွတ်ကျွတ် ရှင့်ရဲ့ အဆင့်တိုးသွားတဲ့ အတွက် ဂုဏ်ပြုပါတယ်နော်..."

"မပူနဲ့..ငါက အဆင့်တိုးသွားရင်တောင်မှ မင်း ကတော့ ရာထူးတိုးမှာ မဟုတ်ဘူး..."

"နေဦး ယွမ်ယွမ် နင်သူ့ကို ဘယ်လိုခေါ်လိုက် တယ်..."လျှိုရီတ အထိတ်တလန့်ဖြစ်သွားခဲ့ သည်။

"ဘော့စ်လေ..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "သူက အစ်ကိုလျှိုကို မိတ်မဆက်ပေးဘူး လား..."

"သူ...သူက တကယ်ကြီး မင်းရဲ့ဘော့စ်..."လျှို ရီတ မျက်လုံးများ ပြူးကျယ်လာခဲ့ပြီး "ဒါဆို သူက လင်းယွမ်အုပ်စုရဲ့ နောက်ကွယ်က သူဌေးကြီးပေါ့..."

"အမှန်ပဲလေ...မထင်ရဘူးမလား..ဟီး ဟီး.."ဟော်ယွမ်ယွမ် ရယ်မောလျက် ပြော လိုက်၏။

"တကယ့်ကို မထင်ရတာ..."

ဟော်ယွမ်ယွမ် တူပန်းကန်လုံးယူပြီး ထမင်း ဖြည့်လိုက်၏။ ထို့နောက် ဟင်းများကို နှိုက် မြည်းရင်း "သာမန်ပါပဲ...ညီမလည်း အစက မ ယုံကြည်ခဲ့ဘူး...ဒါပေမယ့် ဘော့စ်က တကယ့်ကို ကျိကျိတက်ချမ်းသာတာနော်..အမြှာ မျှော်စင်ကို ၁၈ ဘီလီယမ် ပေးပြီး ဝယ်လိုက် ရုံတင် မကသေးဘူး..ကျိုကျုံး အဆောက်အအုံက ဗီလာအကုန်လုံးကို တစ်ပြိုင်တည်း ဝယ်ထားတာ...ပြီးတော့ သူ စီးတဲ့ ကားဆိုရင်လည်း အနည်းဆုံး သန်း

ဖဝကျော်တယ်..ကျွန်မတို့ ရင်းနှီးမြုပ်နှံဖို့ ဆွေးနွေးခဲ့တဲ့ ပမာဏတောင်မှ ဘောစ့်ရဲ့ ကားတစ်စီးစာလောက်ပဲရှိတာ...."

"သူ...သူက သန်းဖဝ ကျော်တန်ကြေးရှိတဲ့ ကားကြီးကို မောင်းတယ်..."

လျှိုရီတ၏ မျက်လုံးများမှာ တူပန်းလုံး လောက်ကြီး ပြူးကျယ်လာခဲ့၏။

သူ စောနကလေးတင် လင်းရီ၏ ကုမ္ပဏီကို သေးတယ်ဆိုပြီး လှောင်ပြောင်နေခဲ့ပြီး သူ့ ဘက်မှ ရင်းနှီးမြုပ်နှံပေးရန်ပင် ကမ်းလှမ်း လိုက်သေးသည်။

ထိုအကြောင်းကို စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မျက်နှာတစ်ခုလုံး ဖြတ်ရိုက်

ခံထားရသကဲ့သို့ နီရဲလာကာ အရှက်ရလွန်း၍ တွင်းထဲ ပုန်းအောင်းချင်နေမိတော့၏။

"ယွမ်ယွမ် ..မင်းတို့ နှစ်ယောက် ရင်းနှီးမြုပ်နှံဖို့ ကိစ္စ ဆွေးနွေးနေတယ်ဆို..."လင်းရီ ခုံကို လက်ဖြင့် တစ်တောက်တောက်လုပ်၍ မေးမြန်းလိုက်၏။

"အွန်း..ကျွန်မတော့ စီနီယာလျှိုရဲ့ ကုမ္ပဏီက မဆိုးဘူးလို့ ထင်တာပဲ..ကျွန်မ အစ်ကိုချီနဲ့လည်း ဆွေးနွေးပြီးသွားပြီ..နောက်ပြီး အသိတွေ ဖြစ်နေတာကလည်း တစ်ကြောင်းမို့လေ..."

"မင်းပြောတာ မှန်သလိုတော့ ရှိတယ်.."လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ဒါပေမယ့် မင်းရဲ့ စီနီယာလျှိုက ငါတို့ ကုမ္ပဏီက သေးသေးလေး

ပြီးတော့ အခွင့်လမ်းကောင်းတွေလည်း ရှိမှာ မဟုတ်ဘူးတဲ့...သူက ငါတို့ကို ကူညီပေးချင်တဲ့သဘောနဲ့ ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ချင်နေတယ်ဆိုပဲ..ဒီတော့ မင်းနောက်မှ သူနဲ့ တစ်ချက်လောက် စကားပြောကြည့်ကွာ..."

"အမ်...သူက ကျွန်မတို့စီမှာ ရင်းနှီးမြှုပ်နှံချင်နေတယ်"

ဟော်ယွမ်ယွမ် အံ့အားသင့်သွားခဲ့ပြီး "သူက ဘာလို့ အဲ့လိုလုပ်မှာလဲတဲ့..."

"ပဟေဠိ ဖြစ်စရာ မကောင်းဘူးလား..."လင်းရီ အပြုံးလေးဖြင့် မေးလိုက်၏။

"တကယ့်ကို ပဟေဠိ ဖြစ်စရာပဲ..ကျွန်မမြင်ဖူးတဲ့ ထိပ်တန်း လူလုပ် ပဟေဠိ ဆယ်ခုထဲမှာတောင် ပါတယ်"

ထိုသို့ ပြောလိုက်သော်လည်း ဟော်ယွမ်ယွမ် ဘာဖြစ်နေလဲဆိုတာ နားလည်ပေသည်။

ဖြစ်နိုင်သည်မှာတော့ သူမ၏ စီနီယာလျှိုမှာ အစ်မကြီးကြောင့် ဘော့စ်ရှေ့တွင် မိမိုက်သလို လုပ်ခဲ့သည့်ပုံပင်။ မဟုတ်ပါက ယခုကဲ့သို့ ဖြစ်လာလိမ့်မည် မဟုတ်ချေ။

ယင်းကလည်း သူမဘော့စ်မှာ အတော်လေးကို နိမ့်နိမ့်ချချနေသောကြောင့်ဖြစ်၏။ ဘော့စ်ဘက်မှ စတင်ပြီး မိမိုက်သလိုလုပ်သည်က လွန်စွာရှားသည်။ များသောအားဖြင့် တစ်ဖက်လူကသာ သူမဘော့စ် နိမ့်ချ

နေထိုင်သည်ကို အေးဆေးပေးမနေဘဲ အဘယ်ကြောင့် နိမ့်ချကဲ့ရဲ့နေတာလဲဆိုတာကို သူမလည်း မစဉ်းစားတတ်တော့ချေ။

"အာဟား ကြည့်စမ်းပါဦး..ဘော့စ်လင်းကလည်း စောကတည်းက ပြောရောပေါ့ဗျာ..ခုတော့ အားလုံးရှုပ်ကုန်ကြပြီ..."

"တကယ်လို့ ကျုပ်သာ ပြောလိုက်မယ်ဆိုကြွားဝါသလို ဖြစ်နေမှာပေါ့.. တော်ပါပြီကျုပ်က နိမ့်နိမ့်ချချနေရတာကိုပဲနှစ်သက်တာ... ခုတော့ ကျုပ်ဘယ်သူလဲဆိုတာ သိသွားပြီး မစ္စတာလျှိုကို ကသိကအောက် ဖြစ်သွားစေတယ်ဆိုတော့ စိတ်မရှိပါနဲ့ဗျာ....ကျုပ်ပြန်ရောက်ရင် ယွမ်ယွမ်ရဲ့ရဲ့ လစာကို လျှော့လိုက်ပါ့မယ်..စီနီယာတစ်ယောက်

ကို ဒီလိုမျိုးဖြစ်အောင် လုပ်တယ်ဆိုတာက မ လေးစားရာကျလွန်းတယ်လေ..."

ဟော်ယွမ်ယွမ် :"...."

ငါက ဘာလုပ်မိလို့လဲ...

သူကပဲ အတင်းအကြပ်လုပ်ခိုင်းရသလိုပုံစံက လည်း ဟန်ဆောင်လိုက်သေး နောက်ပြီး ငါ့ လစာကလည်း ဖြတ်လိုက်သေး.. ဆိုတော့ ဒါ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် ပစ်လိုက်တာပဲ မဟုတ်လား...ဘော့စ် ဒါကတော့ ရှင်တရား လွန်သွားပြီနော်

"ချင်းရန် ..နင်ကတော့ ဒီလောက် ကောင်းတဲ့ ချစ်သူကို ပိုင်ဆိုင်ထားတာတောင်မှ စိတ်မ ကျေနပ်သလို လုပ်နေလိုက်သေးတယ် ပေါ့..ငါတော့ အရမ်းမနာဖြစ်မိတာပဲသိလား...

"လုထျန်းမှ မနာလိုသည့် လေသံဖြင့် ကျီစယ်စွာ ပြောဆိုလိုက်သည်။

"ငါ့ရဲ့ ခန့်ညားချောမောတဲ့ ရုပ်ရည်ကို မနာလိုနေတာလား..."

"မဟုတ်ပါဘူး.."လုထျန် ပြောလိုက်ပြီး "ရုပ်ချောတာက ကျွန်မအတွက်တော့ ဘာမှ အသုံးမဝင်ဘူး..ကျွန်မတို့ မိသားစုက ယောကျ်ားလေးဆို ချက်တတ်ပြုတ်တတ်မှ သဘောကျတာရှင့်...အဲ့ဒါမှ ယောကျ်ားကောင်း ပီသတယ်လို့ သတ်မှတ်တာ..."

"အဲ့လိုဆိုရင်တော့ မိန်းကလေးလုကို စိတ်ပျက်စေမိပြီ...ကျုပ်ကလည်း ချက်တတ်တဲ့ ယောကျ်ားတစ်ယောက်ပဲဗျ..."

"ရှင်..ရှင်က ချက်ပြုတ်တတ်တယ်..."လုထျန် အံ့အားသင့်သွားခဲ့သည့် လေသံဖြင့် မေးမြန်းလိုက်၏။

ကျိချင်းရန် သူမ ကျောကို မတ်လိုက်ပြီး ဂုဏ်ယူ နေသည့် လေသံဖြင့် "လင်းရီက ချက်ပြုတ်တယ်တယ်...ပြီးတော့ သူချက်ပေးတဲ့ ဟင်းပွဲတွေကလည်း အရမ်း အရသာရှိတာ..."

"အွန်း အွန်း..ဘော့စ်ရဲ့ ဟင်းချက်လက်ရာက လုံးဝကို ထိပ်တန်းပဲ..အရမ်းအရသာရှိတယ်..."ဟော်ယွမ်ယွမ်မှ အရသာကို ပြန်လည် တမ်းတနေဟန်ဖြင့် သားရည်ယိုလျက် ပြောလိုက်၏။

"ငါ့ကို လာချီးကျူးနေလည်း အပိုပဲ..ငါဘယ် သူလဲဆိုတာ ပြောလိုက်တော့မှတော့ မင်းရဲ့ လစာကို လျှော့ပစ်ရမှာပဲ..."

"ချီး..."

ညရှစ်နာရီကျော်သည့် အချိန်တွင်တော့ ညစာ စားပွဲမှာ ပြီးဆုံးသွားခဲ့ပြီး ဆရာမကျန်းအိမ်မှ တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြ တော့၏။

လင်းရိ၊ ကျိချင်းရန် ၊ ဟော်ယွမ်ယွမ်နှင့် လု ထျန်းတို့သာလျှင် တစ်စုံတစ်ခု ပြောစရာ ကျန်နေသေးသကဲ့သို့ မပြန်သေးဘဲ စုရုံးနေ ကြ၏။

"ဘော့စ်...ဖုန်းလန်ယဉ်ကျေးမှု မီဒီယာကုမ္ပဏီ နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစဉ်းစားထား

လဲ..ဒီနေ့ ချောင်ကျင်းချိုး ကျွန်မဆီ ဆက်သွယ်လာပြီးတော့ ရင်းနှီးမြုပ်နှံဖို့ စိတ်ဝင်စားလားလို့ ပြောလာခဲ့တယ်...ကျွန်မကတော့ သူ့ကို တိုက်ရိုက်ပဲ အဖြေပြန်ပေးလိုက်တယ်နော..."

"သူ(မ)က မင်းနဲ့ ချီရှန်းကျောက်တို့ မှန်းတော့ မသိဘူးမလား..."

"ဒါပေါ့ .ဘယ်သိမှာ..ကျွန်မက အနုစိတ်လုပ်တယ်လေ.."ဘာပဲပြောပြော သူမက Cisco က ဆိုတော့ ကျွန်မတို့ နာမည်တွေသာ သိကုန်ရင် ပလန်တစ်ခုလုံး ကပြောင်းကပြန်တွေ ဖြစ်ကုန်တော့မှာပေါ့.."

"အင်း..လုပ်တာ မဆိုးဘူး.."လင်းရီ ခေါင်းညိမ့်လိုက်ပြီး "သူမနဲ့ တွေ့ဖို့ ချိန်းလိုက်..ငါ

ကိုယ်တိုင် သွားတွေလိုက်မယ်..အိုး နေရာကိုတော့ ပန်နီဆူလာဟိုတယ်မှာ သတ်မှတ်လိုက်..."

"အာ...ဘော့စ်ကလည်း ဘာလို့ ပန်နီဆူလာဟိုတယ်ကြီးတုန်း...အဲ့တာက ကြယ်ငါးပွင့်ဟိုတယ်ကြီးလေ..အဲ့မှာ ဆိုရင် ပိုက်ဆံအများကြီး ကုန်နေမှာပေါ့ရှင့်...."ဟော်ယွမ်ယွမ်မှ မကျေမနပ်ဖြစ်သွားခဲ့ပြီး "ကုမ္ပဏီရဲ့ဘတ်ဂျက်က စကတည်းကနေ ချွေတာနေရပါတယ်ဆိုနေမှ ဘော့စ်က အဲ့လို ဇိမ်ခံတဲ့နေရာတွေ သွားချင်နေတယ်ပေါ့လေ..ကုမ္ပဏီအတွက်ကော ထည့်မစဉ်းစားတော့ဘူးလား..."

"အဲ့တာဆို ငါက ဘယ်သွားပြီး တွေ့ရမှာ..."

"ယွမ် ၁၀၀ လောက်ပဲ ကုန်မယ့် စတားဘက်ခ်ဆိုရင်ကော...အဲ့မှာဆို စျေးနှုန်းလည်း သင့်တင့်တယ်လေ."

"အင်း..နည်းနည်းလေး အပေါစား ဆန်တယ်ဆိုပေမယ့် မင်းသာ စရိတ်စိုက်မယ်ဆိုရင် သွားမယ်ကွာ.."

"ဟွန့်..ရော့ရော့..ဘောစိဖြစ်ပြီး သူများနားပြန်တောင်းနေတယ်..."

ဟော်ယွမ်ယွမ်မှ မျက်နှာ စူပုပ်စွာဖြင့် အိတ်ထဲမှ ယွမ်တစ်ရာတန် အသစ်ကို ထုတ်ကာ "ဒါက ရှင် စီးပွားရေးကိစ္စတွေ ဆွေးနွေးဖို့..ယူလိုက်..."

"ကျေးဇူးပဲနော်..ယွမ်ယွမ်..."

"အယ်...ဒီနေ့ အရမ်းတွေယဉ်ကျေးနေပါလား..ခါတိုင်း ဘော့စ်ရဲ့ စတိုင်က ဒီလိုမျိုးမဟုတ်ပါဘူး..."

ကျီချင်းရန်မှ ရှင်မြူးစွာဖြင့် "ဘာလို့လဲဆိုတော့ ပန်နီဆူလာ ဟိုတယ်က သူပိုင်တာလေ..အဲ့ဒီကို သွားတွေ့ရင် တစ်ပြားမှ ပေးစရာမလိုဘူး..ဒါပေမယ့် ခုတေယ့် နင့်နားကနေ ယွမ်တစ်ရာ ရလိုက်ပြီလေ..အမြတ်ပေါ့...ခစ်ခစ်..."

ဟော်ယွမ်ယွမ် "...."

"ငါက ဒီတိုင်း ဘာမဟုတ်တဲ့ ဝန်ထမ်းလေးကို နင်တို့က ဘာလို့ အနိုင်ကျင့်နေကြတာလဲ လို့.."

ဟော်ယွမ်ယွမ် ငိုချင်နေသည့် လေသံလေး ဖြင့် ပြောလိုက်ပြီး "ပြီးတော့ ပန်နီဆူလာ ဟိုတယ်ကကော ဘယ်ချိန်ကတည်းက ရှင့် ဟိုတယ်ဖြစ်လာခဲ့တာ...ကျွန်မကကော ဘာ လို့ အဲ့အကြောင်း မသိရတာလဲ...အဲ့လိုဆိုရင် ကျွန်မလည်း နောက်ကျ အဲ့မှာ ဖရီးလာတည်း လို့ ရတယ်ဆိုတဲ့ သဘောပေါ့နော်...။"

"ဟိုး ဟိုး ဟိုး...."

"ဘာလဲ ရယ်တာက ဘာသဘောလဲ......."

"မင်းရဲ့ ဟိုင်းဝေးလမ်းကြီးနဲ့ဆိုရင် ဘယ်သူ ကမှ အခန်းငှားပေးမှာ မဟုတ်ဘူး..ဒီတော့ မိန်းကလေး မင်းက ဘာတွေ မျှော်လင့်နေ တာ... "

ယှုမျယှုမျ :"......"

"ငါ့ခါးဘယ်မှာလဲ..."

"ကဲကဲ တော်ကြတော့ နှစ်ယောက်လုံး ကိုက်မနေကြနဲ့တော့...တစ်ယောက်က CEO ၊ တစ်ယောက်က CFO ..နင်တို့တွေ တည်တည်တံ့တံ့လေး နေလို့ မရဘူးလား..."

ကျီချင်းရန်၏ နားချမှုအောက်တွင် နှစ်ယောက်သား ရန်ဖြစ်တာ ရပ်လိုက်ကြတော့၏။

ထို့နောက် လေးယောက်သား လမ်းခွဲလိုက်ကြပြီး လုထျန်းနှင့် ဟော်ယွမ်ယွမ်တို့ တစ်နေရာစီ ထွက်သွားခဲ့ကြသည်။

လင်းရီကတော့ ကျီချင်းရန်ကို ကျိုကျုံးဗီလာသို့ ခေါ်ဆောင်သွားခဲ့လေသည်။

ကျီချင်းရန်ကတော့ လင်းရှီသူမကို ဘောဘီပူ တူးချင်းရန်ဟု ခေါ်လိုက်သည့် လေသံကို နား တသသ ဖြစ်နေမိ၏။

ကြားရသည်မှာ နားရှက်ဖွယ်ကောင်းလှ သော်လည်း နားထောင်လို့ကောင်းသည်တော့ အမှန်ပင်။

"ငါရေသွားကူးမလို့..နင်ကော..."

လင်းရှီ ရယ်မောလိုက်ပြီး "ငါကတော့ မင်း ကူးတာပဲ ထိုင်ကြည့်တော့မယ်..ပြီးတော့ မင်း ရေကူးဝတ်စုံနဲ့ S ပုံစံ ထိုင်ထလုပ်ပြမယ်လို့ ပြောထားတာလည်း မေ့မနေနဲ့ဦးနော် ."

"ဟွန့်..ဆု တောင်း လေ..."

ကျီချင်းရန် အဖြူရောင် ရေကူးဝန်စုံဝတ်ဆင်ပြီး ကိုယ်ကို တဘက်ဖြင့် ပတ်ကာ အပေါ်ထပ်မှ ဆင်းလာခဲ့၏။

အထဲတွင် ဘာဝတ်ထားလဲဆိုတာ ကြည့်ရန်တောင် မလိုအပ်ချေ။ ဖြူဖွေးသွယ်လျနေသည့် ပေါင်တံနှစ်ချောင်းကို မြင်ရုံမျှနှင့် ၁၀၀ GB ထက် ကျော်လွန်သော အတွေးပုံရိပ်များကို မြင်ယောင်မိသွားစေလိမ့်မည်။

ရေကူးကန်ထဲတွင်တော့ ကျီချင်းရန် ရေသူမတစ်ကောင်ကဲ့သို့ ပေါ့ပါးဖျတ်လတ်စွာ ရေကူးနေပြီး လင်းရှီကတော့ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဝိုင်နီတစ်ခွက်ဖြင့် သူ၏ ရှေ့ဆက်ရမည့် ခြေလှမ်းများအကြောင်းကို အတွေးနက်လို့နေသည်။

စနစ်မစ်ရှင်မှာတော့ သူ့ခြေလှမ်းနှင့်သူ ဖြည်းဖြည်းနှင့်မှန်မှန် ရွေ့လျားနေသောကြောင့် သိပ်အများကြီး စဉ်းစားရန်မလိုချေ။

သူ လက်ရှိ အရေးစိုက်ရမည့် အရာမှာတော့ ချောင် မောင်နှမ နှစ်ဦးကိုပင်။

ချောင်ရှန့်ယွီ၏ အရေးနှင့် စပ်လျဉ်း၍ကတော့ ဝမ်ရန်ကို စောင့်ကြည့်ခိုင်းသောကြောင့် ပြဿနာ ထွေထွေထူးထူးသိပ်မရှိပေ။ ဝမ်ရန်မှာ နယူဘီလေး ဖြစ်သော်လည်း ချောင်ရှန့်ယွီကလည်း ကျပ်မပြည့်ကောင်ပင်။ ထို့ကြောင့် သတင့်တင့်လျောက်ပတ်သော IQ ရှိနေသရွေ့တော့ ချောင်ရှန့်ယွီကို ကိုင်တွယ်ရန် ပြဿနာရှိလိမ့်မည် မဟုတ်။

ထို့ကြောင့် ချောင်ကျားတုံး၏ သမီးတော် ချောင်ကျင်းချိုးကိုသာလျှင် ကိုင်တွယ်ဖို့ ကျန်နေတော့၏။

အကယ်၍ သူမသာ ချောင်ရှန့်ယွီကဲ့သို့ နှစ်ပြားလွတ်နေပါက ကိုင်တွယ်ဖြေရှင်းရန် လွယ်ကူလိမ့်မည် ဖြစ်သော်လည်း သူမ၏ လုပ်ဆောင်မှုများက လူကို အနည်းငယ် ရှုပ်ထွေးစေသည်။

Cisco ၏ စီးပွားရေးလုပ်ငန်းများကို လက်လွှဲမယူဘဲ သူမ၏ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းတစ်ခုကို ထူထောင်ထား၏။ ယင်းက သူမကို လူသာမန်တို့နှင့် ကွဲပြားသွားစေသည်။ အကယ်၍ သင်ဆိုလျှင်ကော အောင်မြင်ပြီးသား လုပ်ငန်းစုကို အမွေဆက်ခံမည့်အစား

စွန့်လွှတ်စွန့်စားပြီး ကိုယ်ပိုင်လုပ်ငန်းအသစ်ကို တည်ထောင်ပါလိမ့်မည်လော။

သူမထိုသို့ ပြုလုပ်ရသည့် မူလဇစ်မြစ်ကို လင်းရီ သိအောင် လုပ်ရပေမည်။

စဉ်းစားရင်းဖြင့် ခေါင်းရှုပ်လာသည့် အတွက် လင်းရီရေထဲသို့ ဒိုင်ဗင် ပစ်ချပြီး လေးငါးပတ်လောက် ရေကူးကာ ကျီချင်းရန်နှင့်အတူ တက်လာပြီး ကန်နံဘေး၌ထိုင်၍ လေညင်းခံနေလိုက်၏။

"နင်ငါ့ကို ဘာလို့ အဲ့လို လာကြည့်နေတာ..."

ကျီချင်းရန် တဘက်ကို လှမ်းဆွဲလိုက်၏။ လင်းရီ၏ ဝါးစားချင်နေသည့် အကြည့်တို့က သူမကို အနည်းငယ် မသက်မသာဖြစ်အောင် လုပ်နေလေသည်။

"မင်း....ငါ့ရဲ့ CEO လုပ်မလား..."

"အန်...နင့်သဘောက ငါ့ကို လင်းယွမ်အုပ်စု ထဲ ဝင်စေချင်တာလား"

"အင်း...အဲ့သဘောမျိုးပဲ..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ဒီနှစ် ဒီဇင်ဘာကျရင် ငါ အရင်းမြစ်အားလုံးကို တစ်ခုတည်းဖြစ်အောင်လုပ်ဖို့ စီစဉ်ထားတယ်...တကယ်လို့ မင်းသာ လာမယ်ဆိုရင် ငါအရာအားလုံး စိတ်ချလို့ရပြီ..."

"မရဘူး.."ကျီချင်းရန် ဖြည်းညင်းစွာ ခေါင်းခါရမ်း၍ "အရင်ဆုံး ချောင်ရန်အုပ်စုရဲ့ လက်ရှိအောင်မြင်မှုတွေက ငါမျှော်မှန်းထားတဲ့အထိ မရောက်သေးဘူး..ပြီးတော့ ငါသာ လင်းယွမ်အုပ်စုကို ရုတ်ချည်းရွှေ့ပြောင်းသွားမယ်ဆို

ရင် သင့်တော်တဲ့ အကြောင်းပြချက်ရှိတယ် ဆိုရင်တောင်မှ လူတွေကို လက်သင့်ခံလာအောင် လုပ်ဖို့က ခက်ခဲတယ်..လုံးဝ မဖြစ်နိုင်ဘူး.."

ကျီချင်းရန် အနေအထားပြောင်း၍ လင်းရီကို ကြည့်လိုက်ပြီး "ချီကလည်း မဆိုးပါဘူး..ယွမ်ယွမ်ထက် ပိုပြီးတော့ တည်ငြိမ်တယ်..ရှင်သူ့ကို ကောင်းကောင်းလေး လေ့ကျင့်ပေးမယ် ဆိုရင်ကော..."

"ချီကြီးနဲ့က အဆင်တော့ပြေတယ်..ဒါပေမယ့် အဲ့ကောင်က စွန့်စားရဲတဲ့စိတ်မရှိဘူး..သိပ် ရစ်ခ်(risk) မယူရဲတာပေါ့ကွာ.."လင်းရီ သူ၏ အတွေးများကို ထုတ်ပြောလိုက်ပြီး "သူနဲ့ ယွမ်ယွမ် နှစ်ယောက်နဲ့ကျ ရေတိုအတွက်ပဲ

အဆင်ပြေမှာ ..ရေရှည်ကျတော့ နှစ်ယောက်တည်းက မလုံလောက်ဘူးလေ..."

"ငါမင်းကို ကိစ္စအားလုံး တစ်ယောက်တည်း ပခုံးစီးခံဖို့ တောင်းဆိုနေတာ မဟုတ်ဘူး.."လင်းရီ ပြောလိုက်ပြီး "တကယ်လို့ မင်းမောတဲ့ အချိန်ကျ ငါလည်း အစားကူညီပေးမယ်လေ..အဲ့ဒီအချိန်ကျ ကိုယ်လုပ်ချင်တာကို လုပ်ပေါ့..."

"အဲ့လောက်တောင် ကောင်းလား.."

"မကောင်းလို့လား...ဒါက ကုမ္ပဏီ အဖွဲ့အစည်းတွေရဲ့ ထုံးစံပဲလေ...လင်းယွမ်အုပ်စုက နည်းနည်းလေး ထူးခြားတယ်ဆိုပေမာ့် အနှစ်သာရကတော့ မပြောင်းလဲဘူး..."

ပြောရင်းဖြင့် လင်းရီပင် အနည်းငယ် ရှက်ရွံ့သလို ခံစားလာခဲ့ရသည်။သူက ကုမ္ပဏီ၏ဘော့စ်ဖြစ်နေသော်လည်း ရုံးခန်း၌ မရှိသည်က ခပ်များများပင်။

"အဟမ်း..ဒါနဲ့ တခြား ကုမ္ပဏီက CEO တွေကော နေ့တိုင်း အပြင်မှာပဲ လျှောက်သွားနေကြတာလား..."

## အခန်း (၃၃၃)

"ဘယ်လိုများ မေးလိုက်ပါလိမ့်..."ကျိချင်းရန်စောဒက တက်လိုက်ပြီး "ဘယ်ကုမ္ပဏီ စီအီးအိုက တစ်ချိန်လုံး ရုံးထိုင်နေတာ နင်တွေ့ဖူးလို့လဲ...အစိုးရ ကုမ္ပဏီပဲ ဖြစ်ဖြစ် ၊

နာမည်ကြီး ကုမ္ပဏီက ဘောစ်ပဲဖြစ်ဖြစ် ဘယ်သူမှ ရုံးမထိုင်ဘူး....သူတို့ရဲ့ ယုံကြည်လို့ ရတဲ့ သူတွေဆီပဲ လက်လွှဲထားကြ တာ..တကယ်လို့ နင်သာ ရုံမှာ တစ်ချိန်လုံး ရှိ နေမယ်ဆိုရင် နည်းနည်းလေး သာမန်ရိုးကျ မဟုတ်သလို ဖြစ်သွားမှာပေါ့."

"အင်း..မင်းပြောတာလည်း အဓိပ္ပာယ်တော့ ရှိ သားပဲ...ကလပ်တွေ ပိုပြီး ဝင်ငွေကောင်းလာ တယ်ဆိုတာကလည်း ဒီလိုလူတွေ ထောက်ပံ့ ပေးနေလို့ပဲလေ ဟုတ်တယ်ဟုတ်.."

"ဘာကို ဟုတ်တယ်ဟုတ် နင်ကတော့ ပေါက် တတ်ကရလောက် လျှောက်လုပ်နေ..."

လင်းရီ ပြုံးလိုက်ပြီး ဘာကိုမှ ထပ်မပြောခဲ့ ချေ။

နှစ်ယောက်သား ပက်လက်ကုလားထိုင်ပေါ်တွင် လဲလျောင်းရင်း ဝိုင်သောက်ကာ ကောင်းကင်ပေါ်ရှိ လမင်းကြီး၏အလှကို ခံစားကြည့်ရှုနေကြ၏။

ထို့နောက် ဗီလာသို့သွားကာ အိပ်စက်အနားယူကြလေသည်။

နောက်တစ်နေ့နံနက်ခင်းတွင်တော့ ကျီချင်းရန်မှ အစောကြီးနိုးလာပြီး နှစ်ယောက်လုံးအတွက် မနက်စာကို ပြင်ဆင် ချက်ပြုတ်နေလေသည်။

ချက်ပြုတ်နေကြ ဟင်းပွဲများအပြင် ယနေ့တော့ အသီးရွက်သုပ်တစ်ခွက်လေး ပိုပါလာခဲ့၏။

ကျိုချင်းရန်ကို ရုံးသို့ ပို့ပြီးနောက် လင်းရီ လည်း အလုပ်စရန် ဟန်ပြင်လိုက်သည်။

"ရီလေး..."

ထို အချိန်တွင် လင်းရီ တစ်စုံတစ်ယောက်မှ သူ၏ နာမည်ခေါ်သံကို ကြားလိုက်ရပြီး နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဝမ် ရင်း ဖြစ်နေလေသည်။

ဝမ်ရင်းမှ သနပ်ခါးရောင် ဂါဝန်ကို ဝတ်ဆင် ထားပြီး LV ကြိုးသိုင်းဖိနပ်ကို စီးထားသည်။ သူမ၏ အသွင်မှာ နဂိုကထက် အရပ်မြင့်လာ သည့် အသွင် ဖြစ်လာခဲ့တော့၏။

"အစ်မရင်းက ဒီနေ့ အရမ်းလှနေပါလား ဗျ..တစ်ယောက်ယောက်နဲ့ ချိန်းထားတာရှိလို့ လား..."

"အစ်မက သူများယောက်ျားလေးတွေနဲ့ ချိန်းတာကို မောင်လေးရီ သဘောတူတယ်လို့တော့ မပြောနဲ့နော်..."ဝမ်ရင်းမှ ညိုးငယ်သွားသည့် လေသံဖြင့်ပြောလိုက်၏။

"ကျွန်တော့်ဘက်ကတော့ ပြဿနာမရှိပါဘူး..ဒါပေမယ့် အစ်မရင်း ချိန်းရဲလား မချိန်းရဲဘူးလားဆိုတဲ့ အပေါ်မှာပဲ မူတည်နေတာ..."လင်းရီ ပြောလိုက်၏။

"မောင်လေးရီက အဲ့လိုပြောလာမှတော့ ဒီအစ်မက မဝံ့ရဲပါဘူးတဲ့ရှင်..."ဝမ်ရင်း အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒါပေမယ့် ဒီနေ့တော့ တကယ်ကြီး အမျိုးသားတစ်ယောက်နဲ့ သွားတွေ့ရမှာ..."

"ဘယ်သူနဲ့လဲ.."

"နင် ချင်းဖုန်းပရောဂျက်ကို မှတ်မိသေးလား..."

"ချင်းဖုန်းပရောဂျက်..."လင်းရီ ရေရွတ်လိုက်ပြီး "မှတ်မိပြီ...ကျွန်တော်တို့ ကုမ္ပဏီကို အကြွေး ၁၀ မီလီယမ် တင်ထားတဲ့ ချင်းဖုန်းကုမ္ပဏီမလား..ဟို စုန်းမအိုကြီး ယွီလီလီက ကျွန်တော်တို့ နှစ်ယောက်ကို ခက်ခဲအောင် လုပ်ပြီးတော့ အကြွေးသွားတောင်းခိုင်းသေးတယ်လေ..နောက်ဆုံးကျတော့လည်း ကျွန်တော်တို့ ပိုက်ဆံ တစ်ပြားမှ မရဘဲ မောင်းထုတ်ခံလိုက်ရတာပဲ အဖက်တင်လိုက်တယ်..."

ထိုစဉ် အခါတုန်းကတော့ လင်းရီမှာ ချောင်ရန်အုပ်စု၌ သာမန်ဝန်ထမ်း တစ်ဦးလေးမျှ

သာဖြစ်၏။ သူနှင့် ဝမ်ရင်း လက်တွဲ လုပ်တောင်လျှင်တောင်မှ ထိုကိစ္စကြီးကို ကိုင်တွယ်နိုင်လိမ့်မယ် မဟုတ်ချေ။

သို့သော်လည်း ယခုအချိန်တွင်တော့ ခြားနားသွားပြီဖြစ်၏။ ၁၀ မီလီယမ်လောက်သာ ရှိသည့် ချင်းဖုန်း ပရောဂျက်ကို သူ အာရုံထားရန် လုံးဝမလိုအပ်တော့ချေ။

"ဟုတ်တယ်..အဲ့ဒီ ချင်းဖန်းပရောဂျက်ပဲ...အစ်မတို့ ခုထိ ပိုက်ဆံမရသေးဘူး..ကုမ္ပဏီရဲ့ ဒုဥက္ကဌက အစ်မကို အစည်းဝေးမှာတုန်းက တစ်နည်းနည်းနဲ့ ပိုက်ဆံရအောင် လုပ်ခဲ့ရမယ်ဆိုပြီး တာဝန်ပေးထားတာ..."

"မဖြစ်နိုင်တာ..ဒီလောက်တောင် ကြာနေပြီကို ပိုက်ဆံ မပေးသေးဘူးပေါ့..."

လင်းရီ ပြောလိုက်ပြီး "ဆောက်လုပ်ရေး နယ်ပယ်က ဂုဏ်သတင်း နာမည်တွေနဲ့ ပတ်သက်ပြီးတော့ အလေးထားတယ်ဆို တော့ အဲ့ကောင်တွေ ဒေဝါဘီခံလောက်ရော ပေါ့... "

"ဘယ်နားကသာ..."ဝမ်ရင်း ပြောလိုက်ပြီး "ချင်းဖုန်းပရောဂျက်က ကျန်တဲ့ ကုမ္ပဏီတွေ ဆီမှာပါ အကြွေးတွေ အများကြီးတင်ထား တယ်..ဒါပေမယ့် သူတို့ရဲ့ နာမည်ကိုကျ ထိခိုက်မှု မရှိသွားဘူး..ခုဆို သူတို့ ပရောဂျက် တွေ လက်ခံရလွန်းလို့ လက်တောင် မလည် ဘူး ဖြစ်နေတာ..."

"ဟမ်...သူတို့ နာမည်ကို ဖြေရှင်းပေးတဲ့ တစ်ယောက်ယောက် ရှာတွေ့သွားလို့လား.."

"အွန်း..အစ်မကြားတာတော့ သူတို့ အရမ်းကောင်းတဲ့ PR ကုမ္ပဏီကို ရှာတွေ့ထားတယ်ဆိုပဲ..တကယ်လို့ တစ်ယောက်ကသာ ထဲထဲဝင်ဝင် မဆန်းစစ်ကြည့်ဘူး ဆိုရင် သူတို့ရဲ့ အပေါ်ယံ ဂုဏ်သတင်းက ချောင်ရန်အုပ်စု ထက်တောင် ကောင်းနေသေးတယ်..."

"စိတ်ဝင်စားစရာပဲ.."လင်းရီ ပြုံးလိုက်ပြီး "ကျွန်တော်လည်း ဘာမှ လုပ်စရာ မရှိဘူးဆိုတော့ အစ်မရင်းနဲ့ လိုက်ခဲ့မယ်လေ.."

"ခစ်ခစ်..အစ်မကလည်း ဒီလိုစကားကိုပဲ ကြားချင်နေတာ..."ဝမ်ရင်း ပြုံးလိုက်ပြီး

"ဥက္ကဌကျီက မောင်လေးရီကို ညသုံး၊ အစ်ကကျတော့ နေ့သုံးမယ်လေ..."

"အဟမ်း...သူများတွေ ကြားရင် အထက်လွဲကုန်မယ်နော..."

"ဘာဖြစ်လဲ..မောင်လေးရီ နားလည်ရင် ပြီးတာပဲ မဟုတ်လား... "ဝမ်ရှင်း အပြုံးလေးဖြင့် ပြောလိုက်ပြီး "အစ်မကားမောင်းလှည့်..အချက်လက်တွေ အကုန်လုံးကအစ်မကားထဲမှာပဲ..."

"ဟုတ်..အဆင်ပြေပါတယ်..."

သို့နှင့် နှစ်ယောက်သား ဝမ်ရှင်းကားထဲသို့ ဝင်လိုက်ကြ၏။ သို့သော်လည်း လင်းရီ မမောင်းချေ။ သူ ဝမ်ရှင်းကို လေ့ကျင့်ပေးချင်နေလေသည်။

"အစ်မကို မောင်းခိုင်းမယ်ဆိုတာ သေချာ တယ်နော်..."

"ဒါပေါ့ဗျ...လေ့ကျင့်ခြင်းက ပြီးပြည့်စုံစေ တယ်..ကျွန်တော်က နေ့တိုင်း ကားမောင်းနေ ရတာ...အစ်မရင်းကသာ ပိုပြီးတော့ လေ့ကျင့်.. "

"ဟင်း..နှမြောစရာပဲ...."ဝမ်ရင်းမှ သက်ပြင်း တစ်ချက်ချလိုက်ပြီး "မောင်လေးရဲ့ ကား မောင်းနေတဲ့အချိန် အစ်မက ပြုစုပေးမလို့ပါ ဆိုနေ...ခုတော့ အခွင့်ရေး မရှိတော့ဘူးပေါ့..."

"အာ ..အဲ့လိုဆို ကျွန်တော်မောင်းမယ်လေ.."

"ကဲပါ နင့်ရဲ့ မကောင်းတဲ့ အတွေးတွေကို ဘေးချိတ်ထားလိုက်ဦး..လမ်းမှာ လူတွေ

အများကြီးရှိ နေတာကို ..သူများမြင်ရှင် ရှက်စရာ ကောင်းတယ်လို့ မထင်ဘူးလား.."

"အစ်မရင်းတောင် မကြောက်တာကို ကျွန်တော်က ဘာကိုတွေးပြီး ကြောက်နေရမှာ..."

"မတူဘူးလေဟယ်..အစ်မက ကွာရှင်းထားတဲ့ အမျိုးသမီးတစ်ယောက်..သူများတွေ မကောင်းပြောတာကိုလည်း စိတ်မဝင်စားတော့ဘူး..ဒါပေမယ့် မောင်လေးရီကကျတော့ မတူဘူးလေ..မောင်လေးရီရဲ့ နာမည်ဂုဏ်သတင်းက ပိုအရေးကြီးတယ်..."

"အစ်မရင်းလိုလှပတဲ့ အမျိုးသမီးတစ်ယောက်ကနေ ဒီလိုစကားတွေ ပြောလာခဲ့

တယ်ဆိုတော့ တော်တော်လေး စိတ်ပင်ပန်း ဆင်းရဲခဲ့မှာပဲနော်.."

"မောင်လေးရီ နားလည်ရင် ပြီးတာပါ ပဲ...မဟုတ်ရင် အစ်မက ဥက္ကဋ္ဌကျီနဲ့ ယှဉ်နိုင် တော့မှာ မဟုတ်ဘူး.."

ထိုသို့ ပြောရင်း သူမ ကားအင်ဂျင်စက်နှိုးကာ ချင်းဖုန်း ဆောက်လုပ်ရေးကုမ္ပဏီသို့ ဦးတည် သွားလိုက်၏။

လမ်းတွင်တော့ လင်းရီမှ ယောင်တုံးလိုင်ထံ ဖုန်းခေါ်ထားလိုက်သည်။

ဤကဲ့သို့သော ကိစ္စမျိုးမှာ ကျိုးကြောင်း ဆီလျော်စွာ ဖြေရှင်း၍ရသည့် ကိစ္စမျိုး မဟုတ်ချေ။ ထို့ကြောင့် ပြဿနာကို ဖြေရှင်း

ပေးရန် အကူညီများ ခေါ်ထားသည်က ပို အဆင်ပြေ၏။

နာရီဝက်ကြာပြီးနောက် လင်းရီတို့ ချင်းဖုန်း ကုမ္ပဏီရှေ့သို့ ရောက်ရှိသွားခဲ့သည်။

ကြည့်လိုက်သည်နှင့် ကုမ္ပဏီမှာ ချာင်ရန် အုပ်စုထက် အများကြီး သေးငယ်နေကြောင်း မြင်သာလေသည်။ ယင်းကလည်း ပရော ဂျက်ရရင် အဆက်အသွယ်များပေါ်တွင် မှီခို ပြီး ကုမ္ပဏီ၏ ပုံရိပ်နှင့် ဒီဇိုင်းကို လုံးဝ လျစ်လျူရှုထားသောကြောင့် ပင်။

မိနစ်အနည်းငယ်ခန့် စောင့်ဆိုင်းပြီးနောက် ယောင်တုန်းလိုင်နှင့် လျိုချန်းတို့မှာ ဝူလင်း ဟုန်ကွမ်းလေး စီးလျက် တံခါးဝရှေ့သို့ ရပ်တန့်လာခဲ့၏။

"မစ္စတာလင်း..ကျွန်တော်တို့ ဘာလုပ်ပေးရမလဲဗျ..."ယောင်တုန်းလိုင် ဖားယားသည့်အပြုံးလေးဖြင့် မေးလာခဲ့သည်။

ယခု သူနှင့် လိုချွန်တို့မှာ ချင်းဟန်နှင့် လင်းရီတို့အတွက် အလုပ်လုပ်ပေးရန် အလွန်တရာမှ စိတ်အားထက်သန်နေလေသည်။ သူတို့ ယခု ကူညီပေးခဲ့သမျှအားလုံး အနာဂတ်တွင် အကျိုးပြန်ခံစားရမည်မှာ မလွဲမသွေပင်။

"ငါတို့ ခု အကြွေးသွားတောင်မလို့..မင်းတို့က ဒီမှာနေပြီး ငါ့အမိန့်ကို စောင့်နေ..."

"ဟုတ်ကဲ့ ..နားလည်ပါပြီဗျ..."

ညွှန်ကြားချက်တစ်ချို့ ပေးပြီးနောက် လင်းရီ ဝမ်ရင်းနှင့်အတူ အထဲသို့ ဝင်သွားခဲ့၏။

အထဲတွင်တော့ ကောင်တာရှိ ဝန်ထမ်း မိန်းကလေးမှာ လင်းရီတို့ နှစ်ယောက်ကို စေ့စပ်သေချာစွာ အကဲခတ်နေသည်။

သူတို့နှစ်ဦးကို ကြည့်ရသည်မှာ ရင်းနှီးပုံ ပေါက်နေသော်လည်း မည်သည့်အချိန်တုန်းက မြင်ဖူးသလဲ ဆိုတာကိုတော့ ဒွိဟ ဖြစ်နေလေ၏။

"ဟဲလို..လူကြီးမင်းတို့နှစ်ယောက်က ဘယ်သူ့ကို ရှာနေတာပါလဲရှင့်....ကြိုချိန်းထားတာများ ရှိလို့လား.."အနက်ရောင် ဒေါက်မြင့်ဖိနပ် ဝတ်ဆင်ထားသည့် ညော့်ကြိုမိန်းကလေးမှ မေးမြန်းလိုက်၏။

"ကျွန်မက ချောင်ရန် အုပ်စုရဲ့ အရောင်း မန်နေဂျာ ဝမ်ရင်း..ဒါက ကျွန်မရဲ့

လုပ်ဖော်ကိုင်ဖက် လင်းရီ..ရှေ့လေးလတုန်းက ကျွန်မတို့တွေ ပရောဂျက်အတွက် ယွမ် ၁၁.၂ မီလီယမ်ကို ပြေစာ ပေးထားခဲ့ပြီးပြီ..ခုရှင်တို့ရဲ့ ဒါရိုက်တာလီနဲ့ စကား ပြောချင်တယ်..."

ညော့ကြိုမြိန်းကလေးမှာ လင်းရီတို့ကို ရုတ်ချည်းဆိုသလို မှတ်မိသွားခဲ့သည်။ သူတို့မှာ အကြွေးလာ တောင်းကြသူများ ဖြစ်၏။ သို့သော်လည်း ထိုစဉ်အခါက သူမ၏ ဘော့စ်မှာ တစ်ချက်ကလေးပင် အာရုံမထားဘဲ လုံခြုံရေးဝန်ထမ်းများကို မောင်းထုတ်ခိုင်းခဲ့လေသည်။

"အားနာပါတယ်ရှင်..ဒါရိုက်တာလီက ခု လောလောဆယ် ညေဘတွေ့နေလို့ ရှင်တို့ကို

လက်ခံမတွေ့ဆုံနိုင်သေးဘူး..နောက်မှ ထပ်လာခဲ့ပါနော်..."

"ကျွန်မ သူ့ကို ဖုန်းထဲကနေ အကြိမ်ပေါင်းများစွာ စကားပြောပြီးသွားပြီ...ဒါပေမယ့် ရှင်တို့ရဲ့ ဒါရိုက်တာလီက ဆင်ခြေအမျိုးမျိုးပေးပြီး ပတ်ရှောင်နေတယ်..ခု ကုမ္ပဏီကို ကျွန်မကိုယ်တိုင် ရောက်လာခဲ့ပြီ..ရှင်တို့ရဲ့ ဒါရိုက်တာလီကို ခု ခေါ်လိုက်စမ်း... ငါတို့ ချောင်ရန်အုပ်စုက လူတွေကကို ပေါ့သေးသေးများ မှတ်နေတာလား."

"မန်နေဂျာဝမ်..ကျေးဇူးပြုပြီး စိတ်လျှော့ပါဦးရှင်..ဒါရိုက်တာလီက ခု တကယ်အရေးကြီးတဲ့ ဧည့်သည်နဲ့ တွေ့နေလို့ပါ...အဲ့တာကြောင့်

ရှင်တို့နဲ့ မတွေ့နိုင်သေးတာ စိတ်မရှိပါနဲ့နော်..."

"ငါ ဘာမှ ...."

"ရပြီ..လေကုန်ခံ မနေနဲ့တော့..."လင်းရီ ပြောလိုက်ပီး "စကားပြောနေရင် အချိန်ကုန်တယ်..သူ့ဆီ တန်းသွားကြမယ်..."

"လူကြီးမင်း..တကယ်လို့ ရှင် ဒါရိုက်တာလီရဲ့ ရုံခန်းထဲကို အတင်းဝင်မယ်ဆိုရင်တော့ ကျွန်မဘက်က တစ်ယောက်ယောက်ကို ခေါ်ရပါလိမ့်မယ်..."

လင်းရီ ညှော့်ကိုမိန်းကလေးကို အကြည့်တစ်ချက် ပေးလိုက်ပြီး "အဲ့တာဆိုလည်း ခေါ်လေ..."

"အစ်ကိုပင်း..ဒီမှာ ပြဿနာရှာတဲ့ လူတစ်ချို့ ရောက်နေတယ်..လာဖြေရှင်းပေးပါဦး."

မကြာမီ တစ်ဖက်အခန်းမှ အပေါ်ပိုင်း ဗလာကျင်းနေသည့် ဖက်တီးတစ်ယောက် ဝင်လာခဲ့ပြီး "ငိုးပဲ..ဘယ်ငနွားက အသက်ရှင် နေရတာ ငြီးငွေ့လို့ ငါတို့ရဲ့ ချင်းဖုန်းကုမ္ပဏီမှာ ပြဿနာ လာရှာရဲတာလဲကွ.."

"ငါပဲဟျောင့်..."

ယောင်တုန်းလိုင်နှင့် လျိုချင်းတို့ လမ်းလျှောက်လာခဲ့ကြပြီး "ပြဿနာရှိလို့ လား..။"

........

အဆောက်အအုံ တတိယထပ်တွင်တော့ ဆိုဖာပေါ်တွင် လူနှစ်ယောက် ထိုင်နေကြ၏။

တစ်ဦးမှာတော့ အဆီဗိုက်ကြီးဖြင့် အမျိုးသားတစ်ဦးဖြစ်ပြီး ရှပ်နှင့် နက်ခ်တိုင်ကို ဝတ်ဆင်ထားလေသည်။ မျက်နှာထက်တွင်လည်း အဆီတို့ ဝင်းနေပြီး ဝက်ဆီလူးထားသည့်ရုပ် ပေါက်နေ၏။

သို့သော်လည်း မျှော်လင့်မထားစွာဖြင့် ထိုလူ၏နံဘေး၌ ထိုင်နေသည့် အမျိုးသမီးမှာတော့ ထင်မထားရလောက်အောင် လှရက်ပေသည်။ သူမ ၏ လုံးကိတ်သော တင်းပါးကို တင်းကြပ်နေသည့် အနက် ရောင်စကတ်အတိုလေးက ဖုံးလွှမ်းထားပြီ chanel တံဆိပ်ပါးလွှာပေါ့ပါးသည့် ဝတ်စုံကို ဝတ်ဆင်ထား

လေသည်။ သူမ၏ မျက်နှာထက်တွင်တော့ ထိမထင်ဟန် ရှိနေပြီး သာမန်ယောက်ျားသား တို့ လက်လှမ်းမမှီသည့် ပန်းလေးတစ်ပွင့် အလား ခံစားရရှိစေသည်။

အမျိုးသား၏ နာမည်မှတော့ လီချင်းဖုန်းဖြစ် ပြီး ချင်းဖုန်းကုမ္ပဏီ၏ စီအီးအိုတစ်ယောက် ဖြစ်ပင်။

အမျိုးသမီး၏ နာမည်ကတော့ ချောင်ကျင်း ချိုးဖြစ်ပြီးဖုန်းလန် သတင်းမီဒီယာ ကုမ္ပဏီ၏ စီးအီးအိုလည်း ဖြစ်၏။ ထို့ပြင် Cisco ၏ တည်ထောင်သူ ချောင်ကျားတုံး၏ ဒုတိယ သမီးလည်း ဖြစ်ပေသည်။

"ဒါရိုက်တာချောင် ဒါက နောက်ဆုံးပေးရမယ့် ယွမ် ဖိသိန်းပါဗျ..ကျေးဇူးပြုပြီး လက်ခံပေး ပါဦး.."

ချောင်းကျင်းချိုး တုံ့ဆိုင်းခြင်းမရှိ ချက်ခ် လက်မှတ်ကို အိတ်ထဲသို့ ထည့်လိုက်သည်။

"နောင်လည်း ဒါရိုက်တာလီ ဒီနေ့လိုပဲ အဆင်ပြေပါစေလို့ မျှော်လင့်တယ်..ကျွန်မ ကိုယ်တိုင်ဒီလာရတာက အရမ်း ဒုက္ခရောက် တယ်..ဘာပဲပြောပြော ရာသီဥတုက အရမ်း ပူလွန်းတယ်... "

**အခန်း (၃၃၄)**

"ဒါပေါ့ ဒါပေါ့ဗျ..."လီချင်းဖုန်း အပြုံးလေး ဖြင့် ပြောလိုက်ပြီး "အဓိကကတော့ ပရော ဂျက်က ခုမှ ပြီးသွားလို့ပါ..ကုမ္ပဏီကလည်း လတ်တလော ငွေအတော်လေး သုံးထားရ တယ်ဆိုတော့ ဒါရိုက်တာချောင်ကို ပေးဖို့ရာ ရက်နည်းနည်းလေး ကြာသွားတယ်ဗျာ..ဗွေမ ယူပါနဲ့ဗျ. "

"အေးဆေးပါ..ကျွန်ကလည်း စီးပွားရေးသမားပဲလေ..ကျွန်မ ပိုက်ဆံကိုပဲ ဂရုစိုက်တယ်..ကျန်တာက ရှင်တို့ ကိစ္စ..."ချောင်ကျင်းချိုး ဆံပင်ကို နောက်သို့ သပ်လိုက်ပြီး "ပိုက်ဆံသာ ပေးနေသရွေ့ တော့ အားလုံးက အဆင်ပြေပြေပဲ..."

"ဒါရိုက်တာချောင် ပြောတာ လုံးဝ မှန်ပါတယ်..ခုက စပြီးတော့ ကျွန်တော်တို့ရဲ့ PR ပြဿနာက ဒါရိုက်တာချောင် အပေါ်မှာ မူတည်နေတယ်နော...ဒီတော့....ကူညီပေးပါဦး"

လီကျင်းချိုးမှ ပြောဆိုလိုက်၏။

"ပြဿနာ မရှိဘူး..ပိုက်ဆံသာ ပေးနေသရွေ့ ကတော့ ကျွန်မဘက်က အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပေးမယ်..."

"ဟုတ် ဟုတ်..."

ချလပ်..

ရုံးခန်းတံခါးမှာ ပွင့်ဟလာခဲ့ပြီး လင်းရီနှင့် ဝမ်ရင်းတို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြ၏။

လီချင်းဖုန်းနှင့် ချောင်ကျင်းချိုးတို့ နှစ်ယောက် အံ့အားသင့်သွားခဲ့ကြသည်။ တစ်စုံတစ်ယောက်မှ ဝင်လာလိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

ချောင်ကျင်းချိုး၏ အကြည့်များက ဝမ်ရင်းပေါ်သို့ ကျရောက်သွားပြီး ရင်ထဲမှ တိတ်တဆိတ် မှတ်ချက်ပြုလိုက်သည်။

ဤအမျိုးသမီး၏ အသွင်အပြင်နှင့် ကိုယ်လုံးကိုယ်ပေါက်တို့မှာ မဆိုးလှသော်လည်း သူမနှင့် ယှဉ်လျှင်တော့ အလှမ်းဝေးနေဆဲဖြစ်၏။ သူမ ဘေးရှိ အမျိုးသား၏ ရုပ်ရည်မှာတော့

သိပ်မဆိုးချေ။ ယခုလို ချောမောခန့်ညားသည့် ကောင်လေးများကို သူမ မြင်မိတာ တောင်မှ အတော်ကြာနေချေပြီ။

လီချင်းဖုန်း၏ အကြည့်များကတော့ လင်းရီကို ဂရုမထားပဲ ဝမ်ရင်းထံတွင်သာ ကျရောက်နေလေသည်။

ဝမ်ရင်း၏ လှပသည့် မျက်နှာလေးနှင့် ရင့်ကျက်သည့် အလှတရားတို့မှာ ပုရိသတို့အား ရူးခါသွားစေလောက်သည်။ ထိုပြင်သူ အချိန်အကြာကြီး သားရည်ယိုနေခဲ့ရသူလည်း ဖြစ်၏။

ဝမ်ရင်း သူ့ဆီရောက်လာသည့် ရည်ရွယ်ချက်မှာ အကြွေးတောင်းရန်ဖြစ်ကြောင်း လီချင်းဖုန်း နားလည်ပေသည်။ ထိုကြောင့် သူမကို ပ

ထုတ်ရန် အစီအစဉ်ကိုလည်း နဂိုကတည်းက စဉ်းစားထားပြီးဖြစ်၏။

"ဒါရိုက်တာလီ..မတွေ့တာတောင် အတော်ကြာပြီပဲ.."

လီချင်းဖုန်းကို မြင်တော့ လင်းရီ အပြုံးလေးဖြင့် နှုတ်ဆက်လိုက်သည်။

"ငါမင်းတို့ နှစ်ယောက်ကို မှတ်မိပါတယ်..မင်းတို့ကောင်တွေက ချောင်ရန်အုပ်စုက မလား..."

"မှတ်မိတော့လည်း ကောင်းတာပေါ့..အဲ့လိုဆို ကျုပ်တို့ရဲ့ ယွမ် ၁၁.၂ မီလီယံကို ပေးဖို့ အချိန်ကောင်းပဲ မဟုတ်လား.."

လီချင်းဖုန်း လက်ကို စိတ်မရှည်စွာ ဝှေ့ယမ်းလိုက်ပြီး "ဒီတိုင်း ၁၀ မီလီယမ် ကျော်ကျော်လေးပဲ မလား..ငါ လီချင်းဖုန်းအတွက် အဲ့လောက် ငွေလေးက ဘာမှ မဟုတ်ဘူး..ဒါပေမယ့် ခုလောလောဆယ်တော့ ဘိုင်ပြတ်နေတယ်..မင်းတို့ နောက်မှ ထပ်လာခဲ့ကြ..ပိုက်ဆံရှိတဲ့အချိန် လှမ်းပြောလိုက်မယ်..."

"ရှေ့လေးလတုန်းက ကျုပ်တို့ ပိုက်ဆံ လာတောင်းတုန်းကလည်း ခင်များဘတ်ဂျက်မရှိဘူးလို့ ပြောခဲ့တယ်..ခု ဒီလောက်တောင် ကြာနေပြီကိုမှ အဲ့အတိုင်းပဲ ပြောနေတုန်းပဲ..ဖက်တီး ခင်များက ဖင်ခံပြီးတော့မှ လူပျိုလေးပါဆိုပြီး ဟန်ဆောင်နေတာလားကွ.."

ချောင်ကျင်းချိုး တခဏမျှ ကြက်သေသေ သွားခဲ့၏။ လင်းရီ၏ ကြင်နာသနားတတ်မည့် ရုပ်ရည်လေးမှ ယခုလို ရုန့်ရင်းကြမ်းတမ်း သည့် စကားလုံးတို့ ပြောထွက်လာလိမ့်မည် လို့ ထင်မထားခဲ့ချေ။

"မင်း မျိုးမစစ်လေး...မင်းငါ့ကို အဲ့လိုတွေ ပြောရဲတယ်ပေါ့လေ..."

"ဒါရိုက်တာလီ.ကျုပ်တို့က ကျုပ်တို့ ပိုက်ဆံ ကို ပြန်တောင်းနေတာနော်..မြန်မြန်ပေးလိုက် ရင်ကောင်းမယ်...တရားဘောင်ကနေ လိုက် ပြီးတော့ တောင်းချင်ဘူး...နယ်ပယ်တစ်ခု တည်းက သူတွေအချင်းချင်းပဲဆိုပြီးတော့ ဒီ အချိန်ထိ နားလည်ပေးနေတာ.....အဲ့တာကို ခင်များဘက်က ရောင့်တက်မလာနဲ့... "

"ငါပြောပြီးပြီပဲ မဟုတ်လား..ဒီတိုင်း ၁၀ မိလီယမ်ကျော်လေးပဲ မလားလို့..အချိန်တန်ရင် ပေးမှာပေါ့..ခုတေယ့် လစ်လိုက်တော့..ငါ စီးပွားရေးကိစ္စ ဆွေးနွေးနေတယ် လာမ နှောက်ယှက်နဲ့..."လီချင်းဖုန်းမှ နှာခေါင်းရှုံ့ပြီး ပြောလိုက်၏။

"ကျုပ်မှာလည်း အချိန်များများစားစား မရှိဘူး..အဲ့ ပိုက်ဆံ ဆယ်သန်းကျော်ကို စုဖို့ အချိန် ဆယ်မိနစ်ပေးမယ်...မဟုတ်လို့ကတော့ ခင်များရဲ့ ဒီ သောက်သုံးမကျတဲ့ ကုမ္ပဏီကြီးကို တာ့တာပြဖို့တာ ပြင်ထားလိုက်တော့..."

"မင်းက ငါ့ကို လာပြီး ခြိမ်းခြောက်နေလား..."လီချင်းဖုန်း မျက်လုံး ကျဉ်းမြောင်း၍

ပြောလိုက်ပြီး "အဲ့လိုဆိုရင်တော့ ဂုဏ်ယူပါတယ်..မင်းတော့ ထိပ်တည့်တည့် မြွေပေါက်ခဲရပြီ..."

ချောင်းကျင်းချိုး ခေါင်းခါရမ်းမိလိုက်သည်။ ကြည့်ရသည်တော့ လီချင်းဖုန်းမှာလည်း ဂန်းစတားတစ်ယောက် ဖြစ်ပုံပင်။ သို့သော်လည်း သာမန်ဝန်ထမ်းလေးမှ ထိုသို့ ရိုင်းပြစွာ ပြောဝံ့နေသည်ကိုတော့ သူမ အတော်လေး အံ့သြမိ၏။

ဘယ်သူကများ ဒီလို ယုံကြည်ချက်တွေ ပေးလိုက်ပါလိမ့်..

ဖြစ်နိုင်တာက သူ့ဘေးက အမျိုးသမီးကများ လား

"သောက်ကောင်လေး..မင်းက ငါနဲ့ လာရှုပ်ချင်နေတာလား..ငါ လီကျင်းချိုးက ဒီနယ်ပယ်မှာ ကျင်လည်လာတာ အံတိုနေပြီကွ..ဘယ်ကောင်မှ ငါနဲ့ လာရှုပ်လို့မရဘူး..."လီချင်းဖုန်း အေးစက်သည့် မျက်နှာထားဖြင့် ပြောလိုက်သည်။

"ငါမင်းတို့ကို ထွက်သွားဖို့ ယဥ်ယဥ်ကျေးကျေးလေး ပြောထားပြီးပြီ..ရိုင်းခါကျမှ ငါ့ကို အပြစ်လာမတင်နဲ့.."

လင်းရီ ဆန့်ကျင်ဘက်ဆိုဖာပေါ်တွင် ထိုင်ချလိုက်ပြီး ခြေတင်ချိတ်ကာ "ကျုပ်အထင်တော့ ခင်များက လျှောက်ကြွားနေတယ်လို့ပဲ မြင်တယ်..ကျုပ်တို့ဘက်ကသာ တရားစွဲမယ်

ဆိုရင် သက်သေက အလုံအလောက် ရှိပြီး သားပဲ..."

ချောင်ကျင်းချိုကတော့ ဘေးမှတိတ်ဆိတ်နေပြီး ဟာသပြဇာတ်ကြည့်သကဲ့သို့ ပြုံးကြည့်နေ၏။ သူမ လင်းရီ အဘယ်ကဲ့သို့ အဆုံးသတ်သွားမလဲဆိုတာ အတော်လေး စိတ်ဝင်စားနေခဲ့၏။

"ရတယ်လေ..အဲ့တာဆိုလည်း တစ်ယောက်ယောက်လွှတ်ပြီး မင်းနဲ့ စကားပြောခိုင်းလိုက်မယ်..."

လီချင်းဖုန်းမှ စည်းမျဉ်းများကို ချိုးဖောက်တော့မာကို မြင်တော့ ဝမ်ရင်းမှ "ဒါရိုက်တာလီ..ရှင့်ဘက်ကနေပြီးတော့မှ နယ်ပယ်ရဲ့ ကျင့်ဝတ်ထုံးတမ်းတွေကို လိုက်နာလိမ့်မယ်

လို့ မျှော်လင့်တယ်..ကျွန်မတို့က ဒီကို တာဝန်နဲ့လာတာ..အားယားလို့ ပြဿနာ လာရှာနေတာ မဟုတ်ဘူး..တကယ်လို့ ရှင့်ဘက်က အကြမ်းနည်း သုံးလာမယ်ဆိုရင်တော့ ကျွန်မတို့ ချောင်ရန်အုပ်စုရဲ့ ဥပဒေဌာနက အချဉ်သပ်သပ် မဟုတ်ဘူးဆိုတာ သတိပေးပါရစေ...."

"ငါ..လီချင်းဖုန်းက ဒီနယ်ပယ်မှာ ကြင်လည်နေတာ နှစ်ပေါင်းမနည်းတော့ဘူး..ပြီးတော့ မြင်သင့်တဲ့သူတွေကိုလည်း မြင်ပြီးသွားပြီ..ပေါင်းသင့်တဲ့သူတွေကိုလည်း ပေါင်းထားတယ်...ငါက ဒီလောက်လေးကို ကြောက်မယ်လို့များ ထင်နေတာလား..ငါ့နောက်မှာ ဒါရိုက်တာ ချောင် ရှိတယ်...မင်းတို့ဘက်က

ကြိုက်သလိုသာ လုပ်...သောက်ဂရုကို မစိုက်တာ..."

"ဒါရိုက်တာချောင်..."

လင်းရီ ရေရွတ်လိုက်ပြီး ရုတ်တရက် မကောင်းသည့် ခံစားချက်များ ရရှိလိုက်သည်။

"ဟုတ်တယ် ဖုန်းလန်သတင်းမီဒီယာဌာနက ဒါရိုက်တာချောင် .."လီချင်းဖုန်းမှ မောက်မာစွာ ပြောဆိုလိုက်ပြီး "သူတို့က မီဒီယာလောကမှာ အလကားသပ်သပ် နာမည်ကြီးနေတာ မဟုတ်ဘူးကွ..ဒီနေ့ ငါမင်းရဲ့ခြေတစ်ချောင်း ချိုးလိုက်ရင်တောင်မှ ငါ့အပေါ် ဘာမှဖြစ်လာမှာ မဟုတ်ဘူး..မင်းတို့နှစ်ယောက်ကိုယ့်အတွက် ဘာကောင်းလဲဆိုတာ သိရင် ဒီ

ကနေ လသ်လိုက်တော့ ..ငါ့ရဲ့ ငွေဝင်မယ့် ကိစ္စတွေကို လာမနှောင့်ယှက်နဲ့.."

"ငိုးပဲလေ..."

လင်းရီ ရင်ထဲတွင် တိတ်တဆိတ် ကျိန်ဆဲလိုက်၏။ သူခုလေးတင် ပေါ်ယွမ်ယွမ်ကို ဤအမျိုးသမီးအကြောင်း စုံစမ်းထားခိုင်းသော်လည်း သူမနှင့် လာဆုံလိမ့်မည်လို့တော့ ထင်မထားချေ။ ယင်းက တိုက်ဆိုင်လွန်းသွားချေပြီ။

လင်းရီ၏ အကဲခတ်မှုများအရတော့ ချောင်ကျင်းချိုးမှာ ခါးသိမ်သိမ် ခြေတံရှည်ရှည်နှင့် လှပသည့် မိန်းကလေးတစ်ဦးဖြစ်၏။

ကြည့်ရတာတော့ သူ ညနေခင်းပိုင်းတွင် သေချာလေး စကားပြောမှ ဖြစ်တော့မည့် ပုံပင်။

ချောင်ကျင်းချိုး ဆိုဖာပေါ်တွင် ထိုင်နေပြီး စကားတစ်ခွန်းမျှ မပြောချေ။ သူမတို့ အကြည့်ချင်းဆုံသွားပြီး လင်းရှီ မျက်ဝန်းများထဲတွင် မှုမမှန်သည့် အရိပ်အယောင်များ ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရ၏။

"ဖုန်းလန် မီဒီယာကလည်း ပြိုင်ဘက်ကင်းနေတာ မဟုတ်ဘူး..ခင်များသာ ဒီနေ့ ပိုက်ဆံမပေးလို့ကတော့ ရုံးခန်းထဲကနေ ခြေထောက်နဲ့ ထွက်သွားနိုင်မယ်လို့ မထင်နဲ့..."

"အဲ့တာဆိုလည်း မင်းငါ့ကို ဘယ်လို ခေါ်ထားမလဲဆိုတယ သိချင်စမ်းပါဘိ.."

လီချင်းဖုန်း ကျိန်ဆဲပြီးနောက် တံခါးဝသို့ အော်ဟစ်လိုက်ကာ "အားပင်း..မင်းညီကိုတွေ ခေါ်ခဲ့စမ်းကွာ..ဒီမှာ သောက်ရူးတစ်ကောင် ရောက်နေတယ် သူ့ခြေတွေ လက်တွေကို ငါ့ အတွက် ချိုးပေးစမ်း..."

ဘန်းကနဲ မြည်သံနှင့် အတူ တံခါးမှာ ပွင့်လာခဲ့ပြီး လူတစ်ယောက် လွင့်စင်လာခဲ့၏။

ထို့နောက် ဒါဇင်နှင့် ချီသော လူများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာလေသည်။ ထိုသူများကို မြင်တော့ လီချင်းဖုန်း ကြက်သေသေသွားခဲ့၏။

လွှက်ပစ်ခံလိုက်ရသူမှာ သူ၏ နံပါတ်တစ် ဖိုက်တာဖြစ်သူနှင့် ဒရိုင်ဘာဖြစ်သူအားပင်းပင်။

သို့သော်လည်း ဤတစ်ကြိမ်တွင်တော့ ကြမ်းပြင်ပေါ်တွင် အသိစိတ်ကင်းမဲ့စွာဖြင့် လူသေတစ်ကောင်ကဲ့သို့ လဲလျောင်းနေ၏။

"အစ်ကိုယောင် အစ်ကိုချန်..ခင်များတို့ ကျုပ်လူကို ဘာလို့ ဘလိုင်းကြီး လာတိုက်တာလဲဗျ..."

လျိုချန်နှင့် ယောင်တုန်းလိုင်တို့မှာ ကျိုးဟိုင်တွင် နာမည်ကျော်ကြားသည့် ဂန်းစတားများဖြစ်၏။ လီချင်းဖုန်းကဲ့သို့ လက်မည်းညစ်နေသည့်သူမှာ ထိုသူတို့နှင့် လက်ရင်းတနိုး ရှိပေသည်။

သို့သော်လည်း ပုံမှန်ဆိုလျှင် ထိုသူများမှာ သူ့ကို အစ်ကိုကြီးဟု ခေါ်လေ့ရှိ၏။

အဘယ်ကြောင့် ယခုမှ ဘာထဖောက်နေသနည်း။

"မင်းက ဘာလုပ်ထားလဲဆိုတာတောင်မှ မသိဘူးပေါ့ ဝက်ဖက်တီး..မင်း မစွတာလင်းကို အပြစ်ပြုထားတာကွ...မင်းရုံးခန်းတစ်ခုလုံးကို ဖျက်မဆီးပစ်တာကပဲ ယဉ်ကျေးလွန်းနေပြီ.."

**အခန်း (၃၃၅)**

လီချင်းဖုန်း ဆိုဖာပေါ်တွင် ထိုင်နေသည့် လူငယ်လေးကို ကြည့်မိလိုက်သည်။

သူ၏ အမူအရာများမှာ ရှုပ်ထွေးခြင်းမှ တစ်ဆင့် အံ့အားသင့်ခြင်းများသို့ ပြောင်းလဲ သွားခဲ့၏။

ဒီကောင်က လျှိုချန်တို့ ယောင်တုန်းလိုင်တို့နဲ့ အဆင်အသွယ် ရှိနေတာလားဟ...

ချောင်ကျင်းချိုးကတော့ ထိုမြင်ကွင်းကို တိတ်ဆိတ်စွာ စောင့်ကြည့်လျက်ရှိသည်။

သူမ၏ လင်းရီအပေါ် အထင်အမြင်များ ကတော့ အနည်းငယ် ပြောင်းလဲသွားခဲ့၏။

ဒီကောင်က ကမူးကရှူးတော့ မနိုင်ဘူး ပဲ..ဆောက်လုပ်ရေးနယ်ပယ်က မသတ်မှတ် ထားတဲ့ စည်းမျဉ်းတွေကို သဘောပေါက်နေ သားပဲ..

အလွန်တစ်ရာမှ နည်းပါးလှသည့် လူနည်းစုကသာလျှင် သန့်ရှင်းသည့် နောက်ခံရှိ၏။

ထို့ကြောင့် အချိန်အများစုတွင် ဖြောင်းဖြခြင်းနည်းလမ်းက အလုပ်မဖြစ်ပါက အပြင်လူများကို အကူညီတောင်းရလေသည်။ ထိုနည်းလမ်းကသာ အသင့်တော်ဆုံး နည်းလမ်းဖြစ်၏။

"ဒါခင်များရဲ့ ပိုင်နက်မလား..နောက်ထပ် လူတွေအများကြီး ရှိဦးမှာပေါ့..ခေါ်လိုက်စမ်းကွာ..ခင်များကောင်တွေ ကျုပ်ခြေထောက်ကို ရိုက်ချိုးနိုင်မလားဆို ကြည့်မယ်...."

"မ မဟုတ်တာ ဒါရိုက်တာလင်းရယ်..အဲ့လိုကိစ္စအသေးမွှားလေးကို ဗွေမယူပါနဲ့

ဗျာ..ကျွန်တော့်လိုကောင်ကြောင့် အနှောင့်ယှက် ဖြစ်မှာက မတန်ပါဘူးဗျ..."

လီချင်းဖုန်း စီးကရက်တစ်လိပ်ကို အလျင်စလိုထုတ်ပြီး လင်းရှီထံကမ်းပေးကာ ဆေးလိပ်မီးညှိပေးလိုက်၏။ "ကျွန်တော်က လည်း အစ်ကိုလျိုနဲ့ အစ်ကို ယောင်တို့ရဲ့ အသိလေ..အားလုံးက တစ်ဖက်တည်းတွေလို့တောင် ပြောလို့ရသေးတယ်....အေးအေးဆေးဆေးလေး ပြောကြတာပေါ့ဗျာ"

"ဟမ့် ငါ့လို့ သောက်ချောကြီးက ဘယ်လိုလုပ်ပြီး မင်းနဲ့ တစ်ဖက်တည်းဖြစ်နိုင်မှာ...စကားကို ပြန်ပြင်ပြောလိုက်စမ်းဟျောင့်..."

ချောင်ကျင်းချိုး နားထင်ကို ပွတ်မိလိုက်သည်။ သူမရှေ့ရှိ လူငယ်လေးမှာ နားလည်ရန် ခက်ခဲလှ၏။

"ဟုတ် ဟုတ်ပါတယ်ခင်ဗျ..ကျွန်တော်က ရုပ်ဆိုးလွန်းတော့ မစ္စတာလင်းနဲ့ တစ်ဖက်တည်း နေဖို့ မထိုက်တန်ပါဘူး.."လီချင်းဖုန်း ကမန်းကတမ်း ပြောလိုက်ပြီး "ကျုပ် မှားသွားပါတယ်ဗျာ..ခုချက်ချင်းပဲ ပိုက်ဆံပေးပါ့မယ်.."

"အရင်းက ၁၁.၂ မီလီယမ်..မင်းစိတ်ထဲမှာ အတိုးဘယ်လောက် တွက်ထားလဲ ဆိုတာ စိတ်မဝင်စားဘူး..၁၅ မီလီယမ်...ဆွေးနွေးခွင့်မရှိဘူး..."

"မစ်..မစ္စတာလင်းက အတိုးတွေ အများကြီး လိုချင်နေတာလား..."

လီချင်းဖုန်း၏ ခြေထောက်များက ကြောက်လန့်လွန်း၍ တုန်ခါနေသည်။ သူတို့ကုမ္ပဏီ၏ ဘဏ်အကောင့်ထဲတွင်တောင်မှ ထိုမျှများပြားသည့် ပမာဏ မရှိချေ။ အကယ်၍ ၁၅ မီလီယမ်ကို ထုတ်ပေးရန် အတင်းအကြပ် စေခိုင်းခံရမည်ဆိုပါက နောက်ဆက်တွဲ ပရောဂျက်များကိုလည်း လုပ်နိုင်လိမ့်မည် မဟုတ်တော့ချေ။

"ဘာလဲ မပေးချင်ဘူးလား...အဲ့လိုဆို အတိုးလျှော့ပေါ့ပေးဖို့ မင်းခြေထောက် တစ်ချောင်းနဲ့ လဲလို့ရတယ်နော..."

"အာ အာ ပေးမှာပါဗျ....ကျုပ် ခုချက်ချင်း ထုတ်ပေးပါ့မယ်...."

လီချင်းဖုန်း ချက်ခ်လက်မှတ်စာအုပ်ကို ထုတ်ပြီး ယွမ် ၁၅ မီလီယမ်ကို ကတုန်ကယင်နှင့် ရေးသားလိုက်၏။

သုည တစ်လုံးရေးလိုက်တိုင်း သူ၏ နှလုံးသားမှာ သွေးစိမ်းရှင်ရှင်တို့ ယိုစီးကျနေသည့်အလား နာကျင်နေလေသည်။

လင်းရီ ထိုချက်ခ်လက်မှတ်ကို ဝမ်ရင်းထံ ကမ်းပေးလိုက်၏။

"သွားစို့အစ်မရင်း ..အားလုံး ပြီးပြီ"

"အွန်း...သွားစို့"

ဝမ်ရင်း ချက်ခ်လက်မှတ်ကို လက်ခံရင်း စိတ်သက်သာရစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ လင်းရီကို သူမနှင့်အတူ ခေါ်

လာခဲ့၍ တော်သေး၏။ မဟုတ်ပါက သူမ၏ ကိုယ်ပိုင် အရည်အချက်းများနှင့် ဆိုပါက ပိုက်ဆံရရန် မဆိုထားဘိ၊ လီချင်းဖုန်းနှင့် စကားပြောခွင့်ရလိမ့်မည်တောင်မဟုတ်ချေ။

ချောင်ကျင်းချိုး ထွက်သွားသည့် လူအုပ်ကြီး ကို တိတ်တဆိတ် ငေးကြည့်ရင်း သူမစိတ်ထဲ တွင်တော့ တွက်ချက်မှုများကို တိတ်တဆိတ် ပြုလုပ်နေသည်။

ဝမ်ရင်းဆိုသည့် အမျိုးသမီးမှ ထိုလူငယ်ကို ထောက်ပံ့ပေးနေခြင်း မဖြစ်နိုင်။ ထိုလူငယ် ကသာလျှင် ဝမ်ရင်းကို ထောက်ပံ့ပေးနေခြင်း ဖြစ်တန်တူသည်။

'ဟမ့် အိုကြီးအိုမတွေက တယ်လည်းစွံထွက် နေပါရောလား...'

"ဒါရိုက်တာချောင်..ဖြစ်နိုင်ရင် ကျုပ်ကို တစ်ခု လောက် ပေးစမ်းပါ..."လီချင်းဖုန်း လေးနက် တည်ကြည်စွာ ပြောလိုက်၏။

"ဘာကို ကူညီရမှာ..ရှင်က ဒီလူတွေကို ကိုင်တွယ်ချင် နေသေးတာလား..."

"အမှန်ပဲ...ကျုပ် ဒီရဲ့ အရှက်ကွဲမှုကို သည်းမခံ နိုင်ဘူး.."လီချင်းဖုန်း လက်သီး ကျစ်ကျစ်ပါ အောင် ဆုပ်လျက် ခေါင်းတဆတ်ဆတ် တုန် ခါပြီး ပြောလိုက်၏။

"လျိုချန်းနဲ့ ယောင်တုန်းလိုင်က ခေတ့်ကောင် တွေ မဟုတ်ဘူးဆိုပေမယ့် ကျိုးဟိုင်မှာ သူ တို့ကို တွယ်ရဲတဲ့သူတွေ ရှိတယ်... ကျုပ် ငွေ တစ်ချို့ပေးပြီးတော့ သူတို့ကို ကိုင်တွယ် ခိုင်းလိုက်မယ်..ဒါရိုက်တာချောင်ဘက်က နေ

ပြီးတော့ ချောင်ရန်အုပ်စုကို မီဒီယာကနေ တစ်ဆင့် ဖိအားလေး နည်းနည်းလောက်ပေး ပေးရုံပဲ...သူတို့ကျုပ်ကို စော်ကားတဲ့ အကျိုးဆက်ကို သိစေရမယ်... ကူညီပေးနိုင် မလားဗျ"

ချောင်ကျင်းချိုး ပခုံးတွန့်လိုက်ပြီး " ကျွန်မ ကတော့ အဲ့တာတွေတွေ စိတ်မဝင်စား ဘူး..ပိုက်ဆံသာ ပေးနေသရွေ့ကတော့ ဘယ်လို စီးပွားရေးကိစ္စမျိုးမဆို လက်ခံ တယ်...."

"အဲ့လိုဆို ကျုပ် ဒါရိုက်တာချောင်ကို နောက်မှ ပြန်ဆက်သွယ်လိုက်ပါ့မယ်....ပြီး တော့ PR အတွက် ငွေကြေးကိစ္စကိုလည်း

စိတ်မပူနဲ့..ဒါရိုက်တာချောင် စိတ်ကျေနပ်စေရမယ်လို့ အာမခံရဲတယ်....."

"အဲ့လိုဆို အတည်ဖြစ်သွားပြီ..ကျွန်မမှာ လုပ်စရာလေးတွေ ရှိလို့ ခုတော့ ခွင့်ပြုပါဦး..."

"ဟုတ်ကဲ့ ဖြည်းဖြည်းသွားပါ ဒါရိုက်တာချောင်..."

ထိုသို့ပြောပြီးနောက် ချောင်ကျင်းချိုး သူမ၏ လက်ကိုင်အိတ်ကိုလွယ်လျက် ရုံးခန်းထဲမှ ကျော့မော့စွာ ထွက်လာခဲ့လိုက်၏။

ကုမ္ပဏီမှ ထွက်လာခဲ့ပြီးနောက် ချောင်ကျင်းချိုး အိမ်သို့ တန်းမပြန်သေးချေ။ ပန်နီဆူလာ ဟိုတယ်၌ ငွေကြေးရင်းနှီးမြုပ်နှံမှု ကိစ္စနှင့် စပ်လျဉ်း၍ စာချုပ်ကိစ္စများကို ဆွေးနွေးရန်

ကျန်ရှိနေသေးသည်။ ထို့ကြောင့် သူမ ဟိုတယ်သို့ သွားရန် ဆုံးဖြတ်လိုက်၏။

ပိုက်ဆံရပြီးနောက် လင်းရီနှင့် ဝမ်ရင်းတို့ ချောင်ရန်အုပ်စုသို့ ပြန်လာခဲ့ကြသည်။

"ရီလေး...အစ်မကို လိုက်ကူညီပေးတဲ့ အတွက် ကျေးဇူးအများကြီး တင်တယ် နော်..."

ဝမ်ရင်း ချိုသာစွာပြောလိုက်ပြီး "အစ်မ တစ်ယောက်တည်းသာ ဆိုလို့ကတော့ ကြောက်လွန်းလို့ ခြေမကိုင်မိ လက်မကိုင်မိ တွေ ဖြစ်နေတော့မှာ..."

"အသေးမွှားလေးပါ..နောက်ခါကျ အစ်မရင်း ဖြေမရှင်းနိုင်တာတွေ ရှိရင် ကျွန်တော့်ကို ဖုန်း ဆက်လိုက်... "

လင်းရီ မျက်စိတစ်ချက်မှိတ်လျက် အေးဆေး ပါဟူသည့် အထာဖြင့် ပြန်ပြောလိုက်၏။

"ဪ..ဒါနဲ့ ပိုတဲ့ ယွမ် ၃.၈ မီလီယမ်ကို အစ်မရင်းပဲ သိမ်းထားလိုက်တော့..ကုမ္ပဏီကို ဘာမှ ပြန်ပေးမနေနဲ့တော့...."

"အာ..အဲ့လိုလုပ်လို့ မဖြစ်ဘူးလေဟယ်...ဒါက ဥက္ကဋ္ဌကျိရဲ့ ပိုက်ဆံတွေကို အစ်မက ဘယ်လို လုပ်ပြီး သိမ်းထားလို့ ဖြစ်မှာလဲလို့.."

"ဒီတိုင်း သုံးလေးမီလီယမ်လောက်လေး ကို..အစ်မရင်း ပြောသလောက်ကြီးလည်း များမနေပါဘူးဗျ..."

"မရဘူး..စည်းကမ်းက စည်းကမ်းပဲ..အဲ့လို လုပ်လို့ မဖြစ်ဘူး..."ဝမ်ရင်း ပြောလိုက်ပြီး "ပြီးတော့ အစ်မရင်းခုရောက်နေတဲ့ ဘဝကို

ကျေနပ်နေပြီးသားပဲ..အစ်မရင်းနဲ့ မသက်ဆိုင်တဲ့ ပိုင်ဆံတွေကို ယူပြီးတော့ တစ်သက်လုံး လိပ်ပြာမလုံသလိုကြီး ခံစားနေရမှာကို မကြိုက်ဘူး.."

"ကောင်းပြီလေ သဘောပဲ..အစ်မရင်း ကြိုက်သလိုသာလုပ်.."

"မောင်လေးရီကကော..ဒီည ဘာလုပ်ဖို့ အစီစဉ်တွေ ရှိလဲ.."ဝမ်ရင်း မေးလိုက်ပြီး "အစ်မအိမ်ပြောင်းပြီးတာတောင်မှ မောင်လေးရီက တစ်ခါမှလာမလည်သေးဘူးနော်....ဒီည အစ်မဆီ လာလည်ရင်ကော..."

"အင်း ကောင်းသားပဲ..ကျွန်တော်လည်း အစ်မရင်းရဲ့ ဟင်းချက်လက်ရာကို မစားရတာတောင်မှ အတော်လေးကြာနေပြီ..."

"အဲ့တာဆို ဆက်ဆက်လာခဲ့ရမယ်နော်..."

နှစ်ယောက်သား စကားအနည်းငယ် ပြောပြီးနောက် လင်းရိ မောင်းထွက်လာခဲ့လိုက်သည်။ ညနေတစ်နာရီ ထိုးသည့်အချိန်တွင်တော့ အော်ဒါခုနစ်ခု ပြီးမြောက်သွားပြီး ၁၁၀ ကီလိုမီတာထိအောင် မောင်းနှင်ထားပြီးဖြစ်၏။

ထို့နောက် လင်းရိ ပန်နီဆူလာ ဟိုတယ်သို့ မောင်းလာခဲ့လိုက်သည်။ သို့သော်လည်း ဝမ်ထျန်းလုံကတော့ ရှိမနေခဲ့။ခန်းမ မန်နေဂျာနှင့် ညှော်ကြို ကောင်မလေးတို့ကသာ သူ့ကို ကြိုဆို နှုတ်ဆက်လာလေသည်။

"ရတယ် ..မင်းတို့ လုပ်စရာရှိသာတာ လုပ်..."လင်းရိ လက်ကိုဝှေ့ယမ်းလိုက်ပြီး "ငါ

ဒုတိယထပ်မှာ တစ်ခုခု သွားစားလိုက်ဦးမယ်..."

"ဟုတ်ကဲ့ပါရှင့်..ဘော့စ် တစ်ခုခုလိုရင် ကျွန်မတို့ကို ခေါ်လိုက်နော်..."

"အင်း.."လင်းရီ ခေါင်းညိမ့်လိုက်သည်။

အကယ်၍ ဝမ်ထျန်းလုံသာ ရှိနေပါက ဒုတိယထပ် တစ်ခုလုံးကို ရှင်းလိုက်ရမည်လောဟု မေးလာခဲ့ပေမည်။

လင်းရီမှ ခွင့်ပြုလိမ့်မည် မဟုတ်မှန်း သူသိသော်လည်း နှုတ်မှ အပြုသဘောဖြင့်တော့ ပြောဖြင်းဖြစ်၏။ယင်းကလည်း ဖိနပ်လျက်ခြင်း အနုပညာထဲရှိ အနှစ်သာရတစ်ခုပင်။

ဒုတိယထပ်တွင်တော့ လင်းရီ ထောင့်တစ်နေရာတွင် ထိုင်ချလိုက်ပြီး ဟင်းပွဲတစ်ချို့မှာယူကာ စားသောက်ရန် ဟန်ပြင်လိုက်၏။

စာချုပ်ကိစ္စ အဆင်ပြေ မပြေ မသိသော်လည်း သူ၏ အစာအိမ် ပြည့်ဖို့ကတော့ ပထမ ဦးစားပေးပင်။

"ဒါရိုက်တာလင်း..."

လင်းရီ ပလုပ်ပလောင်းဖြင့် စားသောက်နေစဉ် ရင်းနှီးနေသည့် အသံတစ်သံကို ကြားလိုက်ရ၏။ လှည့်ကြည့်လိုက်သည့်အချိန်တွင်တော့ ချောင်ကျင်းချိုးမှ သူ့ကို တအံ့တသြဖြင့် ကြည့်နေကြောင်း မြင်တွေ့လိုက်ရသည်။

"တကယ်ကြီး မစ္စတာလင်းပဲ..."ချောင်းကျင်းချိုး ပြုံးလိုက်ပြီး "ကျွန်မတို့ မနက်ပိုင်းလေးတင် တွေ့ခဲ့ကြတာကို ခုလည်း ဒီမှာ ဆုံကြပြန်ပြီနော်..ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ..."

"ကျုပ်က ဘာလို့ မိန်းကလေးချောင်ရဲ့ စကားလုံးနောက်မှာ ကွယ်ဝှက်ထားတဲ့ အဓိပ္ပာယ်တွေ ရှိနေတယ်လို့ ခံစားနေရပါလိမ့်..."

"မစ္စတာလင်းက ယွမ်ဆယ်သန်းကျော်ကြီးတောင် ရခဲ့တာနော်...ရှင့်ရဲ့ အကျင့်စရိုက်နဲ့ဆို ကုမ္ပဏီကို ပိုက်ဆံ အကုန်ပြန်အပ်လိုက်မယ်ဆိုတာ ကျွန်မကတော့ မယုံပေါင်..."

"မိန်းကလေးပြောတဲ့ ပုံစံက ကျုပ်ပဲ မကောင်းတဲ့ကောင်ကြီး ဖြစ်နေသလိုလို..."

"ခစ်ခစ်..တကယ်ကြီးလား..ကျွန်မကတော့ မကောင်းတဲ့ကောင်ဆိုတဲ့ စကားလုံးက နားထောင်ကောင်းတယ်လို့တော့ ထင်တာပဲ.."ချောင်ကျင်းချိုး ရယ်မောလျက် ပြောလိုက်ပြီး "တကယ်လို့ ကျွန်မကိုသာ တစ်ယောက်ယောက် မကောင်းတဲ့ကောင်မလို့ ခေါ်လာရင်လည်း ကျေကျေနပ်နပ်ကြီး လက်ခံလိုက်မှာ..."

'ငိုးပဲ..ဘယ်လိုလောဂျစ်တုန်းဟ'

လင်းရှီ သူမနှင့် စကားလေးငါးခွန်းခန့် ဖလှယ်ပြီးနောက် ချောင်ကျင်းချိုးမှာ သာမန်လူတို့၏

စဉ်းစားပုံနှင့် ကွဲပြားနေကြောင်း သိလိုက်ရသည်။

"ဘာလို့လဲ..ဥစ္စာပေါရုပ်ချောတွေမှ မကောင်းတဲ့ကောင် ဖြစ်ခွင့်ရှိတာလေ..ရှင်က ဒါကို ဂုဏ်မယူဘူးလား.."

"ကျေးဇူးပါ..ခင်များပြောမှပဲ ကျုပ်လည်း မာန်တတ်ပြီး ကော်လံတွေတောင် ထောင်ချင်သွားတယ်..."

လင်းရီ စားပွဲပေါ်ရှိ ဟင်းပွဲများကို ကြည့်လိုက်ပြီး "ကျုပ် ဟင်းပွဲတွေ အများကြီး မှာထားတယ်...ဆိုတော့ မိန်းကလေးကောထိုင်ပြီး တစ်ခါတည်း စားသွားပါဦးလား..."

"ငြင်းရမှာ အားနာပေမယ့် ကျေးဇူးပါနော်..ဒါပေမယ့် မစားတော့ဘူး.."ချောင်ကျင်းချိုး

ဆံပင်ကို နောက်သို့ သပ်လိုက်ပြီး "ကျွန်မ တစ်ယောက်ယောက်နဲ့ တွေ့စရာရှိလို့..ရှင်နဲ့ အတူထိုင်စားနေရင် မသင့်လျော်သလို ဖြစ်သွားမှာ..."

"ဘာလို့လဲ..."လင်းရီ မျက်လုံးများ မှေးကျဉ်း၍ မေးမြန်းလိုက်ပြီး "မိန်းကလေးက မကောင်းတဲ့ကောင်တွေကို အထင်မြင်သေးတယ်ဆိုတဲ့ သဘောလား..."

"မဟုတ်တာ..မစ္စတာလင်းကတော့ နားလည်မှု လွဲနေပါပြီ..ကျွန်မစကားက ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းတဲ့ သဘောလေးပါ.."

"ဟားဟား ဟုတ်ပါပြီဗျာ..ထမင်းအတူစားမယ့် အကြောင်းလေး ခဏ ဘေးချိတ်ထား

လိုက်ဦး..ဒါရိုက်တာချောင် ဒီရောက်လာတယ် ဆိုတာက လည်း တစ်ယောက်ယောက်နဲ့ ရင်းနှီးမြုပ်နှံတဲ့ ကိစ္စ လာဆွေးနွေးမလို့မလား..."

"ဟင်...မစ္စတာလင်းက ဘယ်လိုလုပ်ပြီး သိသွားတာ...."

"ခင်များနဲ့တွေ့မယ့်သူက ကျုပ်ပဲလေ....."

**အခန်း (၃၃၆)**

"ဘာ...ဘာပြောလိုက်တယ်..အဲ့ဒါဆိုရှင်က လင်းယွမ် အုပ်စုရဲ့ သူဌေးကြီး မစ္စတာ လင်းရီ ပေါ့နော်..."

"အံ့သြသွားသလား.."

"အွန်း..နည်းနည်းလေးပါ..."တခဏ ကြာပြီး နောက် ချောင်ကျင်းချိုး သူမကိုယ်သူမ စိတ်တည်ငြိမ်အောင် အသက်ပြင်းပြင်း ရှူပြုလုပ်လိုက်သည်။

ယခုတွေ့ရှိချက်ကြီးက သူမ၏ စိတ်ကို တုန်ဟီးသွားအောင် ပြုလုပ်နိုင်ခဲ့သည်ကိုတော့ ဝန်ခံရပေမည်။

သူမ အကောင်ကြီးကြီးတစ်ယောက်ကို ယခုလို ပုံစံဖြင့် တွေ့ဆုံရလိမ့်မယ်လို့ ထင်မထားခဲ့။

"ခုကော အတူထိုင်စားဖို့ သဘောတူပြီလား..."

"ဒါပေါ့ရှင်.."

"ကဲ.. ဘယ်လိုလုပ်.. ကျုပ်ကို မကောင်းတဲ့ကောင်လို့ ထင်နေသေးလား..."

"မထင်တော့ပါဘူး..မစ္စတာလင်းက ကျွန်မအမြင်မှာတော့ အတော်လေးကောင်းတဲ့ လူတစ်ယောက်လေ"

"ဟားဟား..မိန်းကလေးချောင်ရဲ့သဘောထားကလည်း EPC ထက်တောင် မြန်နေပါလားဗျ..ကျုပ်တော့ဖြင့် ရင်းနှီးမြုပ်နှံရမှာတောင် ခပ်လန့်လန့် ဖြစ်သွားပြီ... "

"ဘယ်တတ်နိုင်မှာ..ဘယ်သူက ရှင့်ကို အဲ့လောက်ထိ ချမ်းသာခိုင်းနေလို့လဲ...ကျွန်မတို့ခုလိုအပ်နေတဲ့ ရင်းနှီးငွေက ၁၄ မီလီယံ ..တကယ်လို့ မစ္စတာလင်းကသာ ဒီထက်ပိုပြီး

ရင်းနှီးပေးမယ်ဆိုရင်တော့ ပိုလို့တောင် ပြောင်းလဲသွားနိုင်တယ်နော... "

ချောင်ကျင်းချိုး ရိသဲ့သဲ့ အပြုံးလေးဖြင့် ပြော လိုက်၏။

လင်းရီ စားပွဲခုံကို လက်ဖြင့် နှစ်ကြိမ်တောက် လိုက်ပြီး "ကျုပ် ၂၀ မီလီယမ် မြှုပ်နှံမယ်..."

"ဟမ်..မစ္စတာလင်းက အကြောင်းပြချက်မရှိ ပဲနဲ့ ၆ မီလီယမ်တောင် တိုးပြီး ရင်းနှီးလိုက် တယ်ဆိုတော့ ကျွန်မကို ဟပ်ထိအောင် များ လုပ်နေသလားပဲ ..မစ္စတာလင်း..ရှင်က အရမ်းဆိုးတာပဲ..."

"ရှယ်ယာ ၃၆% လိုချင်တယ်..."

ချောင်ကျင်းချိုး၏ အမူအရာများ အေးခဲ့သွားခဲ့ပြီး လင်းရိကို တစ်ဖန်ပြန်၍ အကဲခတ်လိုက်သည်။ လင်းရိမှ ထိုသို့ ပြောလာလိမ့်မည်လို့ သူမ မျှော်လင့်မထားခဲ့ချေ။

"ရှယ်ယာ တန်ဖိုးအရဆိုရင် ၂၀ မီလီယမ်က ရှယ်ယာ ၃၂% ပဲရမှာ..."

"ဒါပေမယ့်..ဒါက ကနေဦး ရင်းနှီး မြှုပ်နှံမှုပဲ ရှိသေးတယ်..နောက် အဆက်ပြေရင် ကျုပ်တို့ စီးရီးအေနဲ့ စီးရီးဘီ ရင်းနှီးမြှုပ်နှံမှုတွေပါ ဆက်လာခဲ့မှာ..."လင်းရိ ရောမ ကဏန်းလက်မကြီးကို ဆွဲဖြုတ်လိုက်ပြီး "တခြား ကုမ္ပဏီတွေ ဒီလောက် မပေးနိုင်ဘူး ဆိုတာကျုပ်အာမခံရဲတယ်....ဒါကြောင့်မို့

ဒါရိုက်တာချောင် သေချာလေး စဉ်းစားသင့်တယ်နော.."

"အဲ့တာကတော့ အမှန်ပါပဲ..ကုမ္ပဏီ အများစုကမ်းလှမ်းနိုင်တဲ့ ပမာဏက အာဏာကုန် ၁၄ မီလီယမ်ပေါ့..မစ္စတာလင်းက နောက်ထပ် ၆ မီလီယမ်တောင် တိုးပြီး ရင်းနှီးပေးမယ်ဆိုတော့ နောက်ကွယ်မှာ အကြောင်းရင်းတချို့များ ရှိနေလို့လား..."

ချောင်ကျင်းချိုး၏ စီးပွားရေးအမြော်အမြင်ကြီးမှုတို့က လင်းရီကိုအံ့အားသင့်သွားစေခဲ့သည်။

သာမန်လူသာဆိုပါက မျှော်မှန်းထားသည်ထက် ပိုရသည်နှင့် ဝမ်းပန်းတသာဖြစ်ကာ တောင်းဆိုသမျှ သဘောတူလိုက်ပေမည်။

ယင်းက ချောင်ရှန့်ယွီနှင့် သူမကို ဆီနှင့်ရေကဲ့သို့ ကွဲပြားသွားစေခဲ့သည်။

"တကယ်လို့ ကျုပ်က ဒါရိုက်တာချောင်ရဲ့ ကုမ္ပဏီ အလားအလာကို မြင်လို့ ဒီလိုလုပ်တယ်လို့ပြောရင် ဒါရိုက်တာချောင်က ကျုပ်ကို လျှောက်ပြောနေတယ်လို့ ထင်နေလိမ့်မယ်..."လင်းရှီ ခဏရပ်တန့်လိုက်ပြီး "ဒါပေမယ့် တကယ်လို့ ကျုပ်ကသာ မိန်းကလေးချောင်ရဲ့ တင်တွေ ရင်တွေကို ကြည့်ပြီး ပြောရင်တော့ ဒါရိုက်တာချောင်က ကျုပ်ကို နှာမှီးတောက်ပြီး ပြောတယ်လို့ ထင်ဦးမယ်...ဒီတော့ ကျုပ် ၂၀ မီလီယမ် ရင်းနှီးဖို့ ယာထားတာကို ဖျက်လိုက်ပြီ..နဂိုအစီအစဉ်အတိုင်း ၁၄ မီလီယမ်ပဲ သွားကြတာပေါ့..."

ထိုအခိုက်အတန့်တွင်တော့ လင်းရီ မည်သို့ပင် ဖြေစေကာမူ ချောင်ကျင်းချိုး၏ ထောင်ချောက်ထဲသို့ ရောက်သွားလိမ့်မည်။

ထို့ကြောင့် သူ အဖြေကို တိုက်ရိုက် မဖြေလိုက်ပဲ ဝေ့ဝိုက်ကာ ဇဝေဇဝါ ဖြစ်အောင် လုပ်လိုက်၏။

လင်းရီဖြေသွားသည့် စကားလုံးများက ချောင်ကျင်းချိုးကို ဒွိဟ ဖြစ်သွားစေခဲ့ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားစေခဲ့သည်။

"လင်းယွမ်အုပ်စုက ချမ်းသာမှန်း ကျွန်မသိတယ်..ဒါပေမယ့် ကျွန်မသိသလောက် ဆိုရင်တော့ ငွေကြေး ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာပြီဆိုရင် ကုမ္ပဏီတွေရဲ့ အလားအလာကို သေချာစိစစ်ပြီးတော့မှ ရင်းနှီးမြှုပ်နှံကြတာ

မဟုတ်ဘူးလား ...ဒါပေမယ့် မစ္စတာလင်းက ဘာလို့ အရမ်းပဲ သာမန်လျှံကာ ပြုမူနေလဲဆို တာကျွန်မ နားမလည်ဘူး..."

"လင်းယွမ်အုပ်စုက သောက်ရမ်းချမ်းသာနေ ပြီးသားလေ..ကျုပ်တို့က ဒီယွမ် ငွေ ၆ မီလီ ယမ်လောက်ကို ဂရုစိုက်မယ်လို့ ထင်လား.."

"ဒါပေါ့..."ချောင်ကျင်းချိုး ပြောလိုက်ပြီး "တကယ်လို့ ဒါရိုက်တာလင်းကသာ စိတ် မဝင်စားဘူးဆိုရင် အလုပ်မအားတဲ့ကြားက ဘာလို့ တကူးတကလာပြီး တွေ့မှာလဲ မဟုတ်ဘူးလား..."

"ကျုပ်က ဒီမှာ ထမင်းလာစားတာ..ပြီးတော့ တိုက်ဆိုင်တာနဲ့ပဲ ဒါရိုက်တာချောင်ကို ဒီမှာ တွေ့ဖို့ ခေါ်လိုက်တာ....ပြဿနာရှိလို့လား..."

"အဲ့ဒါဆို ဘာလို့ ဒီမှာ တွေ့ဖို့ လာပြောတာလဲ...ရှင့်ဘက်က အလေးနက်ထားလို့ပဲ မဟုတ်ဘူးလား... "

"ပန်နီဆူလာ ဟိုတယ်ကလည်း ကျုပ်ရဲ့ စီးပွားရေးလုပ်ငန်းတွေထဲက တစ်ခုပဲလေ...ဒီမှာစားတာ တစ်ပြားမှ ပေးစရာမလိုဘူး.."

ချောင်ကျင်းချိုး :"....."

သူမ အပေါ်ယံတွင် တည်ငြိမ်ဟန်ဆောင်နေသော်လည်း စိတ်ထဲတွင် အကြီးအကျယ် တုန်လှုပ်နေသည်ကိုေတာ့ ဝန်ခံရမည်။ ပန်နီဆူလာဟိုတယ်မှာ လင်းရီ၏ ပိုင်ဆိုင်မှု ဖြစ်နေလိမ့်မည်လို့ ထင်မှတ်မထားခဲ့ပေ။

ဖြစ်နိုင်သည်ကတော့ ပန်နီဆူလာ ဟိုတယ်ပင် လျှင် သူ၏ အသေးစား စီးပွားရေးလုပ်ငန်း များထဲမှ တစ်ခုလေးသာ ဖြစ်လောက်ပြီး အခြားနယ်ပယ်များတွင်လည်း လင်းယွမ်၏ စီးပွားရေးလုပ်ငန်းများ မနည်းမနော ကျန်ရှိ နေလောက်သေး၏။

"သဘာတူတယ်...၂၀ မီလီယမ်နဲ့ ရှယ်ယာ ၃၆%"

"အိုကေ..အဲ့လိုဆို စာချုပ်ချုပ်ကြစို့..."

မကြာမီ နှစ်ယောက်သား စာချုပ်ပေါ်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။ ဤသည် ကတော့ လင်းရီ၏ ပထမခြေလှမ်းဖြစ်သည့် ချောင်ကျင်းချိုးနှင့် ပတ်သက်မှုတစ်ခု တည်ဆောက်ခြင်းပင်။ နောက်ခြေလှမ်းတစ်

ခုကတော့ Cisco ၏ အရေးကိစ္စများတွင် သူ့အား ဝင်ပြီး မနှောင့်ယှက်စေရန် ဖြစ်၏။

သို့သော်လည်း လက်ရှိအခြေနေအရတော့ ချောင်ကျင်းချိုးမှာ Cisco ၏ စီးပွားရေးလုပ်ငန်းများကို စိတ်မဝင်စားသည့်ဟန်ပင်။ မဟုတ်ပါက Cisco ၏ အနေအထားနှင့်တို လျှင် ယွမ် မီလီယမ် အနည်းငယ်လောက်လေးကို ထည့်စဉ်းစားနေလိမ့်မည်မဟုတ် ချေ။

"ဒါရိုက်တာလင်း..ရှင်တို့ဘက်က အတည်ပြုဆွေးနွေးဖို့ လူကို ဘယ်အချိန်လောက်လွှတ်လိုက်မလဲ..."

ချောင်ကျင်းချိုး မေးလိုက်၏။

ရင်းနှီးမြုပ်နှံမှု နယ်ပယ်တွင် ယခုလို သဘောတူညီမှု ပြုလုပ်ပြီးနောက် တစ်ယောက်တစ်ယောက်ကို စေလွှတ်ပြီး သဘောတူညီကြောင်း အတည်ပြုခိုင်းရသည်။ သို့သော်လည်း ဟန်ပြသက်သက်သာဖြစ်ပြီး များစွာသော လုပ်ပိုင်ခွင့်တို့တော့ မရှိချေ။

"ကျုပ် ဘယ်သူ့ကိုမှ မပို့တော့ဘူး..ဒါရိုက်တာချောင်ကို ယုံပြီးသားပါ..."

"ဟမ်..ကျွန်မတို့က ခုမှ တစ်ခေါက်ပဲ တွေ့ရသေးတာကို ယုံနေပြီပေါ့..."

"ဒါရိုက်တာချောင်က လီချင်းဖုန်းလို သောက်ရူးရဲ့ နာမည်ဆိုးကိုတောင် ဖျက်နိုင်သေးမှ

တော့ မယုံကြည်စရာ ဘာအကြောင်းရှိလို့လဲ..."

လင်းရီမှ ပြောလိုက်သည်။

"ဒါပေမယ့် စာချုပ်ထဲမှာ ထည့်မယ့် ပလန်တွေရဲ့ မီဒီယာနယ်ပယ်ထဲမှာ ဘယ်ဘက်ကို ဦးတည်ရင် ကောင်းမလဲဆိုတာ မစ္စတာလင်းမှာ ထောက်ပြစရာလေးများ ရှိလား မသိဘူး... "

"မီဒီယာနယ်ပယ်ကလား..လွယ်ပါတယ်.."လင်းရီ ပျော့ပြောင်းသည့် လေသံဖြင့် "အချောအလှလေးတွေရင် လက်မှတ်ထိုးထားလိုက်..ဒါပေမယ့် ၁၈ နှစ်တော့ ကျော်ပါစေပေါ့ကွာ..မဟုတ်ရင် ဂျေးအောင်းနေရမယ်."

"မစ္စတာလင်း ဆိုလိုချင်နေတာကို သဘောပေါက်ပြီ..."ချောင်ကျင်းချိုး အပြုံးလေးဖြင့် ပြောလိုက်ပြီး "မစ္စတာလင်းက ဒီကနေ့ တအားတွေ ရက်ရောနေတယ် ဆိုတော့ ကျွန်မလည်း တစ်ခု ကူညီပေးလိုက်မယ်.."

"ဘာကူညီမှာ..."

"ရှင်ဒီနေ့ လီချင်းဖုန်းနား ငွေညစ်ခဲ့တယ်လေ.... အဲ့ မျိုးမစစ်အိုကြီးက ရှင့်ကို သိပ်ကျေနပ်ပုံရဘူး..ပြီးတော့ ရှင်တို့ကို သင်ခန်းစာပေးဖို့ဆိုပြီးတော့ လူတွေလည်း လိုက်ရှာနေသေးတယ်.."

"ဟမ်...အဲ့ကောင် ဦးနှောက်ကို ခွေးများ တက်နိုးသွားလား...."

"ဘယ်သိမှာ.."

"ကောင်းပြီ..ကျေးဇူးပဲ..အဲ့ကိစ္စကတော့ ကျုပ်ဘာကျုပ် ကိုင်တွယ်လိုက်မယ်..."

ကလင် ကလင် ကလင် ..

ထိုအချိန်တွင် ချောင်ကျင်းဖုန်းသံ မြည်လာခဲ့ပြီး သူမ ပုံမှန်လေးပဲ ဖုန်းကိုင်လိုက်၏။

"သမီးလည်း အဲ့အကြောင်းကို စဉ်းစားနေတာ..အဲ့ကိစ္စ နောက်မှ ပြောကြမယ်..."

"အိမ်မှာ အစ်ကိုကြီး ရှိတယ်မဟုတ်ဘူးလား...သူ့ကို ကိုင်တွယ်ခိုင်းလိုက်လေ..ကျွန်မက မိန်းကလေးဆိုတော့ ပါဝင်မပတ်သက်ချင်ဘူး.."

"အင်း...အင်း အင်း..နောက်မှ ဆက်ပြောကြ တာပေါ့..ခု အလုပ်ကိစ္စ ဆွေးနွေးနေ လို့..."ချောင်ကျင်းချိုး ပြောပြီးနောက် ဖုန်း တန်းချလိုက်၏။

ဖုန်းပြောသည်မှာ အချိန်တခဏလေးသာ ကြာမြင့်သော်လည်း သူမ၏ စကားလုံးများ ထဲမှ လင်းရီ အသုံးဝင်သည့် သတင်း အချက်အလက် အများအပြားကို ရရှိလိုက် သည်။

ဖုန်းခေါ်ဆိုလာသည့် သူမှာတော့ သူမ၏ ဖခင် ချောင်ကျားတုံး ဖြစ်လောက်၏။ သူ၏ လေသံအရဆိုပါက ချောင်ကျင်းချိုးကို အိမ် ပြန်ခေါ် ပြီး သူ၏ လုပ်ငန်းများကို ဦးစီးစေ ချင်နေသည့်ပုံပင်။

သို့သော်လည်း ချောင်ကျင်းချိုးတွက်တော့ သူ့ဖခင်၏ ကြိုးဆွဲရာကဖို့ ရည်ရွယ်ချက်မရှိချေ။

လင်းရီ ချောင်ရှန့်ယွီအတွက် တိတ်တဆိတ်ဝမ်းနည်းပေးလိုက်သည်။ ငနဲမှာ ကြိုးစားပမ်းစားနှင့် သက်သေပြရန်အကောင်းဆုံး ကြိုးစားနေသော်လည်းသူ၏ ဖခင်မှာတော့ သူ့ကို နဂိုပတည်းကနေ ပထုတ်ပြီးသားဖြစ်၏။

"ဘာလဲဖြစ်တာ..မျက်နှာ အမူအရာလည်း မကောင်းပါလား..."

လင်းရီ သာမန်အတိုင်း မေးမြန်းလိုက်၏။

"ဟူး...ဒီတိုင်း အိမ်က ကိစ္စလေး ပါ..ကျွန်မတော့ဖြင့်အဲ့အကြောင်းတွေးလိုက် တိုင်း ခေါင်းပါကိုက်တယ်..."

"ဘာလဲဖြစ်လို့.. ဒါရိုက်တာချောင်ရဲ့ အစ်ကို ကြီး အိမ်ဝယ်ဖို့ ပိုက်ဆံ မလောက်လို့တဲ့ လား..."

"ဘယ်နားကသာ..ကျွန်မတို့ မိသားစုရဲ့ အခြေ နေနဲ့ဆိုရင် အိမ်တစ်လုံး ဝယ်ဖို့အတွက် လောက်နဲ့တော့ ပူနေစရာတောင်မလိုဘူး.. "

ချောင်ကျင်းချိုး ကော်ဖီတစ်ငုံသောက်လိုက် ပြီး "ဒီတိုင်း အသေးမွှားပြဿနာလေး ပါ..အဖေက မအားတာနဲ့ ကျွန်မကို ကူညီပြီး ဖြေရှင်းစေချင်နေတာ ."

"အဲ့လောက်ဆိုရင် မိသားစုကြီး ကိစ္စနေမှာ.."

"ဒီတိုင်း ပါမွှားလေးပါရှင်.."ချောင်ကျင်းချိုးမှ လင်းရီအား များများစားစား မပြောပြခဲ့ပေ။ "အိမ်မှာ လုပ်စရာလေးတွေ ရှိလို့ အရင်သွားလိုက်ပါဦးမယ်..ခွင့်ပြုပါဦး..."

"အိုကေ..."

ချောင်ကျင်းချိုး ထွက်သွားပြီးနောက် လင်းရီ လက်ကျန် စားစရာများကို တိတ်တဆိတ်စား သောက်နေခဲ့သည်။

သူမ နောက်ဆုံးပြောခဲ့သည့် စကားလုံးများကို ဆင်ခြင်ကြည့်ပါက သတင်းအချက်အလက် အများကြီးကို ရရှိနိုင်လေသည်။

သူမမှာ မှီခိုမှုကင်းသည့် အမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း မိသားစုမှာ

လုံးလုံးလျားလျား ခွဲထွက်ထားနိုင်သည်တော့ မဟုတ်ပေ။ ထိုသို့ဆိုလျှင် အနာဂတ်၌ သူ၏ ခြေလှမ်းများကို ဂရုစိုက်ရပေလိမ့်မည်။

ကလင် ကလင် ကလင်

ထိုအချိန်တွက် လင်းရီ၏ ဖုန်းသံ မြည်လာခဲ့ပြီး ရှန်းထျန်းကျိုးထံမှ ခေါ်ဆိုလာခဲ့ခြင်းပင်။

"ဒါရိုက်တာရှန်း ဒီချိန်ဆို US မှာ မနက်နှစ်နာရီ ထိုးလောက်ရောပေါ့.ဘာကိစ္စများ ရှိလို့ ဖုန်းခေါ်လိုက်ပါလိမ့်..."

"ပရိုဂရမ်မာတွေမှာက ပုံမှန်အိပ်ချိန် မရှိဘူးလေကွာ..."ရှန်းထျန်းကျိုး စနေယက်သလို လေသံဖြင့် ပြောလိုက်၏။

"အဲ့လိုဆိုရင်တော့ ဒါရိုက်တာရှန်းက ပရိုဂရမ် မာကောင်းတော့ မဟုတ်လောက်ဘူး..ဘာလို့ လဲဆိုတော့ ခင်များဆံပင်တွေက သန့်စွမ်းနေ တုန်းမို့လို့လေ..."

"ဟားဟား..မင်းနဲ့စကားပြောရတာ တကယ် ရယ်ရတယ်...."ရှန်းထျန်းကျိုး ရယ်မောလိုက် ပြီး "ငါခုလေးတင် အလုပ်ပြီးတာ...ပျင်းတာနဲ့ မစ္စတာလင်းဆီ ဖုန်းခေါ်ကြည့်လိုက်တာ... "

"ခင်များက ဘယ်ချိန်လာမှာ..ကျုပ်လာကြို ပေးမယ်...."လင်းရီ အပြုံးလေးဖြင့် ပြော လိုက်၏။

"မင်းဆီကနေတော့ ဘာမှ ဖုံးကွယ်ထားလို့ မ ရဘူးပဲကွ..."ရှန်းထျန်းကျိုး ပြောလိုက်ပြီး "ငါ ဆုံးဖြတ်ပြီးသား...နောက်ရက်အနည်းငယ်

လောက်ဆိုရင် ပြန်လာတော့မှာ မင်းသာ ပိုက်ဆံ အသင့်ပြင်ထားလိုက်တော့...ပရော ဂျက် အကြီးကြီး လာတော့မှာ..."

**အခန်း (၃၃၇)**

"ကောင်းတာပေါ့..."

လင်းရီ သက်ပြင်းမောကြီးတစ်ချက် ချ လိုက်၏။ နောက်ဆုံးတော့ အချိန်အခါ ကျ ရောက်လို့ လာချေပြီ။

"ဘယ်ချိန်လောက် ပြန်လာမှာ..."

"အချိန်အတိအကျတော့ မပြောပြနိုင်သေးဘူး...ငါ့အသင်းကလူတွေကိုလည်း မေးကြည့်ရမှာ..."

"ဒါပေမယ့် ဘာမှတော့ စိတ်မပူနဲ့ ငါ့ဘက်က တတ်နိုင်သမျှ မြန်မြန်ပြန်လာခဲ့မယ်....."

"လီတိုဂရပ်ဖီစက်က အရမ်းကို ရှုပ်ထွေးတဲ့ နည်းပညာတွေနဲ့ တည်ဆောက်ထားတာ..ခင်များ အသုံးချလို့ရမယ့် အဆက်အသွယ်တွေပါ အပြီးခေါ်ခဲ့ရင် ပိုကောင်းမယ်...အဲ့လိုသာဆိုရင် ကျုပ်တို့ တစ်ဝက်လောက် အားစိုက်ထုတ်တာနဲ့ နှစ်ဆလောက် ရှေ့ကို တာသွားတော့မှာ..."

"ကောင်းပြီ..ကျုပ် ဘက်က ဘာမှတော့ ဝင်မစွက်တော့ဘူး..ပြန်လာတော့မယ့် အချိန်

နီးကပ်ရင်သာ ဖုန်းဆက်လိုက်...ကျုပ် ဒါရိုက်တာရှန်းကို လာကြိုပေးမယ်..."

"ငါ့ကို ဒါရိုက်တာရှန်းလို့ ခေါ်နေတာရပ်လိုက်တော့ဟ..ငါကတောင်ဥက္ကဌလင်းလို့ ပြန်ခေါ်ရဦးမှာ ဟား... "

"ဟားဟား..မခံယူဝံ့ပါဘူးဗျာ..."လင်းရီ ရယ်မောလိုက်၏။

"ကောင်းပြီ အဲ့ဒါဆို ဖုန်းချလိုက်တော့မယ်..မနှောင့်ယှက်တော့ဘူး..ပြန်ရောက်မှပဲ လက်ဖက်ရည်ဝိုင်းလေး လုပ်ကြတာပေါ့ဗျာ.."

"ပြဿနာမရှိဘူး..."

ဖုန်းချပြီးနောက် လင်းရီ သူ၏ ကျောကို ဆန့်လိုက်ပြီး လန်းဆန်းတက်ကြွသည့် ခံစားချက်ကို ရရှိလိုက်၏။

ရှန်းထျန်းကျိုး ပြန်ရောက်လာတော့မည် ဖြစ်သောကြောင့် သူနေရာထိုင်ခင်း ကြိုပြင်ဆင်ထားရပေမည်။ သူကျန်သူများကို လျစ်လျူရှု၍ ရသော်လည်း ရှန်ထျန်းကျိုးကိုတော့ ပစ်ထားလို့ မဖြစ်ပေ။

သို့သော်လည်း လင်းရီ အလျင်မလိုခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ရှန်းထျန်းကျိုး၏ လေသံအရ ရက်အနည်းငယ်ခန့် ကြာမြင့်ဦးမည်ဟု သူအာရုံရနေသောကြောင့်ပင်။

မည်သို့ပင်ဆိုစေ လက်ရှိသူလည်း လက်ရှိ Didi မောင်းနေလေသည်။ သွားရင်းလာရင်း

ဖြင့် သင့်တော်သည့် နေအိမ်များကို ကြည့်သွား၍လည်း အဆင်ပြေသည်။

စားပြီးသည့် အချိန်တွင်တော့ လင်းရီ Didi အော်ဒါများကို ဆက်လက် လက်ခံလိုက်သည်။

ညနေ လေးနာရီခွဲသည့် အချိန်တွင်တော့ ကျီချင်းရန်ကို ကြိုရန် ချောင်ရန် အုပ်စုသို့ မောင်းလာခဲ့လိုက်သည်။

"ရီလေး..နင်အစောကြီး ရောက်လာတယ်ပေါ့..."

လင်းရီ ကားပါကင် ထိုးပြီးခါရှိသေး ဝမ်ရင်းခါတ်လှေကားထဲမှ ထွက်လာသည်ကို တွေ့လိုက်ရ၏။

သူမ၏ ဟန်ပန်အမူအရာကို ကြည့်ရသည်မှာတော့ အတော်လေး စိတ်ပျော်ရွှင်နေသည့်ပုံပင်။

"အစ်မရင်းပဲ ကျွန်တော်ကို ဒီည လိုက်လည်ဖို့ ပြောထားတယ်မလား..ကျွန်တေယ်ခု အစ်မရင်းကို လာကြိုတာလေ..."

"ရီလေးကတော့ ကြားကောင်းအောင် လျှောက်ပြောနေပြန်ပြီ.."ဝမ်ရင်း အပြုံးလေးဖြင့် ပြောလိုက်ပြီး "နင် ဒီကို ဥက္ကဌကျိုကို လာကြိုတယ်ဆိုတာ သိသားပဲ....သူ့ကို သွားပို့ပြီးရင် အစ်မဆီ လာခဲ့ဖို့ မမေ့နဲ့နော်...မောင်လေးရီအတွက် အရသာရှိတာလေးတွေ ပြင်ထားပေးမယ်...."

"ကောင်းပါပြီဗျာ..အဲ့လိုဆို အိမ်မှာ စောင့်နေလိုက်တော့..."

"အွန်း သွားတော့မယ်..စောစောလေး လာခဲ့ဖို့လည်း မေ့မနေနဲ့ဦး..."

"အို ကေ ပါ..."

လင်းရီ ဝမ်ရင်း ကားမောင်းထွက်သွားသည်ကို ကြည့်ရင်း မေးပွတ်၍ တိတ်တဆိတ်စဉ်းစားနေမိသည်။

'အစ်မရင်းလို မိန်းကလေးမျိုးနဲ့သာ အတူနေရလို့ကတော့ ပင်ပန်းမှာမဟုတ်တော့ဘူး..

ဘယ်လိုချိန် ဘယ်လိုလုပ်ပေးရမလဲ ဆိုတာကောင်းကောင်းသိတယ်...

ဒါကြောင့်မလို့လည်း ချင်းဟာန်က မိန်းမငယ်လေးတွေက ရင့်ကျက်တဲ့ အမျိုးသမီးတွေကပိုကောင်းတယ်လို့ ပြေ တာကိုးကွ...'

ဝမ်ရင်းထွက်ခွာပြီးနောက် မကြာမီ ကျီချင်းရန်မှ စာရွက်စာတမ်း တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ဓာတ်လှေကားထဲမှ ထွက်လာခဲ့၏။ သူမကြည့်ရသည်မှာ အတော်လေး အခက်တွေ့နေဟန်ပင်။

လင်းရီ ကားထဲမှ ထွက်ပြီး သူမထံမှစာရွက်စာတမ်းများကို ကူသယ်ပေးလိုက်၏။

"ဒါတွေက ဘာတွေလဲဟ..."

"မကြာခင် လေလံဆွဲတော့မယ့် မြေတစ်ကွက်ရှိတယ်..အဲ့ဒီမြေက ချောင်ရန်အုပ်စုရဲ့ပရောဂျက်အတွက် အရမ်းအရေးကြီးတယ်..ငါ

တို့ ပိုပြီး အလေးနက်ထားမှုဖြစ်မှာ.." ကျိချင်းရန် လင်းရိုကို ခါးသီးစွာ ကြည့်၍ ပြောလိုက်ပြီး

"ပြီးတော့ နင်က ငါ့ကို ကုမ္ပဏီမှာလည်း အချိန်ပိုက မဆင်းခိုင်းစဘူးလေ..မဟုတ်ရင် ငါ ဒါတွေကို အိမ်သယ်သွားမှာတောင် မဟုတ်ဘူး..."

"မဆိုးဘူး..အရမ်းနာခံ တတ်တယ်..လာပါဦး ဆုချတဲ့အနေနဲ့ မွှေးမွှေးပေးချင်လို့..."

ကျိချင်းရန် ပြုံးပြီး တစ်ဖက်သို့ ရှောင်လွှဲလိုက်၏။

"မလိုပါဘူး..နင့်ကို အသားပေးယူမယ်များ မှတ်နေလား..."

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အချိန်တခဏခန့် ကလူကျီစယ်ပြီး နေယက် ကျီချင်းရန်မှာ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။

ရုံးဆင်းသည့် အချိန်ဖြစ်သောကြောင့် သူမတို့ ကားပါကင်၌ ယခုလိုလုပ်နေသည်ကို တစ်ယောက်ယောက်မြင်သွားပါက မသင့်ဆလျော်ပေ။

"နင် ဒီည ငါ့အိမ်မှာ လိုက်နေချင်လား..."ကားထဲသို့ ဝင်ပြီးနောက် ကျီချင်းရန်မှ မေးလိုက်သည်။

"တကယ်တမ်းကျတော့ ငါလိုက်နေမလို့ပဲ..ဒါပေမယ့် မင်းရဲ့ အလုပ်တွေလည်း မြင်တော့ နေရမှာ အားနာသလို ဖြစ်လာလို့.."

"ဟွန့်..အနည်းဆုံးတော့ နင့်မှာ အသိစိတ် လေးတော့ ရှိသေးသားပဲ..."ကျီချင်းရန် ပြုံး၍ ပြောလိုက်ပြီး "ငါဒီည အရမ်းအလုပ်ရှုပ်မှာ ..ပြီးတော့ နင့်ကိုလည်း အဖော်မလုပ်ပေးနိုင် ဘူး..နင့်ဘာနင် ကျိုကျုံးဗီလာမှာ ပြန်နေတာ ပဲ ကောင်းတယ်...မဟုတ်လို့ ငါ့အိမ်မှာလိုက် နေရင် ငါလည်း အလုပ်ပေါ် ကောင်းကောင်း အာရုံစိုက်လို့ရမှာ မဟုတ်ဘူး...

"ဟဲဟဲ..ကြည့်ရတာတော့ ငါ့ကို တမ်းတမ်းစွဲ ဖြစ်နေပြီနဲ့ တူတယ်.."လင်းရီ ပြီတီတီ အပြုံး ဖြင့် ပြောလိုက်၏။

"ဘယ်နားကသာ..နင်က အရမ်းစိတ်ရှုပ်ဖို့ ကောင်းတဲ့ ကောင်စုတ်ကြီး မလို့လေ..."

ထို့နောက် နှစ်ယောက်သား တစ်လမ်းလုံး စကားတပြောပြောဖြင့် ယွင်ရှောဗီလာသို့ ရောက်လာခဲ့ကြသည်။

ကျီချင်းရန်ကို အိမ်ပေါက်ဝထိ လိုက်ပို့ပေးပြီးနောက် ဝမ်ရင်း၏ အိမ်သို့ မောင်းလာခဲ့လိုက်၏။

တိုင်မင်ကတော့ လုံးဝ ပါဖက်ပင်။

တင်းတောင် ...

"လာနေပါပြီ..."

လင်းရီ တံခါးဘဲလ် နှိပ်ပြီးခါရှိသေး ဝမ်ရင်း၏ အသံကို အိမ်ထဲမှ ကြားလိုက်၏။

တံခါးမှာ ပွင့်လာခဲ့သည်။ ဝမ်ရင်းမှ အနက်ရောင် ဇာအပါး ညအိပ်ဝတ်စုံကို ဝတ်ဆင်

ထားကာ ဘက်ထဲတွင်လည်း ယောင်းမတစ်ချောင်းကို ကိုင်ထားလေသည်။

ဤသို့ ဆက်ဆီကျသည့် မြင်ကွင်းကို မြင်သူတိုင်း တစ်သက်လုံးအမှတ်ရနေမည်မှာ မလွဲမသွေပင်။

"အဟမ်း.."လင်းရီ မခိုးမခန့်ဖြင့် "အစ်မရင်းက ကျွန်တော်လာလည်တိုင်း အင်္ကျီအပါးတွေ အရမ်းဝတ်တာပဲဗျ..."

"ဘာလို့လဲဆိုတော့ အစ်မသာ အင်္ကျီအထူကြီးတွေ ဝတ်ထားရင် မောင်လေးရီ အခက်တွေ့နေမှာ ဆိုးလို့လေ....ခုလို ပါးပါးလေးကျတော့ အဆင်မပြေဘူးလား..."ဝမ်ရင်း မြှူဆွယ်သည့် အကြည့်တို့ဖြင့် ပြုံးရင်း ကြည့်လိုက်၏။

"ကျွန်တော်တော့ အဲ့ဒီအကြောင်းပြချက်ကို သဘောကျတယ်..."

"သဘောကျရင်လည်း အဲ့မှာပဲ ရပ်မနေနဲ့ လေ..ဝင်ခဲ့..ဟင်းတွေက အဆင်သင့်ဖြစ် တော့မယ်.."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ဝမ်ရင်း၏ အိမ် အသစ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

အတွင်းအဆက်အသွယ်တို့မှတစ်ဆင့် ဝယ် ယူထားသည့်အိမ် ဖြစ်လင့်ကစား အရွယ်အစားကတော့ ၈၀ စတုရန်းမီတာခန့် ရှိ၏။ ကျိုးဟိုင်လိုနေရာမျိုးတွင် ယခုလို အိမ်တစ်လုံး ရဖို့ ဆိုသည်ကတော့ အတော် လေးကို ငွေရှင်မှ အဆင်ပြေပေလိမ့်မည်။

တစ်ကိုယ်တည်းနေဖို့ရာအတွက်ကတော့ နေရာထိုင်ခင်းမှာ ပြဿနာ လုံးဝမရှိပေ။

နာရီဝက်ခန့်ကြာပြီးနောက် ဝမ်ရင်း အစားအသောက်များကို စားပွဲခုံပေါ်သို့ ယူဆောင်လာခဲ့၏။

ထိုကာလအတောအတွင်း လင်းရီ ဝမ်ရင်းကို ကူညီပေးချင်သော်လည်း အဆူခံရဖြင်းသာ အဖတ်တင်လိုက်လေသည်။

"နင်က ယောက်ျားလေး..ဒါတွေ လုပ်စရာမလိုဘူး...အစ်မကျွေးတာကိုပဲ အသင့်စားရုံပဲ.."

"အဲ့လိုဆိုလည်း ကျုပ်ထိုင်ပြီး စားဖို့ စောင့်နေလိုက်တော့မယ်နော..."

"ဒါနဲ့ မောင်လေးရီကို အစ်မ ခြေထောက်တွေ နှိပ်ပေးရဦးမလား..ဒါမှမဟုတ် အထူးဝန် တောင်မှု ပေးလည်း ရတယ်နော..."

"အမ်...အစ်မရင်းက အဲ့တာတွေလည်း သိ တယ်ပေါ့.."

"သိတယ်ရယ်လို့တော့ မဟုတ်ပါဘူး..ဒါပေ မယ့် မောင်လေးရီ အညောင်းသက်သာ အောင်တော့ နှိပ်ပေးလို့ရတယ်..."

"အဲ့တာဆိုရင်တော့ အစ်မရီရဲ့ လက်စွမ်းကို မြည်းစမ်းကြည့်မှနဲ့တူတယ်..."

"ဒါပေါ့..အစ်မရီ နင့်ကို ကောင်းကောင်းလေး ပြုစုပေးမယ်..."

ဟင်းပွဲများမှာ အဆင်သင့်ဖြစ်လာခဲ့ပြီး ဝမ်ကင်းမှ စကားပြောကောင်းစေရန် ဘီယာလေးငါးဗူးခန့် ထုတ်လာခဲ့၏။

ထိုနောက် နှစ်ယောက်သား စားရင်းသောက်ရင်းဖြင့် နစ္စဒူဝအကြောင်းအရာများ ပြောဖြစ်ခဲ့ကြ၏။

စကားပြောရင်းဖြင့် လင်းရီ သိခလိုက်ရသည်မှာတော့ ဝမ်ရင်းမှာ အထိရှမခံသည့်ကိစ္စများရောက်လာပါက မသိမသာ ရှောင်လွှဲသွားတတ်ကြောင်း တွေ့လိုက်ရသည်။ ပမာအားဖြင့် သူ၏ ဝင်ငွေအရင်းအမြစ်နှင့် ဆိုင်သည့် မေးခွန်းသို့ မတော်တဆ ရောက်သွားပါက သူမဘက်မှ အခြားအကြောင်းအရာတစ်ခုကို ရယ်ရယ်မောမောပြောဆိုရင်း ရှောင်လွှဲ

သွားပေးတတ်သည်။ ယင်းက သူ့ကို အများကြီး သက်တောင့်သက်သာ ဖြစ်စေလေသည်။

"ဆိုဖာပေါ်မှာ သွားလှဲလိုက်..အစ်မရီ ခြေထောက်တွေ နှိပ်ပေးမယ်.."

"အဲ့လိုဆို ကျွန်တေယ်လည်း အားမနာတော့ဘူး.."

"ဟွန့် နင်သာ အစ်မရီကို အားနာလို့ကတော့ အစ်မရီနှင့်ကို မထနိုင်အောင် အပြစ်ပေးလိုက်မှာနော်..."

ဝမ်ရင်း အပြုံးလေးဖြင့် ပြောလိုက်၏။

လင်းရီ ဆိုဖာပေါ်တွင် လဲလျောင်းလျက် ဝမ်ရည်း၏ အပြုအစုများကို ခံယူရင်း ဘုံကိုး

ဆင့်၍ လွင့်ပျံနေသကဲ့သို့ ခံစားလိုက်ရသည်။ သူ ဟွာချင်းရေကန်ကို သွားစရာတောငမ မလိုတော့ပဲ ဝမ်ရင်းထံသို့ လာရုံနှင့် အဆင်ပြေပြီဟုတောင် ခံစားမိလာခဲ့သည်။ ဝမ်ရင်း၏ လက်အထိအတွေ့ အကြေ နှိပ်နယ်မှုတို့မှာ အင်မတန်မှ ထိမိလွန်းလှ၏။

ဒေါက် ဒေါက် ဒေါက် ...

လင်းရှီ မျက်လုံးမှိတ်ရင်း ဇိမ်ခံနေစဉ် တံခါးခေါက်သံတစ်သံကို မထင်မှတ်ပဲ ကြားလိုက်ရ၏။

"ဒီမှာ ခဏ ထိုင်နေဦးနော်...အစ်မ တံခါး သွားဖွင့်ကြည့်လိုက်ဦးမယ်..ကြည့်ရတာတော့ ဘေးအိမ်က အစ်မကြီးထင်တယ်..."

လင်းရိလည်း အများကြီး စဉ်းစားမနေတော့ပေ။ အိမ်နီးချင်းဆိုမှတော့ လူဆိုးတစ်ယောက် မဖြစ်နိုင်ရာ၏။

"လု...လုလု...နင်ဒီကို ဘာလာလုပ်တာ.."

တံခါးအပြင်ဘက်တွက်တော့ အရပ်ရှည်ရှည်နှက့် မိန်းကလေးတစ်ဦး မတ်တပ်ရပ်နေလေသည်။ သူမ၏ အရပ်အမောင်းကတော့ ဝမ်ရင်းလောက် နီးပါးရှိပြီး မျက်နှာဝိုင်းဝိုင်းမက်မွန်သီးလေးနှင့်တူသည်။ နီရဲရဲလေးဖြင့်ချစ်စဖွယ်ပါးဖောင်းဖောင်းလေးများမှာ မြင်သူကို ပြေးကိုက်ချင်စိတ်တို့ တဖွားဖွား ဖြစ်ပေါ်လာစေသည်။ ထို့ပြင် သူမ၏ ဟန်အမူအရာမှာလည်း ခပ်ဆိုးဆိုး ကောင်းမလေးတစ်ဦးကဲ့သို့ပင်။ သူမဘေးနား၌ ခရီး

ဆောင်အိတ် တစ်လုံးလည်း ရှိနေသေး၏။ ဤနေရာ၌ အချိန်အကြာကြီး နေဖို့ ရောက်လာသည့်ဟန်ပင်။

ထိုကောင်မလေး၏ နာမည်မှာတော့ ဝမ်လု ဖြစ်ပြီး ကောလိပ်ဝင်ခွင့် စာမေးပွဲ ဖြေပြီးတာ မကြာသေးသည့်ဝမ်ရင်း၏ ညီမငယ် လေးပင်။

"တာ.. တာ... အံ့သြသွားပြီမလား..."

ဝမ်လုပြုံးလိုက်ပြီး "လုလု အမေတို့ကို ကြိုမ ပြောထားနဲ့လို့ ပြောထားတာ..အစ်မကို စပ ရိုက်...."

ဝမ်လု စကားဆုံးအောင် မပြောနိုင်လိုက်ပဲ လမ်းတဝက်တွင် အကြောင်သား ရပ်တန့် လိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် သူမ အထဲရှိ ဆိုဖာပေါ်၌ ရှောင်ကောကောတစ်ဦး လဲလျောင်းနေသည်ကို မြင်လိုက်ရသောကြောင့်ပင်။

လင်းရီ သူမကို ကိုးရိုးကားယားဖြစ်စွာ လက်ဝှေ့ယမ်းပြလိုက်ပြီး "ဟဲဟဲ အံ့သြသွားသလား နှမငယ်..."

**အခန်း (၃၃၈)**

"နှင် ...နှင်က .."

ဆိုဖာပေါ်ရှိ လင်းရီကိုမြင်တော့ ဝမ်လုတဒင်္ဂမျှ အေးခဲသွားခဲ့၏။

သူမအစ်မအိမ်သို့ တိတ်တိတ်လေး အသိမ ပေးပဲ ခိုးဝင်ပြီး စပရိုက်လုပ်ရန် စီစဉ်ထားသ ညါ။

သို့သော်လည်း သူမကသာလျှင် စပရိုက်လုပ် ခြင်း ခံလိုက်ရ၏။

"မမ ...ဒါက ခဲအိုအသစ်လေးလားဟင်..."

ဝမ်လုမျက်လုံးဝိုင်းဝိုင်းလေးများ အရောင် တောက်သွားခဲ့သည်။

ဒီခဲအို အသစ်က အရမ်းချောတာပဲ..

လင်းရီ ဝမ်လုအကြောင်းကို ဟိုးအရင်ချိန် တုန်းကတည်းက သိခဲ့ပြီးဖြစ်၏။ ချောင်ရန် အုပ်စုဌ် ရုံးဝန်ထမ်းလုပ်စဉ်အခါက လုရင်းမှ

သူမကို မိသားစုအကြောင်းများ ပြောပြဖူး လေသည်။

ဝမ်ရင်းလည်း သူမ ညီမလေးမှာ အထက်တန်း နောက်ဆုံးနှစ်ရောက်နေပြီ ဖြစ်ကြောင်း သိထား၏။ သို့သော်လည်း ယခု လိုပုံစံမျိုးနှင့် သူမကို လာတွေ့လိမ့်မည်လို့ ထင်မထားခဲ့ချေ။

အနည်းငယ်တော့ ကသိကအောက် နိုင်လှ၏။

"ဘာကို ခဲအိုအသစ်တုန်း...ပေါက်တတ်ကရ တွေ လျှောက်မပြောစမ်းနဲ့.."လုရင်းမှ အစ်မ ကြီးတစ်ယောက်လေသံဖြင့် "သူ့နာမည်က လင်းရီ ..ငါ့ရဲ့လုပ်ဖော်ကိုင်ဖက်.."

"ဟွန့် မယုံပါဘူး..လုလုကို ငယ်သေးတယ်ဆို ပြီး အရူးလုပ်လို့ရမ်များ ထင်နေလား.."ဝမ်

ရင်းမှ မယုံသင်္ကာ ဖြစ်နေသည့် လေသံဖြင့် "တကယ်လို့ သူကသာ မမရဲ့ လုပ်ဖော်ကိုင်ဖက်သာဆိုရင် ဒီခေါ်လာမှာ တောင် မဟုတ်ဘူး..ပြီးတော့..."ဝမ်လု ဝမ် ရင်း၏ အင်္ကျီများကို ကြည့်ရင်း "မမရဲ့ အဝတ်အစားတွေကလည်း အရမ်း ဖော်လွန်း တယ်...ကျွတ် ကျွတ် ကျွတ်..နှစ်ယောက်က တကယ် မရိုးသားတာပဲ.."

လင်းရှီ ကူကယ်ရာမဲ့စွာဖြင့် ခေါင်းကုတ် လိုက်မိသည်။

ယနေ့ခေတ် အထက်တန်းကျောင်းသူလေး များက ဤမျှ ပွင့်လင်းနေပါပြီလော.

"တော်လောက်ပြီ..ပေါက်တတ်ကရတွေပဲ ပြောမနေနဲ့တော့.."

ယခု အခြေနေကို သူမ မည်သို့ ရှင်းပြစေကာမူ ဝမ်လု လက်ခံလိမ့်မည် မဟုတ်ကြောင်း ဝမ်ရင်း နားလည်ပေသည်။

ထို့ကြောင့် အတင်းအကြပ်လုပ်၍ ရှင်းပြပေးမနေတော့ချေ။

"ဒါနဲ့ စားပြီးပြီလား..မစားရသေးရင် တစ်ခါတည်းစားလိုက်လေ...ဟင်းတွေ အများကြီး ကျန်နေသေးတယ်..."

"ဟင့်အင်း..ကားထဲမှာ အများကြီး စားခဲ့လို့ ဗိုက်တောင် တင်းနေပြီ..အလုပ်ရှုပ်ခံမနေနဲ့..."

ဝမ်လုကို ဆိုဖာပေါ်သို့ ခေါ်လာခဲ့ပြီးနောက် ဝမ်ရင်းမှ "လုလု ..နင်စာမေးပွဲပြီးတာ မကြာသေးဘူးမလား..ဘာလို့ အိမ်မှာ မနေပဲ ဒီလာခဲ့တာ..."

"လုလုက ကျိုးဟိုင် ဒရာမာ အကယ်ဒမီကို ဝင်ဖို့ မှန်းထားတာလေ..အမှတ်က မှီဖို့တော့ ယုံကြည်ချက်ရှိတယ် ..ဒါပေမယ့် လက်တွေ့ ပိုင်းက ပြဿနာဖြစ်နေတာ..အဲ့တာကြောင့် လုလုသူငယ်ချင်းတွေနဲ့ ခဏနားတုန်း ကျိုးဟို င်မှာ သင်တန်းလာတက်တာ...."

"ဟမ်...နင်ကများ ဒရာမာ အကယ်ဒမီမှာ တက်ဦးမယ်...."ဝမ်ရင်း အထင်သေးသည့် အကြည့်များဖြင့် ကြည့်လိုက်ပြီး "နင့်ရဲ့ အမှတ်နဲ့ဆို တက္ကသိုလ်ကောင်းတစ်ခု လောက် တက်ဖို့က အေးဆေးပါဟယ်..ဘာ လို့များ မင်းသမီးလုပ်ဖို့ ဒရာမာ အကယ်ဒမီ မှာ တက်နေဦးမှာ...."

"ဟွန့်..လုလုကို အထင်သေးတာလား.." ဝမ်လု ပြန်ရန်တွေ့လိုက်ပြီး "လုလုရဲ့ ရုပ်ရည်ကလည်း ပြောစရာ မရှိပါဘူးနော်..ပြီးတော့ ခြေထောက်တွေကလည်း ရှည်ရှည်သွယ်သွယ်လေး...မမတောင်မှ မယှဉ်နိုင်တာကို..ဒီလောက်ထိ အဆင်းတင့်တယ်နေတဲ့သူက မင်းသမီးမှ မလုပ်စားရန် အလဟဿ ဖြစ်သွားမှာပေါ့လို့.."

"အနုပညာ နယ်ပယ်က ဘယ်လောက်ဖိဖရိုဖရဲဖြစ်နေလဲဆိုတာ နင်မသိပါဘူးဟယ်..ချပြမထားဘဲ လိုက်နာနေရတဲ့ စည်းကမ်းတွေဆိုတာမှ တစ်ပုံကြီး"

ဝမ်းရင်း အလကာသပ်သပ် စိတ်ပူနေခြင်း မဟုတ်ပေ။

လက်ရှိ အနုပညာ နယ်ပယ်မှာ အရည်အချင်း ရှိရုံနှင့် ရပ်တည်လို့ရသည့် နေရာမျိုး မဟုတ်တော့ပဲ တိုင်ကွန်းတစ်ဦးဦး ကျောထောက်နောက်ခံပြုမှသာ ရှင်သန်ရပ်တည်လို့ရသည့် နေရာဖြစ်၏။ ထိုသို့ ကျောထောက်နောက် ပြုဖို့ ဆိုသည်မှာလည်း မိမိ၏ သရုပ်ဆောင် အရည်အချင်းများ ကောင်းမွန်ရန် လိုအပ်နေရုံသည်သာမက အချို့သော အရည်အချင်းများလည်း ကျွမ်းကျင်ရန်လိုအပ်သေးသည်။

ကျီချင်းရန်ကဲ့သို့ ကောင်းကင်ကို ဖိဆန်နေသည့် အလုပိုင်ရှင်ကသာလျှင် ထိုစည်းမျဉ်းတို့မှ ကင်းလွတ်ခွင့် ရပေ၏။

ဝမ်လု၏ အဆင်းနှင့် အချင်းတို့မှာ မဆိုးသော်လည်း ကောင်းကင်ကို ဖီဆန်နေသည်အထိတော့ မဟုတ်ခဲ့ပေ။

အနုပညာနယ်ပယ်ထဲတွင်လည်း အလှလေးများမှာ မရှားပါးပေ။ အကယ်၍ တစ်စုံတစ်ဦးမှ ဗိုျင်းတို့အလယ်မှ ဟသ်ာငှက်ငယ် မဖြစ်ပါက မထင်မရှားဘဝလေးဖြင့် အဆုံးသတ်သွားပေလိမ့်မည်။

သို့သော်လည်း ငယ်ရွယ်ပြီး စိတ်ကူးယဉ်လို့ကောင်းသည့် ဆယ်ကျော်သက် မိန်းကလေးတစ်ဦးအနေနှင့် လူအများမှ အားကျရသည့် အိုင်ဒေါအနုပညာရှင်ကြီးတစ်ယောက်ဖြစ်ရန် အိပ်မက်မက်သည်ကိုလည်း မှားယွင်းသည်ဟု မဆိုသာပေ။

ထိုအကြောင်းများကို စဉ်းစားရင်း လင်းရီ အနည်းငယ် ဝမ်းနည်းမိသွားသည်။

သူ့တွင်လည်း ချမ်းသာပြီး ရုပ်ရောချောမော သည်မှလွဲ၍ အခြားအရည်အချင်းတို့ များ များစားစား မရှိချေ။

"မမ...နင်ငါ့ကို အဲ့လောက်လည်း လာပြီး အထင်သေးမနေနဲ့.."ထို့နောက် ဝမ်လု လင်းရီ ကာ အားကိုးသည့် အကြည့်တို့ဖြင့် ကြည့် လိုက်ပြီး "ခဲအို..မြန်မြန်လေး မမကို ဖြောင်း ဖြပေးဦး..ျပ ရာစုရောက်နေပြီကိုပဲ သူက ဆရာဝန် အင်ဂျက်တို့မှ အလုပ်လို့ ထင်နေ လား မသိဘူး.."

"အစ်မရီ ကျွန်တောလည်း လုလုကို သူ့ အတွေးနဲ့သူ လွှတ်ထားသင့်တယ်လို့ ထင်တာ ပဲ..."

"တယ်လေ..ဒီကောင်မလေးကတော့ အတော် လေး ဉာဏ်တွေကောင်းနေတယ် ပေါ့..အားကိုးတွေ ဘာတွေတောင် ရှာတတ် နေပြီ..."

"ဘယ်တတ်နိုင်မှာ..ရုပ်ချောတဲ့သူတွေက အလိုလို မျက်နှာသာပေးခံရပြီးသားပဲ လေ.."ဝမ်လု လျှာတစ်လစ်လေး ထုတ်လျက် ပြောလိုက်သည်။

လင်းရီ ခေါင်းညိမ့်လိုက်၏။ "မဆိုး ဘူး..တကယ်လို့ မင်းသာ အနုပညာ နယ်ပယ် ထဲမှာကောင်းကောင်းခြေကုပ်ယူနိုင်မယ်ဆို

ရင် အောင်မြင်ဖို့ အလားလာ ကောင်းတွေရှိတယ်.."

"မမ..ကြည့် ခဲအိုကတောင် ပြောနေပြီ..မမက အမျိုးသမီးနော်..ခဲအိုရဲ့စကားကို မြေ၀ယ်မကျ နားထောင်ရမှာ...."

၀မ်ရင်း ၀မ်လုကို အသာလေး မျက်စောင်းထိုးလိုက်သည်။

"ကောင်းပြီ ကောင်းပြီ..နင့်ကိုလည်း မတားတော့ဘူး..နင့်ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချရမယ့် အရွယ် ရောက်လာပြီလေ.."

သူမ၏ ညီမလေးမှာ အရွယ်ရောက်နေပြီဖြစ်ကြောင်း နားလည်ပေသည်။ ထို့ကြောင့် သူမဘက်က အရာရာ၀င်စွက်ဖက်နေသည်က မသင့်လျော်တော့ချေ။

ထို့ပြင် မည်သူတစ်ဦးတစ်ယောက်ကမျှ လည်း အနာဂတ်ကို မခန့်မှန်းနိုင်ခြေ။ ခြေ တစ်လှမ်းချင်းစီတိုင်းကို ကံကြမ္မာမှ စီမံပြီး သားဖြစ်၏။ သူမကဲ့သို့ပင်။ လင်းရီကြောင့် သာ မဟုတ်ပါက အစောကတည်းကရင် ကျိုးဟိုင်မှ ထွက်ခွာသွားရလောက်ပြီးဖြစ်၏။

"ဟီးဟီး ဟုတ်တာပေါ့..."ဝမ်လု လင်းရီ လက်မောင်းကို တွယ်ဖက်ရင်း ပြောလိုက်ပြီး "မမ..အပြင်မှာ အနီရောင် စူပါကားတစ်စီး ရပ်ထားတာတွေ့ခဲ့တယ်..အဲ့တာ ခဲအိုရဲ့ ကား လားဟင်...လုလု တစ်သက်လုံး အဲ့လိုကား မျိုး မစီးဖူးလို့ ပေးစီးပါလားလို့..."

"စိတ်ကူးယဉ်မနေနဲ့..အဲ့တာ သူ့ကား မဟုတ် ဘူး..."ဝမ်ရင်း ပြောလိုက်သည်။

"လုလု..နင်က ကောလိပ်တက်ရတော့မှာ...စာကိုပဲ ကြိုးစားပြီးတော့ သချာလုပ်...ဝင့်ကြွားချင်တဲ့စိတ်ကို ဖျောက်ထားတာ အကောင်းဆုံးပဲ..."

လင်းရီ ဝမ်ရင်း ဆိုလိုချင်နေသည်ကို နားလည်ပေသည်။

လက်ရှိ အထက်တန်း နောက်ဆုံးနှစ်ကျောင်းသူလေးများမှာ ကျောင်းပြီးသည်နှင့် ထိန်းမနိုင်သိမ်းမရသည့် မြင်းရိုင်းလေးများကဲ့သို့ ဖြစ်သွား၏။ ဝမ်ရင်း ပြောပြနေသည်ဆိုတာကလည်း သူမကိုယ်တိုင် ကြုံတွေ့ဖူးပြီး သင်ခန်းစာရနေသောကြောင့်ပင်။ မည်သို့ပင်ဆိုစေ မောက်မာဝင့်ကြွားသည်က မကောင်းသည့်စရိုက်ဖြစ်၏။

"အွန်း..ထင်ပြီးသားပါ...ခဲအိုက မမရဲ့ လုပ်ဖော်ကိုင်ဖက်ဆိုမှတော့ အဲ့လိုကားမျိုး ဘယ်မောင်းနိုင်မှာ..."ဝမ်လုပြောလိုက်ပြီး "ဒါပေမယ့် မမ...နင်က ရာထူးတိုးပြီးတာတောင် မကြာသေးဘူး..ခဲအိုအသစ် ကောက်ရလိုက်တယ်ဆိုတော့...ဟင်းဟင်း မဆိုးဘူး မဆိုးဘူး...."

"ဘာတွေ လာပြောနေတာ...လင်းရှီနဲ့ ငါနဲ့က သာမန် ဝန်ထမ်းဘဝတုန်းကတည်းကနေ ခင်ခဲ့ကြတာပါနော်..."ဝမ်ရင်း ရှက်ကိုးရှက်ကမ်း ပြန်ပြောလိုက်၏။

"ရှင်းပြစရာမလိုဘူး..ဒီက နားလည်ပြီးသား.."

ဝမ်ရင်း ဆွံ့အသွားခဲ့၏။

လုလုက ဘာကို နားလည်သွားသနည်း။

ကလင် ကလင် ကလင်

သုံးယောက် စကားလက်ဆုံကျနေစဉ် ဝမ်လု၏ ဖုန်းသံ မြည်လာခဲ့၏။

ဖုန်းနံပါတ်ကို ကြည့်လိုက်သည်တွင် ဝမ်လု၏ မျက်နှာအမူအရာမှာ တစ်မျိုးတစ်မည် ဖြစ်သွားခဲ့ပြီး ရေချိုးခန်းထဲသို့ အလျင်အမြန် ပြေးထွက်သွားခဲ့၏။

ဝမ်ရင်း လင်းရှီကို တစ်ချက်ကြည့်လိုက်ပြီး "သူ ဘယ်သူနဲ့ ဖုန်းပြောနေတယ်လို့ ထင်လဲ...ဘာလို့ အဲ့လောက်တောင် လျှို့ဝှက်နေပါလိမ့်.."

"အဲ့လောက်ကြီးလည်း အထူးအဆန်းဖြစ်မနေနဲ့လေ အစ်မရင်းရဲ့..."လင်းရှီ ရယ်မောလိုက်ပြီး "လုလုကဖြင့် ၁၈ နှစ်ပြည့်လို့ ကော

လိပ်တောင် တက်တော့မယ်...သူ့ကို ဒီတိုင်း လေး လွှတ်ထားပေးလိုက်စမ်းပါ..."

"မရဘူးလေ....မတော်လို့ လူဆိုးတွေနဲ့ တွေ့နေရင် ဘယ်လိုလုပ်မှာ..."ဝမ်ရင်း လေးနက်တည်ကြည်စွာ ပြောလိုက်ပြီး "ပြီးတော့ လုလုက ငယ်ကတည်းကနေ ပြဿနာအိုး လေး..."

ဆယ်မိနစ်ခန့်ကြာပြီးနောက် လုလု ရေချိုးခန်းထဲမှ ထွက်လာခဲ့၏။

"မမ...ညီမလေး အတန်းဖော်တစ်ယောက်ရဲ့ အိမ်ကို သွားစရာရှိလို့...ည နောက်ကျမယ်...."

"အဲ့မှာ ရပ်နေလိုက်စမ်း..."ဝမ်ရင်း အမိန့်သံတစ်ချက်ပေးလိုက်ပြီး "ဒီလောက်တောင် နောက်ကျနေပြီ...နင်က ဘယ်အတန်းဖော်နဲ့

သွားတွေ့မှာ..နောက်ပြီး နင့်မှာ အတန်းဖော် ကကော ရှိလို့လား...."

"ဒါပေါ့ ..ရှိတာ....."

"လာလိမ့်မနေနဲ့....နင့်အစ်မ ငါက ကျိုးဟိုင်မှာ နောလာတာ နှစ်ပေါင်း မနည်းတော့ဘူး..ဒီလို လှည့်ကွက် အသေးစားလေးနဲ့ လာလှည့်စား လို့ ရမယ်များ မှတ်နေလား.... "

ဝမ်ရင်း မျက်နှာထား တင်းတင်းဖြင့် ပြော လိုက်ပြီး "ဒီည ဒီမှာပဲနေ...နင် ဘယ်မှ မသွား ရဘူး..."

"မမ...နင်အဲ့လို လုပ်လို့မရဘူးလေ...ညီမလေး က သူငယ်ချင်းတွေနဲ့တောင် ချိန်းပြီးလို့ သူတို့ ကဖြင့် အောက်ထပ်မှာတောင် စောင့်နေ ပြီ...."

"ညသန်းခေါင်ကြီး ချိန်းထားတယ်ပေါ့ လေ....လုလု ...နင်လာနှောက်နေတာလား..မရဘူး...မသွားရဘူးဆို မသွားရဘူးပဲ...သွားချင်ရင် မနက်မှသွား..."

"ဒါပေမယ့် ခုကိစ္စက နေ့မှ လုပ်လို့မရတာ....."

လင်းရီ "???"

ညမှာပဲ လုပ်လို့ရမယ့် ကိစ္စ....

ဗုဒ္ဓမြတ်စွာ...ဒါကြီးက ငါထင်နေတဲ့ဟာများ လား...

"နေ့မှာ လုပ်လို့မရတဲ့ဟာက ဘာလဲ ဆိုတာ တော့ ငါမသိဘူး..."ဝမ်ရင်း ပြောလိုက်ပြီး "ဒါ ပေမယ့် သေချာပေါက် မကောင်းတဲ့ဟာဆို

တာတော့ ငါပြောလို့ရတာ်..နောက်တစ်ခေါက် ထပ်ပြောမယ်..ဒီမှာပဲနေ...ဘယ်မှ မသွားနဲ့...."

"မမ....ညီမလေး သူငယ်ချင်းတွေ အကုန်လုံး နဲ့ သွားဖို့ ကတိပေးထားပြီပြီလေ...လုလုတို့ က ကျိုးဟိုင်က နိုက်ကလပ်က ဘယ်လိုမျိုး လဲဆိုတာ သွားကြည့်ကြမှာ....ကတိပေးပြီး တော့မှ မမက ခွင့်မပြုလို့ မသွားရဘူးဆိုရင် သူငယ်ချင်းတွေကြားမှာ လုလု မျက်နှာ ဘယ်လိုသွားပြရတော့မှာ...မမ....နင် ငါ့ကို တမင် အရှက်ခွဲနေတာလား..."

**အခန်း (၃၃၉)**

"နိုက်ကလပ်...."

ဝမ်ရင်း ဒေါသထောင်းကနဲ ဖြစ်သွားခဲ့ပြီး "နင့်အသက်က ဘယ်လောက် ရှိသေးလို့ အဲ့လို နေရာတွေ သွားနေရတာလဲ...မကောင်းတဲ့ သူတွေပဲ အဲ့လို နေရာ သွားကြတာ...."

"အဟမြး အဟမြး...."

လင်းရီ ပေါ့ပါးစွာ ချောင်းဟန့်လိုက်၏။ ထိုအခါမှ ဝမ်ရင်းလည်း သူမ၏ စကားလုံးများက အနည်းငယ် အစွန်းရောက်သွားကြောင်း သတိပြုမိသွားသည်။ အမှန်အတိုင်း ဆိုလျှင် သူမနှင့် လင်းရီတို့လည်း နိုက်ကလပ် ရောက်ဖူးကြလေသည်။

"မမ...ကြည့်...လုလုကို အဲ့လိုဆက်ဆံလို့ ခဲအိုကတောင် မပျော်မရွှင်ဖြစ်နေပြီ..."

ဝမ်လုမှ ဂုဏ်ယူနေသည့် ဟန်ဖြင့် ပြောလိုက်၏။

လင်းရှီ "???"

ငါက ဘာကို မပျော်မရွှင်ဖြစ်ရမှာ...

ဝမ်လု ဆိုဖာနားသို့ သွားလိုက်ပြီး လင်းရှီ လက်မောင်းကို တွယ်ကပ်ကာ "ခဲအို...မမက နင့်ရဲ့ ပါပီလေး ဖြစ်နေပြီပဲဟာကို...သူ့ကို မ ဖြောင်းဖြနိုင်ဘူးလား...လုလုတို့က သွားပဲ ကြည့်ကြမှာလေ...ဘာမှ မကောင်းတာ မ လုပ်ဘူးလေလို့... နော်...."

"ဒါ...."

"အီးဟီးဟီး...ခဲအိုက လုလုကို....."

"အခိကက..."

"လုလုကို အဟင့် အဟင့်..အားလုံးက ...."

"သူ့ကို သွားကြည့်ခိုင်းလိုက်ပါကွာ..."

ဝမ်လု ကလေးဆိုးကြီးကဲ့သို့ ငိုကြွေးနေသည်က အကြောင်းမဟုတ်သော်လည်း သူမ၏ ရင်ဘက်ကို သူ့လက်မောင်းနှင့် ပွတ်ပွတ်ဆွဲနေလေသည်။

ယင်းက သူ့ကို နေမထိ ထိုင်မသာ ဖြစ်စေ၏။

"ရီလေး..နင်ကကော ဘာလို့ သူ့ဘက်ကနေဝင်ပြီး ကူပြောပေးနေတာ..."

ထိုသို့ ပြောလိုက်သော်လည်း ဝမ်ရင်း လင်းရီ၏ စကားလုံးများကို မငြင်းပယ်ခဲ့ပါ။ စောနက ပြောခဲ့သလိုပင်။ အရွယ်ရောက်လာသည်နှင့် သိသင့်သိထိုက်တာ တစ်ချို့တော့

သိသင့်ပေသည်။ သူမလည်း လုလုကို မည်သည့်နေရာမှ မရောက်ဖူးသည့် အိမ်တွင်းပုန်းလေး မဖြစ်စေချင်ပေ။

လင်းရီ မေးပွတ်ရင်း ဝမ်ရင်းနှင့် လုလုတို့ကို တစ်လှည့်စီ ကြည့်လိုက်သည်။

သူဘာလို့ ညီအစ်မ နှစ်ယောက်က လင်လုနေတယ်လို့ ခံစားနေရတာပါလိမ့်...

"လုလုက ဒီတိုင်း ကလပ်ကို ရောက်ဖူးတယ်ရှိအောင် သွားကြည့်ရုံပါ အစ်မရင်းရဲ့..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "အသက်ဆယ့်ရှစ်နှစ်မှာ ကလပ်သွားတာနဲ့ အသက်သုံးဆယ့်ရှစ်နှစ်မှာ ကလပ်သွားရတဲ့ အရသာက မတူဘူး....တကယ်လို့ ငယ်တုန်းကသာ ချုပ်ချယ်ပြီးတော့ ဘာမှ မလုပ်ဖြစ်လိုက်ဘူး

ဆိုရင် အသက်ကြီးတဲ့ အခါကျ နေခဲ့ရတာ တန်တယ်လို့ ပြောလို့ရမှာ မဟုတ်တော့ဘူး..."

"အင်းပါလေ...သွား.. သွား..."

"ရေး....."ဝမ်လု ရေခဲမုန့်စားရတော့မည့် ကလေးလေးကဲ့သို့ ရွှင်မြူးသွားကာ "ခဲအို...နင်က အရမ်း တော်တာပဲ...တစ်လောကလုံးမှာ ခဲအို တစ်ယောက်တည်းကပဲ မမကို ဒီလိုဖြစ်အောင် လုပ်နိုင်တယ်..."

"အပျော်မစောသေးနဲ့ဦး..."ဝမ်ရင်း ပြောလိုက်ပြီး " ငါပါနင်နဲ့ လိုက်ခဲ့မှာ...."

"အာ....မမကော လိုက်ခဲ့မယ်...."

ဝမ်လုံ တွန့်ဆုတ်သွားခဲ့၏။ အုပ်ထိန်းသူတစ် ယောက်ပါလာမည် ဆိုပါက သူမတို့ စိတ် လွတ်ကိုယ်လွတ် ပျော်ခွင့်မရတော့ပဲ ခရီးစဉ် တစ်ခုလုံးမှာ လုံးဝ အဓိပ္ပာယ်မဲ့သွားပေတော့ မည်။

"မပူနဲ့...ငါလည်း အထဲထိ မလိုက်ပါ ဘူး...အပြင်မှာပဲ နေမှာ...နင်တို့ဘာ နင်တို့ ကကြ ပျော်ကြ..တစ်ခုခု ဖြစ်လာခဲ့ရင်လည်း ကြည့်ရှုပေးလို့ရတာပေါ့..."

"တကယ်ကြီးလား...အဲ့လောက်ကြီးလည်း လိုမယ်မထင်ဘူးနော..."

"ဘာကို မလိုတာ..."ဝမ်ရင်း ပြောလိုက်ပြီး "ငါနဲ့ သွားမလား..ဒါမှမဟုတ် ဒီမှာပဲ နေမ လား...တစ်ခုရွေးလိုက်..."

"အင်းပါ...မမနဲ့ပဲ သွားလိုက်တာပေါ့...."

ဝမ်ရင်း သူမ အိပ်ခန်းသို့ ပြန်ပြီး အဝတ်စား သွားလိုလိုက်သည်။ ထိုအချိန်တွင်တော့ လင်းရီလည်း အေးဆေး ထိုင်မနေခဲ့။ သူလည်း ထပြီး ဝမ်ရင်းနှင့်အတူသွားရန် ပြင်ဆင်လေသည်။

"ရီလေးက လိုက်ခဲ့ဦးမလို့လား...မလိုက်ပါနဲ့လားဟယ်..တစ်နေကုန် ပင်ပန်းထားတော့ နားရင် နားလိုက်လေ..."ဝမ်ရင်းမှ ညင်သာစွာ ပြောလိုက်သည်။

"အလှလေးနှစ်ယောက်က အပြင်ထွက်မှာဆိုတော့ ကျွန်တော်လည်း ဘယ်စိတ်ချမှာတုန်းဗျ ..ဘာပဲပြောပြော အိပ်ချိန်လည်း မရောက်သေးပါဘူး..."

"အင်းပါ..."

အမှန်တော့ ဝမ်ရင်း လင်းရှီကိုလည်း သူမတို့နှင့် အတူ လိုက်လာခဲ့စေချင်သည်။ သို့သော်လည်း လိုက်ခဲ့ရန် မဖိတ်ခေါ်ရက်ဖြစ်နေခဲ့၏။

ထို့နောက် သုံးယောက်သား အောက်ထပ်သို့ဆင်းလာခဲ့ကြသည်။

အောက်ထပ်တွက်တော့ အော်ဒီ အနက်ရောင်တစ်စင်းနှင့် ဆာဂီတာ အဖြူရောင်လေးတစ်စင်းတို့ ဘေးချင်းယှဉ်ရပ်ထားကြ၏။ လင်းရှီသူတို့၏ လိုင်စင်နံပါတ်ပြားများကို တစ်ချက်ကြည့်လိုက်သောအခါ တခြားမြို့မှ ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

သို့သော်လည်း အထက်တန်းပြီးခါစ ကျောင်းသားလေးများမှ ဒရိုက်ဘာလိုင်စင်ရနေသည်ကို ကြည့်ချင်းအားဖြင့် ထိုကျောင်းသားတို့မှာ မရိုးရှင်းကြောင်း သိသာလေသည်။

တစ်ချိန်တည်းတွင် ဝမ်လု၏ သူငယ်ချင်းများအားလုံး လွိုက်ကန်ဘေးတွင် စုဖွဲ့ပြီး ဓာတ်ပုံရိုက်နေကြ၏။ အားလုံးတွင် တူညီသည့်အချက်တစ်ချက်ကတော့ သူတို့၏ ရုပ်ရည်များက မဆိုးဘူးဟု ဆို၍ရသည်။

ကျိုးဟိုင် ဒရာမာ အကယ်ဒမီကို ဝင်ရန် ရည်ရွယ်ထားကြသည့် ကျောင်းသားများဆိုတော့လည်း ရုပ်ရည် တင့်တယ်နေသည်ကလည်း မထူးဆန်းတော့ပါ။

"အိုးမိုင်...လွိုင်ကန်ကြီးဟာ..တယ်လန်းတဲ့ ကောင်မလေးပါကွာ....ဟို fast and furious ဇာတ်ကားထဲက ကားကြီးလေကွာ..."

"ကျိုးဟိုင်မှာ စူပါသူဌေးကြီးတွေ ပေါတယ်ဆိုတာက အမှန်ပဲဟ..ဒီလိုကားမျိုးကို ဒီလိုနေရာမျိုးမှာ လာတွေ့လိမ့်မယ်လို့တောင် ထင်မထားဘူး..."

"အင်း...ပြီးတော့ ဘေးမှာ ရပ်ထားတဲ့ BMW7 ကလည်း ဈေးပေါတဲ့ထဲတော့ မပါဘူးကွ..."

"BMW 7 က ဘာမှ မဟုတ်ပါဘူးကွာ...ငါ့အဖေက Lexus 570 ကို မောင်းတာ... BMW7 ထက် အများကြီး ဈေးကြီးတယ်..ဒါပေမယ့် ဒီရဲ့ လွိုင်ကန်ကြီးကတော့ တောက်ရမ်းလန်းတယ်...."

"ငမ်းနေတာတွေ တော်လိုက်တော့ဟျောင့် ...ဟိုမှာ လုလု လာနေပြီ..."

ကားနားတွင် စုဝေးနေကြသည့် ကျောင်းသား များအားလုံး လှည့်ကြည့်လိုက်ကြသောအခါ ဝမ်လု၏ ဘေးတွင် သူစိမ်းနှစ်ယောက် ပါလာ ခဲ့သည်ကို မြင်လိုက်ရ၏။

သို့သော်လည်း ကျောင်းသားတစ်ယောက် ချင်းစီတိုင်း၏ အမူအရာမှာတော့ မတူညီကြ ပေ။

မြီးကောင်ပေါက်အရွယ် ကောင်လေးများ ကတော့ ငယ်ရွယ်သည့် မိန်းမငယ်လေးများ ထက် ဝမ်ရင်းကို ပို၍ နှစ်သက်သော အကြည့်တို့ဖြင့် ကြည့်နေကြသည်။

မဟုတ်ပါက မန့်ဟွများတွင် သွေးရင်းစပ်ယှက်သည့် ရုပ်ပြတို့မှာ အလကားသပ်သပ်နာမည်ကြီးနေလိမ့်မည် မဟုတ်ချေ။ မည်သူက လှုပပြီး အပြုစု အရမ်းကောင်းသည့် မမကြီးတို့ကို မနှစ်သက်ပဲ နေလိမ့်မည်နည်း။

အခြား ဆယ်ကျော်သက် မိန်းကလေးများအတွက်ကလည်း ထိုအတူပင်။ လင်းရီကဲ့သို့အထာကျကျဖြင့် ဦးလေးကြီးမှာ သူမတို့မျက်လုံးထဲတွင်တော့ ပြီးပြည့်စုံသည့်အမျိုးသားကြီးဖြစ်၏။

အခြားတစ်ဖက်တွင်တော့ လင်းရီကဲ့သို့သောအမျိုးသားတို့မှာ စိတ်သဘောထားရိုးသားဖြူစင်သည့်သူကို ပို၍ နှစ်သက်သဘောကျကြသည်။

သူကျောင်းတက်စဉ်အခါက စမတ်ကျကျနှင့် ခန့်ညားချောမောသည့် လင်းရီမှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့လေသည်။ လင်းရီလည်း ထိုထဲမှ တစ်ချို့တစ်လေကို လှပ၍ မက်မောမိလျှင်လည်း မက်မောမိမည်။

သို့သော် သူ ကျောင်းပြီး၍ အလုပ်စဝင်သည့် အချိန်တွင်တော့ မိန်းကလေးများအပေါ် ရှုမြင်သည့် စံချိန်နှုန်းထားတို့မှာလည်း ပြောင်းလဲသွားခဲ့သည်။

သူ့ဘဝ၏ အခက်ခဲဆုံးအချိန်များတွင် သင်ကြားပြသပေးခဲ့သည်ကတော့ အဆင်းလှပမှုကို နှစ်သက်သူတို့မှာ သူ့အား ဦးစွာ ပစ်သွားခဲ့ကြသူများသာ။ ထို့ကြောင့်

စိတ်ဖြူစင် ရိုးသားသည့် မိန်းကလေးတို့က သာ အကောင်းဆုံးဖြစ်၏။

"လုလု...သူတို့ နှစ်ယောက်က ဘယ်သူတွေတဲ့လဲ..."

ပြောလိုက်သူကတော့ ဆံပင်ကို မြင်းမြီးပုံစံ ချည်နှောင်ထားပြီး ပြုံးလိုက်လျှင် ပါးချိုင့်လေးနှစ်ခုနှင့် ချစ်စရာကောင်းသည့် ကောင်မလေး တူးယွိရှမ်းပင်။

"ဒါကကျတော့ ငါ့ရဲ့ ခဲအို...ပြီးတော့ သူ့ဘေးကကျတော့ ငါ့ရဲ့ မမ ..သူတို့နှစ်ယောက်ကော ငါတို့နဲ့ လိုက်ခဲ့မယ်တဲ့..."

"ငါနင့်ကို ပေါက်တတ်ကရတွေ မပြောနဲ့လို့ ပြောထားတယ်လေ..ရီလေးက ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက်ပါ ဆိုနေမှ...."ဝမ်ရင်းမှ သူ့

ညီမလေးကို လက်မောင်းဆွဲဆိတ်ရင်း ပြော လိုက်၏။

သူမ အိမ်၌ ပြောနေသည်က အဆင်ပြေ သော်ငြားလည်း အပြင်၌ ယခုလို ပြော နေသည်ကတော့ မဖြစ်သေးချေ။

လင်းရီမှာ ချောင်ရန်အုပ်စု၌ အလုပ်လုပ်ခဲ့ဖူး သောကြောင့် ကျိုးဟိုင်တွင် သူနှင့် ရင်းနှီးခဲ့သူ အမြောက်အများ ရှိသည်။ အမှတ်မထင် ထို သူများ ကြားသွားပါက လင်းရီလည်း ရှင်းပြ ရ ခက်ခဲသွားပေလိမ့်မည်။

"သိပြီ သိပြီ..ခု မမတို့နှစ်ယောက်က သမီးရည်းစားတွေ....ဒါပေမယ့် အဲ့လိုလည်း နောက်ကျ ခဲအိုက လုလုရဲ့ ခဲအို ဖြစ်လာမှာပဲ မဟုတ်ဘူးလား...."

ဝမ်လုပြောလိုက်၏။

"နောင်မှ ဖြစ်မယ့်ဟာကို နောက်မှရှင်းလေ..ခုတော့ နင်ငါပြောတဲ့ အတိုင်းပဲ ခေါ်ရမယ်.."

"အိုကေ အိုကေ..."

"ကဲပါ လုလုကလည်း...သူတို့ နှစ်ယောက်က ဘယ်လို ဆက်ဆံရေးပဲရှိရှိ ငါတို့နဲ့ လိုက်ခဲ့မယ်ဆိုမှတော့ အတူပျော်ကြတာပေါ့ကွာ..."

ပြောလိုက်သူကတော့ အုပ်စု၏ ခေါင်းဆောင်ဖြစ်သည့် လျိုဟိုင်နင်ပင်။ သူ၏ လက်ထဲတွက်တော့ အော်ဒီအနက်ရောင် ကားသော့ကို ကိုင်ထားပြီး ဖက်ရှင်ကျနစွာ ဝတ်ဆင်ထား၏။

လူတိုင်း နှစ်ယောက်လုံးနှင့် အဆင်ပြေနေသည်ကို မြင်တော့ ဝမ်းလုအများကြီး စိတ်သက်သာရာ ရသွားခဲ့သည်။

လင်းရီနှင့် ဝမ်ရင်းတို့ သူမနောက် လိုက်ခဲ့သည်ကို စိတ်မရှိသော်လည်း ကျန်သူများမှ ညိုညြင်မည်ကို စိုးရိမ်မိသည်။

သို့သော်လည်း သူမသူငယ်ချင်းများမှ စိတ်ကွက်ဟန် မပြသည်ကို မြင်တော့ သူမလည်း အများကြီး နေလို့ကောင်းသွားခဲ့၏။

ဝမ်ရင်း လင်းရီကို တစ်ဖန်ပြန်ကြည့်လိုက်ပြီး "ရီလေး..နင်မလိုက်ချင်လည်း မလိုက်ခဲ့နဲ့နော်...အစ်မကို အဖော်လိုက်ပေးဖို့ မလိုဘူး....အိမ်မှာ အေးဆေးနားနေလိုက်..."

"ရတယ်...ကျွန်တော်လည်း လုပ်စရာလေးရှိနေတာနဲ့ အတော်ပဲ..အတူသွားကြတာပေါ့..."

"အဲ့တာဆိုလည်း ကောင်းပြီလေ...."

လင်းရီ ထွက်ခွာရန် ဆန္ဒမရှိသည်ကို မြင်တော့ ဝမ်ရင်း ကျေနပ်ပီတိ ဖြစ်သွားခဲ့သည်။

"ညီကို ခင်များ မလိုက်ချင်လည်း မလိုက်ခဲ့နဲ့..ဒီမှာ လူတွေ အများကြီးရှိတယ်...ခင်များ အစ်မကို သေချာစောင့်ရှောက်ပေးမှာ..သူ့လုံခြုံရေးကို စိုးရိမ်မနေနဲ့..."

လင်းရီ ပြုံးလိုက်ပြီး "ချာတိတ်...ဆိုရှယ်ကျွမ်းတဲ့စတိုင်နဲ့ လာပြီး ဟန်ဆောင်မနေနဲ့..."

"ကျုပ် ဟန်ဆောင်နေတာ မဟုတ်ဘူး...ကျုက်အသက်က ခု ၁၉ ရှိပြီ...ခင်များနဲ့

အလွန်ဆုံးကွာလှ...ဘယ်နှနှစ် လောက်ပေါ့...."

"လျိုဟိုင်နင်..နင်ငါ့ရဲ့ ခဲအိုလောင်းကို ပြန်ခံမပြောနဲ့...မဟုတ်ရင် ငါ စိတ်တိုမိတော့မှာနော်..."

"နင်ကလည်း ထားလိုက်စမ်းပါဟာ....အစ်ကိုကြီးလင်းကို ငါတို့နဲ့အတူ ပေးပျော်လိုက်ကြရအောင်လေနော်...လူများတော့ ပိုပြီး ပျော်ဖို့ကောင်းတာပေါ့လို့.."တူးယွီရှမ်းမှ ပြောလိုက်သည်။

"အင်းပါ...တစ်ယောက်ပိုတော့လည်း တစ်ယောက်ပေါ့...ဘာမှ ဖြစ်မသွားဘူး..."လျိုဟိုင်နင် ထူးမခြားနားစွာ ပြောလိုက်၏။

လင်းရီကတော့ ပြောစရာစကားကင်းမဲ့နေသည်။

သူ့အဘယ်ကြောင့် ဤချာတိတ်လေးများက သူတို့ခွင့်ပြုမှ ကလပ်တက်၍ရမည်ဟု ခံစားနေရပါသနည်း။

**အခန်း (၃၄၀)**

"ဒါပေမယ့်...ကျွန်တော့်ကားထဲမှာက ထိုင်ခုံအလွတ်နှစ်ခုပဲ ကျန်တော့တယ်...ဒီတော့ အစ်မရင်းနဲ့ လုလုပဲ လိုက်စီးလို့ရမှာ..."လျိုဟိုင်နင် ပြောလိုက်၏။

"ကျွန်တော်တို့လာတုန်းကလည်း လုလု ကျွန်တော့်ကားနဲ့ စီးခဲ့တာလေ..."

"ရပြီ..အစ်မမှာလည်း ကိုယ်ပိုင်ကား ရှိပြီးသားပဲ ....နင့်ရဲ့ကားနောက် လိုက်မစီးတော့ဘူး..."

ဝမ်ရင်း သူမလက်ထဲရှိ ကားသောကို နှိပ်လိုက်သည့်အခါ BMW7၏ ရှေ့မီးများ မီးလင်းလာခဲ့၏။ ယင်းက လိုုဟိုင်နင်နှင့် ကျန်သူများကို တဒင်္ဂမျှ အံ့အားသင့်သွားစေခဲ့သည်။

BMW7 မှာ ဝမ်လုအစ်မ၏ ကားဖြစ်နေလိမ့်မည်လို့ သူတို့ တကယ်ကို မျှော်လင့်မထားခဲ့ကြချေ။

ယခုလိုကားမျိုး ပိုင်ဆိုင်ဖို့ ဆိုသည်မှာတော့ သူမမှာ အဆင့်မြင့်ဝန်ထမ်းတစ်ဦး ဖြစ်ရပေမည်။

ဤသည်က သူတို့၏ ရင်ဘက်ထဲရှိ ဝမ်ရင်း၏ ဆွဲဆောင်မှုကို အလိုအလျောက် တိုးပွားသွားစေ၏။

"အိုး..ဟုတ်သားပဲ..လျိုဟိုင်နင်...ငါတို့က ဘယ်နေရာကို သွားကြမှာလဲ...နင်ပြောတော့ နေရာ ရှာတွေ့ထားပြီပြီဆို..."ဝမ်လု မေးလိုက်၏။

"ဟားဟား...."

လျိုဟိုင်နင် ရယ်မောလိုက်ပြီး "ငါ့အစ်ကိုကြီးက ကျိုးဟိုင်မှာ တစ်ချိန်လုံးရှိနေတာလေ..သူပြောတာတော့ မက်ထရိုပိုလစ်က ခု ကျိုးဟို

င်မှာ ပေါ်ပြူလာအဖြစ်ဆုံး နိုက်ကလပ်ဆို ပဲ...အဲ့ကို တစ်ချက် သွားကြည့်ကြတာပေါ့..."

"မက်ထရိုပိုလစ်..."

လင်းရီ သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်ပြီး "အဲ့ကလပ်က ယောင်တုန်းလိုင်နဲ့ လျိုချန် ဖွင့်ထားတဲ့ နေရာမဟုတ်လား..."ဒီကောင်တွေ ကလပ် ပြန်လုပ်လိုက်ပြီလားဟ..."

"ခင်များကလည်း ကျိုးဟိုင်က မဟုတ်ဘူး လား...ဒီမှာနေပြီးတော့ မက်ထရိုပိုလစ် ဆို တာတောင် မသိဘူးလို့တော လာမပြောနဲ့..."

"ငါ့ခဲအိုကိုများ... နင့်အစ်ကိုလို မကောင်းတဲ့ ကောင်များ မှတ်နေလား...သူက အဲ့လိုနေရာ တွေ မသွားတတ်ဘူး..."ဝမ်လုမှ သူ့ခဲအိုကို ကာကွယ်ပြောဆိုလိုက်သည်။

"သဘော...မင်းပြောတဲ့အတိုင်းပဲလေ..."

လျိုဟိုင်နင် ပြောလိုက်၏။

အမှန်တွင်တော့ သူ ဝမ်ရင်းကို ကြိတ်ခိုက်နေသောကြောင့် ဤမျှ အလျှော့ပေးနေခြင်းပင်။ သူမရှေ့တွင် သူက သဘောထားကြီးသူကြီးပမာ ထင်မြင်သွားစေချင်သည်။

သို့သော်လည်း သူနှင့် ဝမ်ရင်းတို့မှာ မည်သို့မျှ မဖြစ်နိုင်ကြောင်း လျိုဟိုင်နင် နားလည်ပေသည်။ ထို့ကြောင့် ငါးမရ ရေချိုးပြန်မည်ဟု ကြိမ်းဝါးကာ ဝမ်လုကို စိတ်ထဲတွင် တေးထားလိုက်၏။

လင်းရီနှင့် ပတ်သက်၍ကတော့ သူ့တွင် အကောင်းမြင်လိုစိတ် တစိုးတစိမျှ မရှိချေ။

ယခုလို မြီးကောင်ပေါက်အရွယ်တွင် သူတို့၏ စိတ်ကူးယဉ်ဆန်သော အတွေးများမှ မနိုးထနိုင်သေးသည့် လူငယ်များဖြစ်သည့် အလျောက် ကမ္ဘာကြီးကို သိမ်းပိုက်စိုးမိုးချင်စိတ်များ ရှိနေသည်မှာ သဘာဝပင်။ တစ်လောကလုံးရှိ အလှလေးများကို သူတို့အပိုင်ဟု တွက်ထားကြ၏။ အကယ်၍ တစ်စုံတစ်ယောက်မှ ထိုအမျိုးသမီးကို တိတွေ့နှစ်သက်သည်ကို မြင်ရပါက မိမိနှင့် မဆိုင်သော်လည်း တစ်ဖက်လူကို အကြီးကြီးမုန်းတီးသွားမည်မှာ မလွဲကေန်ပင်။

လင်းရီလည်း လျှိုဟိုင်နင်၏ အတွေးများကို နားလည်ပေသည်။

သို့သော်လည်း သူထို ချာတိတ်လေးအတွက် တိတ်တဆိတ် ဝမ်းနည်းပေးရုံသာ တတ်နိုင်၏။

ဆောတီးပါညီလေးရာ.....မင်း ကြွေနေတဲ့ မမကြီးက မင်းကိုကြီးရဲ့ ကောင်မလေး ဖြစ်ပြီးသားကွ...

"အဲ့လိုဆိုလည်း အတူသွားကြစို့လေ..."တူးယို့ ရှမ်းမှ ပြောလိုက်ပြီး "ငါတော့ သွားကြည့်ဖို့ မစောင့်နိုင်တော့ဘူး...."

"အွန်း သွားစို့...မက်ထရိုပိုလစ်စီ သွားကြမယ်..."

တက်ကြွနေကြသည့် လူငယ်လေးတို့မှာ နိုက်ကလပ်တက်ရန်အတွက် သူတို့၏ တောင်ပံများကို ဖြန့်ကားပြီး အားပါးတရ ဟစ်ကြွေး

လိုက်ကြ၏။ သူတို့ နိုင်ကလပ်တက်ရန် မစောင့်နိုင်တော့ပါ။

ကားသုံးစီးမှာ မက်ထရိုပိုလစ်သို့ တစ်စီးပြီး တစ်စီး ဦးတည်လိုက်ကြ၏။ ကာလာစုံနေသည့် မီးအလင်းရောင် ဆိုင်းဘုတ်ကြီးနှင့် လူငယ်များစွာတို့မှာ ကလပ်ထဲသို့ ဝင်ချည် ထွက်ချည်ပြုနေကြ၏။ သို့သော်လည်း သူတို့ တစ်ကိုယ်လုံးတွင်တော့ ချိန်းကြိုးများ၊ နားပေါက်များ၊ တက်တူးတို့ဖြင့် ဖုံးလွှမ်းနေလေသည်။

၎င်းကိုမြင်တော့ လီျုဟိုင်နင်နှင့် ကျန်သူများမှာ အနည်းငယ် ရှိန်သွားခဲ့ကြသည်။

ယခုလို နေရာမျိုးသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သောကြောင့် ထိုမြင်ကွင်း တို့နှင့် နေသားမကျသေးချေ။

"ကောင်းပြီ..နင်တို့ အထဲဝင်သွားကြလေ..အစ်မတို့ အပြင်မှာ စောင့်နေမယ်..."

ဝမ်ရင်းမှ ပြောလိုက်၏။

"ဒါ...."

လျိုဟိုင်နင်နှင့် ကောင်လေးတစ်ချို့မှာ ချီတုံချတုံ ဖြစ်နေကြ၏။

အထူးသဖြင့် အပြင်သို့ ထွက်လာကြသည့် လူငယ်တို့မှ သူတို့ကို ထူးဆန်းသည့် မျက်ဝန်း တို့ဖြင့် ကြည့်နေသည့် အခိုက်အတန့်တွင်တော့ ပို၍ မသက်မသာ ခံစားနေကြရသည်။

အကယ်၍ ကောင်လေးများတောင် ထိုသို့ ခံစာနေရလျှင် ကောင်မလေးများဆိုလျှင်တော့ ပိုလို့တောင် အခြေနေဆိုးနေကြ၏။

အမှန်တကယ်တွင်တော့ ထိုကလပ်သို့ ဝင်ထွက်နေကြသည့် လူငယ်တို့မှာလည်း တစ်ချိန်လုံး အပြင်ထွက် ရန်ဖြစ် မိုက်ကြေးခွဲနေကြသည့် လူငယ်များလည်း မဟုတ်ကြချေ။ ဝါသနာအရ တက်တူးများထိုးထားခြင်းသာ ဖြစ်၏။

ထူးဆန်းစွာ ကြည့်နေကြသည် ဆိုသည်မှာလည်း သူတို့ ဇဝေဇဝါ ဖြစ်နေကြခြင်းသာ။ အဘယ်ကြောင့် အရွယ်ရောက်ပြီးသား လူကြီးနှစ်ယောက်မှ နို့နံ့တောင် စင်သေးမည့်ပုံမပေါ်သေးသည့် ကျောင်းသားများကို

ခေါ်၍ ကလပ်သို့ ဘာလာလုပ်လဲဆိုတာကို ထူးဆန်းနေကြသည်။

"မင်းတို့ကောင်တွေက ခုနလေးတင် ကဲမယ် ပြဲမယ်နဲ့ ဟစ်ကြွေးနေကြတာ မဟုတ်လား ကွ..ခုကျတော့ အထဲဝင်သွားဖို့တောင် ကြောက်နေကြပြီပေါ့..."

"ဘယ်သူက ကြောက်..ကြောက်နေလို့လဲ..."လျှိုဟိုင်နင် အသံအိုးမသိမသာ တုန်ခါစွာဖြင့် ဆိုလိုက်ပြီး "ကျုပ် ဒီကို တစ်ခေါက်ရောက်ဖူးပြီးသား...လူပျိုလေးလို့ ထင်မနေနဲ့..."

"အဲ့တာဆိုလည်း ဝင်လေကွာ..."

လျှိုဟိုင်နင် သူ၏ ရှိစုမဲ့စု သတ္တိလေးများကို ဖျစ်ညစ်ကာ ကျောကိုမတ်လိုက်ပြီး "သွားကြ

စို့…လူတိုင်း ငါ့နောက် လိုက်ခဲ့ကြ..မဝင်ခင် ကြိုပြောထားမယ်..အထဲမှာ လူတွေ အများကြီးရှိမှာဆိုတော့ မင်းတို့အားလုံး ငါ့နောက် ကပ်လိုက်ခဲ့ကြမှရမယ်…"

"အိုကေ…"ကျန်သည့် ယောကျာ်းလေးများမှ သံပြိုင် ပြောလိုက်ကြ၏။

"မမ….လုလုနည်းနည်း ကြောက်နေလို့..မမ ကောအထဲလိုက်ခဲ့ပါလားဟင်…"ဝမ်လုမှ ဝမ်ရင်း၏ လက်ကို ဆုပ်ကိုင်လျက် တိုးညင်းစွာ ပြောလိုက်သည်။

ကျန်သည့် မိန်းကလေးများလည်း ဝမ်ရင်းနှင့် လင်းရီကို တစ်ပြိုင်တည်း ကြည့်လိုက်ကြသည်။

သူမတို့၏ မျက်လုံးထဲတွင်တော့ လျှိုဟိုင်နင်ကဲ့သို့ ကောင်ကလေးမှာ သေချာပေါက်မှီခို၍ ရမည်မဟုတ်ချေ။ လင်းရီကဲ့သို့ ရင့်ကျက်ပြီး ယောက်ျားပီသသူမျိုးကသာလျှင် သူမတို့ကို လုံခြုံသည်ဟူသော ခံစားချက်ကို ပေးနိုင်စွမ်းရှိ၏။

ဝမ်ရင်းလည်း လင်းရီကို သူဘယ်လိုတုန့်ပြန်မလဲဆိုတာကို သိချင်စိတ်ပြင်းပြစွာဖြင့် စူးစိုက်ကြည့်လိုက်သည်။

"ခဲအိုလောင်းကြီး...နင်ကော လုလုတို့နဲ့ လိုက်ခဲ့လေ..."ဝမ်လု လင်းရီ၏ လက်မောင်းကို ခါရမ်းရင်း ပြောလိုက်၏။

"ငါက လိုက်လို့ အဆင်ပြေတယ်..ဒါပေမယ့် ငါရှိနေရင် မင်းတို့က လွတ်လပ်ပါ့မ

လား..တော်နေကြော အနှောင့်ယှက် ဖြစ်နေတော့မှဖြင့်....."

"မဟုတ်တာ....အဲ့လိုမျိုးမဖြစ်ပါဘူး"တူးယို့ရွှမ်း၏ မျှော်လင့်ချက်တို့ ပြည့်နှက်နေသည့် မျက်ဝန်းတို့ဖြင့် ကြည့်လိုက်၏။

"ဟုတ်တယ်..ဦးလေးကြီးကလည်း..လိုက်ခဲ့ပါနော်..."ကျန်သည့် မိန်းကလေးများလည်း ဝိုင်းဝန်းတောင်းဆိုကြတော့၏။။

မိန်းမငယ်လေးများ မည်မျှစိတ်လှုပ်ရှားနေသည်ကို မြင်တော့ ဝမ်ရှင်း တိတ်တဆိတ် ခေါင်းခါရမ်းမိလိုက်သည်။

ကြည့်ရသည်မှာတော့ အထက်တန်းကျောင်းသူလေးများမှာ လင်းရှီ၏ ထိန်းချုပ်မှုအောက်၌ ရှိနေသည့်ပုံပင်။

"ကောင်းပြီ ..ငါလိုက်ခဲ့ပေးမယ်..."

"ရေး...."မိန်းကကလေးများအားလုံး ပျော်ရွှင်ဝမ်းမြောက်သွားကြပြီး "မြန်မြန် မြန်မြန်...အထဲမှာ ဘယ်လိုပုံစံတွေရှိလဲဆိုတာတွေ့ရဖို့ မစောင့်နိုင်တော့ဘူး...."

လင်းရီအားကိုးဖြင့် ဝမ်လုနှင့် သူငယ်ချင်းတစ်သိုက်တို့မှာ နိုက်ကလပ်ထဲသို့ ဝင်ရောက်ရမည်ကို ကြောက်ရွံ့ခြင်း မရှိကြတော့ပဲ စိတ်လှုပ်ရှားစွာဖြင့် ဝင်ရောက်သွားကြ၏။

"ဟမ့်..ငါလည်း မင်းတို့ကို အထဲခေါ်သွားပေးနိုင်ပါတယ်ကွ..."လျိုဟိုင်နင်မှ အထင်သေးစွာ ပြောဆိုလိုက်၏။

အမှန်ဆို သူမှာ ယနေ့ည၏ အဓိကဇာတ်ဆောင် ဖြစ်ရပေမည်။ မျှော်လင့်မထား

စွာဖြင့် လင်းရီမှ သူ၏ နေရာကို ခိုးယူသွားခဲ့၏။

လျှိုနှင်ချန် နိုက်ကလပ်ထဲသို့ ဝါကင့်သမ္ဘာရင့်ကြီး စတိုင်ဖြင့် ခေါင်းမော့ရင်ကော့စွာ ဝင်ရောက်သွားခဲ့သည်။

မိန်းကလေးများကတော့ ယင်းကို အလေးတောင် မထားပေ။ သို့သော်လည်း လျှိုဟိုင်နှင်လို့ ယောက်ျားလေးများအတွက်ကတော့ ၎င်းကသူတို့၏ ဂုဏ်သိက္ခာကြီးပင်တည်း။

"ဦးလေးကြီး..မြန်မြန်..နှင် နောက်မှာ ကျန်နေခဲ့ဦးမယ်နော..."

"အေးပါဟ..အေးဆေးပါ..."

လင်းရီ ပြုံးလိုက်ပြီး ဝမ်ရင်းကို ကြည့်ကာ "သူတို့က အစ်မရင်းကိုကြတော့ မမတဲ့ ကျွန်တော့်ကို ကျတော့ ဦးလေးကြီး တဲ့...ကျွန်တော်က အစ်မရင်းထက် ဘယ်လို လုပ်ပြီး မျိုးဆက်တစ်ဆက်လောက် ကြီး သွားခဲ့တာ..."

ဝမ်ရင်း တခစ်ခစ်ရယ်မောလိုက်ပြီး လင်း ရီ၏ နားထဲသို့ လေသံတိုးတိုးလေးဖြင့် "အစ်မလည်း မောင်လေးရီကို ဒယ်ဒီလို့ ခေါ် မယ်ဆိုရင်ကော..."

"မကောင်းဘူးထင်တယ်နော..အစ်မရင်းသာ အဲ့လိုခေါ်လိုက်ရင် ကျွန်တော့်မှာ သမီးနှစ် ယောက် ရှိတဲ့ပုံစံ ဖြစ်သွားမှာပေါ့..."

"ဘယ်လို...အစ်မရင်းတစ်ယောက်တည်းက မလောက်သေးဘူးပေါ့..ခု နင်က လုလုကိုပါ ကြံနေပြီပေါ့လေ.."

"မဟုတ်တာတွေ..ကျွန်တော်က အဲ့လောက် ကြီးလည်း လောဘမကြီးပါဘူးဗျ..."

"ဒီလိုမှပေါ့..."ဝမ်ရင်းပြောလိုက်ပြီး "နင်သာ အစ်မတစ်ယောက်တည်းကိုပဲ နိုင်အောင် ထိန်းစမ်းပါဦး..."

"ဟမ့်..ကျွန်တော်သာ ကျီချင်းရန်ကို သိမ်းပိုက်ပြီးလို့ကတော့ အစ်မရင်းနဲ့ အချီ သုံးရာလောက် ဆွဲပစ်လိုက်ဦးမယ်..."

"အမ်...မမ...နင်တို့ ဘာတွေလဲ ပြောနေကြ တာ..ဘာကို အချီသုံးရာလဲဟင်..."ဝမ်လု နောက်သို့လှည့်၍ မေးမြန်းလိုက်၏။

"အာ..."ဝမ်ရင်း မည်သို့ ပြန်ဖြေရမှန်းမသိ ဖြစ်သွားခဲ့၏။

"နားကြားမှားနေတာ..."လင်းရီ ပြောလိုက်ပြီး "နင်တို့ ပိုက်ဆံမလောက်ရင် ငါ့နား တောင်း လို့ရတယ်လို့ ပြောမလို့..."

"မလိုပါဘူး..ကျုပ်တို့ ခင်များနား ပိုက်ဆံ တောင်းဖို့မလိုဘူး..ကျုပ် လုံလုံလောက် လောက် ယူခဲ့တယ်..ဒီမှာ တစ်လလောက် အပြတ်ကဲဖို့ဆိုတာ လုံးဝ ပြဿနာ မရှိဘူး..."

ထိုသို့ပြောရင်း လျိုဟိုင်နင် သူ၏ ဖုန်းကို ထုတ်ကာ "ဒီမှာ ဖုန်းနဲ့ ငွေချေလို့ရလား..."

ဘာတင်ဒါမှ လျိုဟိုင်နင်နှင့် ကျန်သူများကို စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်၏။ ဤ အထက်တန်းကျောင်းသားလေးများမှာ

အတော်လေးစိတ်ဝင်စားဖို့ ကောင်းသည်ဟု ခံစားလိုက်ရသည်။

သူတို့ ယခုမှ ပထမဆုံးအကြိမ် ရောက်ဖူးကြပုံပင်။

"ကျိုးဟိုင်က အဆင့်မြင့်မြို့ဖြစ်ပြီးတော့ အီလက်ထရောနစ်နဲ့ ငွေချေတဲ့ စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ မြို့လေး..ဆိုတော့ ဒါပေါ့..မင်းဖုန်းနဲ့ ငွေချေလို့ရတယ်...."

**အခန်း(၃၄၁)**

ဘာတင်ဒါမှ သူ့ကို စနောက်သလိုလုပ်နေကြောင်း ခံစားမိသော်လည်း လျှိုဟိုင်နင် တည်ငြိမ်ချင်ယောင် ဆောင်လိုက်၏။

"ကျုပ်တို့ သီးသန့်ခန်း တစ်ခန်း လိုချင်တယ်..ကြီးကြီးလေး တစ်ခန်းပေး..."

"သီးသန့်ခန်းအတွက် စရံက နှစ်သောင်း....မင်းရှေ့က ကုတ်ကို စကာန်ဖတ်ပြီးတော့ ပေးချေလို့ရတယ်... "

နှစ်သောင်းဟူသည့် ပမာဏကို ကြားတော့ ဝမ်လုနှင့် ကျန်သူများ တိတ်တဆိတ် ရှော့ခ်ရသွားခဲ့ကြသည်။

သူတို့ ဘာမျှ မလုပ်ရသေးသော်လည်း စရံငွေ နှစ်သောင်း တောင်းနေပြီးဖြစ်၏။ ကျိုးဟိုင်မှာ မြို့ကြီးပြကြီး ဖြစ်ထိုက်ပေသည်။

ယွမ်နှစ်သောင်းမှာ သေးငယ်သည့် ပမာဏ မဟုတ်သော်လည်း လျိုဟိုင်နင်အတွက်တော့ လက်ခံနိုင်သည့် အတိုင်းအတာအတွင်း၌ တည်ရှိနေသေးသည်။

စရံငွေ ပေးချေပြီးနောက် အုပ်စုမှာ စားပွဲထိုး၏ ဦးဆောင်မှုအောက်တွင် ဒုတိယထပ်သို့ ရောက်သွားခဲ့ကြသည်။

"ငါတို့ အခန်းထဲမှာ အေးဆေးကဲပြီးရင် ကတဲ့အထပ်ကို သွားကြရအောင်လား... "တူယွီရှမ်းမှ ပြောလိုက်၏။

"မမ...ဟိုမှာ ချောင်ကောကောလေးတွေ သူတို့ ကနေကြတာ အရမ်းမိုက်တာပဲနော်."

"ဟုတ်တယ် ဟုတ်တယ်...ငါလည်း သွားချင်တယ်...ကြည့်ရတာ ပျော်ဖို့ ကောင်းမယ့်ပုံပဲ..."

ဝမ်ရင်း ခေါင်းအသာရမ်းမိလိုက်သည်။ ဤကောင်မလေးများမှာ အထဲသို့ ရောက်လာသည့် အချိန်တွင်တော့ ပိုပိုဆိုးသွမ်းလာကြပုံပင်။

"မင်းတို့ အရင် ဝင်သွားနှင့်ကြဦး..."

တံခါးဝသို့ ရောက်သည့် အခါတွင်တော့ လင်းရှီက ပြောလိုက်ပြီး "ငါ သန့်စင်ခန်း ခဏသွားလိုက်ဦးမယ်...."

လူတိုင်း တစ်ခွန်းမျှ မပြောဘဲ ခေါင်းညိမ့်လိုက်ကြ၏။

သန့်စင်ခန်း ဝင်ပြီးနောက် လင်းရီ ငါးထပ်မြောက်သို့ တက်သွားလိုက်သည်။

ဤအထပ်မှာ ယောင်တုန်းလိုင်နှင့် လျိုချုန်းတို့ အလုပ်လုပ်သည့် နေရာဖြစ်ပြီး ရောက်တုန်းရောက်ခိုက် လီချင်းဖုန်းအကြောင်း ပြောပြပြီး ကိုင်တွယ်ခိုင်းရန်ပင်။

လင်းရီ တံခါးကို ကန်ကျောက်ပြီး ဖွင့်လိုက်၏။ ထိုအခါ အထဲတွင်တော့ နှစ်ယောက်သားမှာ ကောင်မလေးကိုယ်စီကို ပေါင်ပေါ်တင်၍ ဇိမ်ခံနေကြသည်။

"ဟာ....ဘော့စ်လင်း..ဆိုင်းမဆင့်ဗုံမဆင့်ကြီး ပါလားဗျ...."

နှစ်ယောက်သား မတ်တပ်ရပ်လိုက်ပြီး ဆိုဖာပေါ်၌ ထိုင်ရန် ဖိတ်ခေါ်လိုက်ကြ၏။

"ဘော့စ်သူငယ်ချင်းတွေနဲ့ ဒီလာခဲ့တာလား..ဘယ်အခန်းလဲ...ကျုပ်တစ်ခုခု သွားပို့ခိုင်းလိုက်မယ်လေ..."

ယောင်တုန်းလိုင်မှ ပြောလိုက်၏။

"ပေးချင်ရင်လည်း သဘောပဲ..ငါတော့ ပိုက်ဆံ မပေးဘူး....နည်းနည်းပါးပါး ပို့တာလောက်ကတော့ အဆင်ပြေတယ်... ဘာပဲဆိုဆို မင်းတို့လည်း စီးပွားရေးလုပ်နေတာမလား...ငါ အခွင့်အရေး သိပ်မယူချင်ဘူး."လင်းရီ ပုံမှန်လေသံဖြင့် ဆိုလိုက်၏။

ဤအချက်ကြောင့်လည်း ယောင်တုန်းလိုင်နှင့်လျိုချန်းတို့မှာ လင်းရီကို နှစ်နှစ်ကာကာလေးစားနေကြခြင်းပင်။ လင်းရီတွင် လက်အောက်ငယ်သားတို့အပေါ် စာနာ

ညှာတာတတ်သည့် နှလုံးသားတို့ ရှိပေသည်။ အချို့ဘော့စ်များဆိုလျှင် လက်အောက်ငယ်သားဆိုပါက အရိုးပါ စွပ်ပြုတ်လုပ်သောက်ကြ၏။

"ဘော့စ်လင်းတွေးနေတာကို ကျုပ်တို့ နားလည်တယ်..ဒါပေမယ့် အသီးတစ်ချို့နဲ့ ဘီယာ လေးငါးလုံးလောက် ပို့ပေးတာက ဘာမှ မကုန်ပါဘူးဗျ...ကျုပ်တို့ အဲ့လောက်တော့ တတ်နိုင်ပါသေးတယ်..."

"အချင်းချင်းတွေကိုပဲကွာ..အဲ့လောက်ကြီး လောကွတ်ချော်မနေနဲ့.."လင်းရီ လက်ကို ဝှေ့ယမ်းလိုက်ပြီး "ငါဒီနေ့ ရောက်လာခဲ့တာက ကိစ္စရှိလို့ပဲ...အရင်နေ့တုန်းက မင်းတို့ ကောင်တွေကို လီချင်းဖုန်းကို မှတ်သွား

အောင် ပညာပြပေးခဲ့ဖို့ ငါမပြောထားခဲ့ဘူး လား..အဲ့ကောင်ကခု သောက်ချိုးမပြေတဲ့ အပြင် ငါ့ကို လက်စားချေဖို့ဆိုပြီး လူတွေ တောင် လိုက်ရှာနေတယ်လို့ သတင်းရထား တယ်.....အသင့်ပြင်ထား..မင်းတို့ကောင်တွေ သူ့ကို ဒီတစ်ခေါက်တော့ အရိုးထဲထိစွဲနေ အောင် ပညာပေးရမယ်..ငါ့မျက်စိရှေ့မှာ ပေါ် ကို မလာခဲ့စေနဲ့...."

"ဟမ်...ကျွန်တော်နဲ့ အစ်ကိုကြီးချင်တို့ ကိုယ်တိုင် လာကြမ်းသွားတာတောင်မှ အဲ့ ကောင်က မကျေနပ်သေးဘူးပေါ့..."ယောင် တုန်းလိုင် ကောက်ကျစ်စွာ ပြုံးလိုက်ပြီး "ဒီဝက်ဖက်တီးက အရင်တုန်းကတော့ ရို ရိုကျိုးကျိုးလေး...ခုတော့ ဘယ်သူ့အားကိုးနဲ့

လာပြီး အာခံနေရဲပါလိမ့်...ကြောင်းမှန်းကန်းမှန်း သိအောင်လို့တော့ ပညာပြပေးဦးမှ တူတယ် "

"ငှက်တွေက အစာကြောင့်သေတယ်..လူတွေက လောဘကြောင့်သေတယ်..ငါတို့ကို ငွေမပေးချင်လို့ ဒီလိုလုပ်တာလည်း အဆန်းကြီးတော့ မဟုတ်ပါဘူး..."

လင်းရိ ပြောလိုက်ပြီး "မင်းတို့ကို အချိန်ရှိရင် ဒီဇာတ်ရှုပ်ကို ဖြေထားလို့ လာပြောတာ... အဲ့ကောင်ကို ငါ့ရှေ့မှာ ဘယ်တော့မှ ပြန်ပေါ်မလာစေနဲ့....."

"နားလည်ပါပြီဘော့စ်..ကျုပ် မနက်ဖြန်ကျရင် သူ့ဆီကို လူတွေ လွှတ်လိုက်ပါ့မယ်..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "မင်းတို့ ကြည့်ကြပ် လုပ်လိုက်ကြကွာ..ငါသွားတော့မယ်..."

"ဟုတ်ကဲ့ ဖြည်းဖြည်းသွားပါဘော့စ်.."

အခန်းသို့ ပြန်ရောက်လာသည့် အချိန်တွင်တော့ ဝမ်လုနှင့် ကျန်သူများမှာ ကာရာအိုကေ စဆိုနေပြီ ဖြစ်ကြောင်း တွေ့လိုက်ရသည်။

တစ်ယောက်ချင်းစီတိုင်းမှ မိုက်တစ်လုံးစီဖြင့် သီချင်းတစ်ပုဒ်ကို ဟဲနေကြ၏။

'ဘယ်လိုတောင် ဖြုန်းတီးလိုက်သလဲ' လင်းရီ သူ့ဘာသူ တွေးလိုက်ပြီး ' ဒီနေရာက ကာရာအိုကေနဲ့ တူနေတယ်ဆိုပေမယ့် ချမ်းသာတဲ့ သခင်လေးတွေ ချစ်ရည်လူးဖို့ လုပ်ထားပေးတာကွ....အဲ့တာကို မင်းတို့ကောင်တွေက

အတည်ကြီး ကာရာအိုကေ ဆိုနေကြတယ် ပေါ့လေ...ဒါကြီးကတော့ ရိုးအ လွန်းသွားပါပြီကွာ...'

ကလင် ကလင် ကလင်

ထိုအချိန်တွင် လင်းရီ ဖုန်းသံ မြည်လာခဲ့၏။

ချင်းဟန်မှ ဖုန်းခေါ်လာခဲ့ခြင်းပင်။

"လင်းကြီး...မင်း နိုက်ကလပ်ရောက်နေတယ်လို့ ငါသတင်းရထားတယ်..."

လင်းရီ ဘာမျှ မပြောရသေးခင် ချင်းဟန်ဘက်မှ ပြောလာခဲ့၏။

"ဟ...ခုလေးတင် ရောက်တာပါဟ.."လင်းရီ ပြုံးလိုက်ပြီး "ငါခုမှရောက်လာတာကို မင်းဆီ

သတင်းရောက်နေပြီဆိုတော့...မင်းရဲ့ ကွန်ရက်ကလည်း အံ့မခန်းပါလားကွ..."

"ခေါင်းတုံးလို့ ပြောပြတာ..."ချင်းဟန် ပြော လိုက်ပြီး "လင်းကြီး ..မင်းက ကလပ်သွားတာ တောင်မှ ငါ့ကို မခေါ်ဘူးဆိုတော့ မင်း..မင်း ကွာ...."

" သောက်ပိုတွေ လာလုပ်မနေနဲ့....အပြင်လူ တွေနဲ့ မို့ မခေါ်တာ..."လင်းရီပြောလိုက်ပြီး "မ ပူပါနဲ့..ငါမင်းကို ညစာ တစ်ဝိုင်း လိုက်ကျွေးရ ဦးမယ်ဆိုတာ မှတ်မိပါသေးတယ်..."

"ငိုးပဲ ငိုးပဲ ...အဲ့တာဆိုလည်း ဘာတွေ စောင့် နေတာ..ဒီနေ့ပဲ ပြင်လိုက်တော့လေကွာ.."ချင်း ဟန်ပြောလိုက်ပြီး "ငါခု လျန်ကြီး၊ ကောင်း ကြီးတို့နဲ့ ရှိနေတာ...ခု မင်းဆီကို လာနေပြီ... "

ချင်းဟန်မှ စိတ်လှုပ်ရှားစွာဖြင့် ပြော လိုက်၏။

"သောက်ကျိုးနည်း...မင်းတို့ကောင်တွေက မက်ထရိုပိုလစ်ကို မရောက်ဖူးတာကျနေတာ ပဲ..ဘာလို့ အဲ့လောက်တောင် စိတ်လှုပ်ရှားနေ ကြတာ..."

"မင်း အထင် လွဲနေပြီဟျောင့်..ငါတို့က မင်း ရှိနေလို့ လာဖို့လောနေတာ မဟုတ်ဘူး..."

"အဲ့တာဆို ဘာလို့လဲ..ဝမ်ရန်လည်း မရှိတော့ ဘူးလေ ...."

"ဘာလို့လဲဆိုတော့ မင်းရဲ့ မျက်လုံးကို ယုံလို့ တဲ့ဟေ့.."ချင်းဟန်ပြောလိုက်ပြီး "မင်းနဲ့ပါတဲ့ ကောင်မလေးတွေဆို သေချာပေါက် အလှ

လေးတွေပဲ ဖြစ်မှာ သေချာတယ်..စောင့်နေ ဟျောင့်..ငါတို့ခု ရောက်တော့မယ်...."

"လခွမ်းပဲလေ..."

ချင်းဟန်ကို တားမရတာ မြင်တော့ လင်းရီ လည်း ဘာမျှ ဆက်ပြောမနေတော့ချေ။

ထို့ပြင် ချင်းဟန်ရောက်လာပါကလည်း ကန့်ကွက်သူ ရှိလိမ့်မည် မဟုတ်။

"ဦးလေးကြီး...နင့် သူငယ်ချင်းတွေက လာမ လို့တဲ့လား..."

ကိုယ်ကို ယိမ်းတိမ်းရင်း သီချင်းဆိုနေသည့် တူးယွီရှမ်းမှ သီချင်းဆိုတာကို ခဏရပ်ရင်း မေးမြန်းလိုက်၏။

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "အင်း...ငါရောက်နေတာသိတော့ လာမယ် တကဲကဲ လုပ်နေတာ..တားမရတာနဲ့ လာခဲ့လိုက်ကွာလို့..."

"ကောင်းတာပေါ့..လူများတော့ ပိုပြီးအသက်ဝင်တယ်လေ..."တူယွီရှမ်း ပြောလိုက်သည်။

"ခင်များက ဘာလို့ လူတွေ ထပ်ခေါ်လိုက်တာ..ကျုပ်တို့ချည်းတောင်မှ အခန်းက မလောက်ချင်ပါဘူးဆိုနေမှ အလကားအလုပ်ရှုပ်အောင်လို့..."လျိုဟိုင်နင် မကျေမနပ်ဖြစ်စွာဖြင့် ပြောလိုက်သည်။

သူ့အလိုသာဆိုပါက လင်းရီကို မျက်စိရှေ့မှ မောင်းထုတ်ပြီးဖြစ်၏။

ထိုအရာကိုလည်း ငနဲမှ အလိုက်မသိစွာ သူ၏ အပေါင်းသင်းများကိုပါ ဖိတ်ခေါ်လိုက်သည့် အချိန်တွက်တော့ ပို၍ပင် အမြင်ကပ်သွားခဲ့ သည်။

"နင်လည်း နင့် ဝမ်းကွဲကို မခေါ်ဘူးလား...နင် ပြောတော့ လုမျှားလေ ကောင်းလေပဲ ဆို..ဦးလေးကြီးကျတော့ သူ့သူငယ်ချင်းတွေ ကိုကို ခေါ်လို့ မရဘူးတဲ့လား.."တူယွီရှမ်းမှ လင်းရိကိုယ်စား ရန်ပြန်တွေ့လိုက်၏။

"ဟုတ်တယ်..အမှန်ပဲ.."ဝမ်လုလည်း ထောက်ခံလိုက်ပြီး "နင်ပိုက်ဆံ ကုန်မှာ ကြောက်နေရင်လည်း ငါတို့ နောက်ကျ မျှပေး လို့ရတယ်..."

"လုလု..မင်းကလည်း ငါက အဲ့သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူးကွ....."လျှိုဟိုင်နင် ကိုး ရို့ကားယား ပြုံးလိုက်ပြီး "ငါ့မိသားစုက သိပ် မချမ်းသာဘူးဆိုပေမယ့် ဒီလောက် ငွေကြေး လေးတော့ ပါးပါးလေးပဲ ရှိသေး တယ်...နောက်ပြီး ငါ့ဝမ်းကွဲဆို ငါ့ထက် တောင် ပိုပြီး ပေါသေး....ငွေကို ရေလို သုံးနေ တဲ့ကောင်...သူ့ဘော်ဒါတွေ လာလည်း ငွေ အကြောင်း စိုးရိမ်စရာ မလိုဘူး... "

လျှိုဟိုင်နင် သူ့ဝမ်းကွဲကို ခေါ်လိုက်သည့် အကြောင်းရင်းကတော့ သူ၏ အတွေ့အကြုံ တို့ဖြင့် မက်ထရိုပိုလစ်ရှိ အခြေနေများကို မ ထိန်းချုပ်နိုင်သောကြောင့်ပင်။

သူ၏ မွေးရပ်မြေလေးမှာ တတိယတန်းစား မြို့ငယ်လေးတစ်မြို့သာဖြစ်ပြီးထိုနေရာရှိ နို က်ကလပ်များမှာ မက်ထရိုပိုလစ်နှင့် ယှဉ် ရက်စရာတောင် မရှိပေ။ထို့ကြောင့် အားကိုး သည့် အနေဖြင့် သူ၏ ဝမ်းကွဲကို ခေါ်လိုက် ခြင်းဖြစ်၏။

"ဟိတ်....ငါတို့ အောက်ဆင်းပြီး လမ်းလေး ဘာလေး လျှောက်ကြည့်ရအောင် လေ..အခန်းထဲမှာ နေရတာ ပျင်းဖို့ ကောင်း တယ်..."တူးယီရှမ်းမှ ပြောလိုက်သည်။

"ငါတော့ အောက်ထပ်ကို သွားပြီး ရှောင် ကောကောတို့ ရှောင်ကျယ်ကျဲတို့ ကတာ ကြည့်ချင်တယ်..."

"ငါရောပဲ..."

ထိုသို့ ပြောပြီးနောက် ဝမ်လု ဝမ်ရင်းကို ကူညီတောင်းဟန်တို့ဖြင့် ကြည့်လိုက်၏။ အကယ်၍ ဝမ်ရင်းသာ ခွင့်မပြုပါက သူမ ဘာမျှ မလုပ်ဝံ့ချေ။

"ရောက်လာပြီးမှတော့ သွားချင်ရင် သွား လေ..."

သူမတို့ ရောက်လာပြီးမှတော့ မသွားနဲ့ဟု ပြောပြန်လျှင်လည်း မကောင်းချေ။ အခြား သူများပျော်ရွှင်နေသည်ကို ထိုင်ကြည့်ခိုင်း လောက်ရသည်အထိ သူမ စိတ်မမာခဲ့။

"ရေး...."ဝမ်လု ပျော်ရွှင်သွားခဲ့ပြီး ခုန်တောင် ခုန်မိသွားခဲ့သည်။။ ထို့နောက် ကျန်သူများ ဘက်သို့ လှည့်ကာ "သွားကြစို့...ရှောင်ကော ကောတွေကို သွားငမ်းကြမယ်..."

"ငါတို့ စောင့်သင့်တယ် ထင်တယ်နော..."လို့ ဟိုင်နင် ပြောလိုက်ပြီး "ငှါဝမ်းကွဲက ဒီကို လာနေကြ...ခဏနေဆို သူရောက်လာတော့မှာ ..အဲ့အချိန်ကျ ငါတို့ အောက်ဆင်းမယ်ဆိုရင်လည်း ငါတို့ သူများအနိုင်ကျင့်မှာကို ကြောက်စရာမလိုတော့ဘူး..."

## အခန်း (၃၄၂)

"မလိုပါဘူး..ဦးလေးကြီး တစ်ယောက်လုံး ဒီမှာရှိနေတာကို ဘယ်သူ့သွားကြောက်ရမှာ..."တူယွှီရှမ်းမှ ပြောလိုက်၏။

"မင်းနားမလည်ပါဘူးကွာ..မက်ထရိုပိုလစ်ဆိုတာက အဆင့်မြင့် ကလပ်ကြီးကွ..ဒီမှာ

အတန်းမျိုးစုံက လူတွေ စုဝေးနေကြတာ..တကယ်လို့ တစ်ခုခုဖြစ်လာပါပြီရဲ့..သူ့လို ရုံးဝန်ထမ်းလေးက ကိုင်တွယ်နိုင်မှာတဲ့လား...ငါ့ဝမ်းကကွဲလာတာကို စောင့်တာက ပိုကောင်းတယ်...."

လျိုဟိုင်နင်မှ လုံးဝငြင်းဆိုနေသောကြောင့် ကျန်သူများလဲ ဘာမျှမပြောတော့ချေ။ မည်သို့ပင်ဆိုစေ ဘေလ်ရှင်းမည့်သူမှာ လျိုဟိုင်နင်ပင်။ ထို့ကြောင့် သူ့ကို မျက်နှာသာပေးလိုက်ကြ၏။

မိနစ်အနည်းငယ်ကြာပြီးနောက် သီးသန့်ခန်းတံခါး ပွင့်လာခဲ့သည်။

အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အပြင်မှ ရောက်လာကြ၏။

ငါးယောက်လုံးမှာ အသက်နှစ်ဆယ်ကျော် လေးများသာ ဖြစ်ပြီး လင်းရီနှင့် ရွယ်တူနီးပါး လောက်ပင်။

သူတို့အားလုံး ဖက်ရှင်ကျနစွာဝတ်ဆင်ထား ကြပြီး မည်မျှ သက်တောင့်သက်သာဖြစ်နေ ကြောင်းကို ကြည့်ပါက ကလပ်၌ ပုံမှန်လာ ရောက်နေသူများဖြစ်ကြောင်း သိသာနေလေ သည်။

"ဝမ်းကွဲ..မင်းရောက်လာပြီပေါ့..."

အမျိုးသားနှစ်ယောက် ဝင်လာသည်ကိုမြင် တော့ လျိုဟိုင်နင် မတ်တပ်ရပ်ပြီး ကြိုဆို လိုက်၏။

"အားလုံးပဲ..မင်းတို့ကို မိတ်ဆက်ပေး မယ်...ဒါက ငါ့ရဲ့ဝမ်းကွဲ လင်းဟောင်ရှန်း..."

ထိုသို့ ပြောပြီးနောက် လှိုုဟိုင်နင် ကျန်သူများကို လင်းဟော်ရှန်းနှင့် မိတ်ဆက်ပေးလိုက်၏။

သို့သော်လည်း ဝမ်ရင်းကို မြင်သည့် အချိန်တွင်တော့ လင်းဟော်ရှမ်း၏ မျက်လုံးများ အရောင်တောက်လာခဲ့သည်။ အနှီမိန်းကလေး၏ ဟန်ပန်အမူအရာမှာ နိုက်ကလပ်ရှိ အခြားမိန်းကလေးများထက် ပို၍ တမူထူးနေလေသည်။ လုံးဝကို အိမ်ထောင်ရှင်မကောင်း တစ်ယောက်ဖြစ်မည့်ပုံပင်။ သူမ၏ လုံးရင်းတင်းကိတ်နေသည့် ကိုယ်လုံးကိုယ်ပေါက်တို့ကို ကြည့်ရင်း လင်းဟော်ရှန်း မြည်းစမ်းချင်စိတ်တို့ တဖွားဖွား ပေါ်ပေါက်လာခဲ့သည်။

ဒီကောင် လျှိုဟိုင်နင်က တကယ်မဆိုးဘူးပဲကွ..ဒီလောက်လန်းတဲ့ စော်လေးတွေ ခေါ်လာခဲ့ပေးတယ်ဆိုတော့ ဒီည လှုပ်ရှားရတော့မယ်နဲ့တူတယ်...

"ညီမလေးတို့..မင်းတို့ ဒီလို လျှောင်ပိတ်နေတဲ့ သီးသန့်ခန်းထဲမှာ နေစရာအကြောင်းကို မရှိတာ..ခုမှ စာမေးပွဲလည်း ပြီးထားတယ်ဆိုတော့ အောက်ထပ်သွားပြီး စိတ်ဖိစီးမှုတွေကို လွှတ်ထုတ်ပစ်ကြတာပေါ့..."

လင်းဟောက်ရှန်းမှ သဘောတူသည်ကိုမြင်တော့ လျှိုဟိုင်နင် ယုံကြည်ချက်များ ပြည့်ဝသွားပြီး "လူတိုင်းပဲ...ဒီကနေ့ စိတ်ကြိုက်တာ ပျော်ကြ...နားမလည်သာရှိရင် ငါ့ဝမ်းကွဲကိုသာမေးလိုက်..ဒီနေ့ မင်းတို့

အချိန်ကောင်းလေးတွေ ရှိစေရမယ်ဆိုတာ အာမခံတယ်..."

"အမှန်ပဲ..ငါက ဒီကိုလာပြီးပျော်နေကျလေ..ဒီကဘောစ်နဲ့လည်း ရင်းနှီးတယ်..ညီမလေးတို့ လုပ်ချင်ရာသာလုပ်...ဘာမှ စိတ်ပူစရာ မလိုဘူး..."လင်းဟော်ရှမ်း အပြုံးလေးဖြင့် ပြောလိုက်၏။

မိန်းမငယ်လေးများကတော့ အသစ်အဆန်းများ ကြုံတွေ့ရန် စိတ်အားထက်သန်နေကြပြီး လင်းဟော်ရှန်းလည်း သူမတို့ကို အခန်းထဲမှ ဦးဆောင်ထွက်လာခဲ့လိုက်သည်။

လင်းရီနှင့် ဝမ်ရင်းတို့လည်း ကောင်မလေးများနောက်မှ လိုက်လျက် "ဒီမှာ လူတွေ ဒီလောက်များမယ်လို့တောင်

ထင်မထားဘူး..ဒီလိုသာဆိုရင်တော့ အိမ်ပြန်နောက်ကျတော့မယ်ထင်တယ်..မောင်လေးရီ ပင်ပန်းတယ်ဆိုရင်လည်း ပြန်တော့လေ..အစ်မကို ဘာမှ စိတ်မပူနဲ့..."

လင်းရီ၏ လက်များက ဝမ်ရင်း၏ ခါးရှိ အသားစိုင်လေးများကို ဖျစ်ညစ်ကာ ပြုံးလိုက်ပြီး "ဟိုကောင် သောက်ရူး လင်းဟော်ရှန်းးက အစ်မရီကို မြင်တော့ မျက်လုံးကျွတ်ကျမတတ်ဖြစ်နေတာကို ကျွန်တော်က ဘာမှ စိတ်မပူပဲနဲ့ အစ်မရီကို ထားခဲ့ရက်မယ်လို့များ ထင်နေလား..."

ဝမ်ရင်း ရှက်ကိုးရှက်ကမ်းလေး ဖြစ်သွားခဲ့ပြီး လင်းရီအနားသို့ကပ်ကာ လေသံတိုးတိုးလေးဖြင့် "တို့ရဲ့ ရီလေးက သူ့ရဲ့အစာကို အရမ်း

ကာကွယ်တတ်မယ်လို့တောင် ထင်မထားဘူး..."

"သဘာဝပဲလေ..."

"မပူနဲ့ သူတို့မစားစေရပါဘူး...ဒီရဲ့ အစာကမောင်လေးရီအတွက်ပဲလေ"

"ဒီလိုမှပေါ့..."

တရွေ့ရွေ့ဖြင့် အုပ်စုမှာ အောက်ထပ်သို့ရောက်လာခဲ့ကြသည်။

"ဒီမှာ ကတဲ့အထပ်က ဘာလို့ နှစ်ထပ်တောင်ရှိနေတာလဲဟင်...."ပထမထပ်ကို ရောက်သည့် အချိန်တွင်တော့ ဝမ်လုမှ သိချင်စိတ်ဖြင့် မေးမြန်းလိုက်၏။

"ညီမလေးက မသိဘူးပေါ့..."လင်းဟော်ရှန်း ပြောလိုက်ပြီး "ဒီရဲ့ ကတဲ့အထပ် သေးသေးလေးက နယူဘီလေးတွေ သုံးတာ...ကိုကြီးတို့လို ဝါရင့်နေတဲ့ သူတွေကျ အပေါ်ထပ်မှာ ပျော်ကြတာလေ...လာ ဒီကနေ့ ညီမလေးတို့ကို အတွေ့ကြုံရအောင် ခေါ်သွားပေးမယ်.. "

ဝမ်လုနှင့် ကျန်သူများအားလုံးခေါင်းညိမ့်လိုက်ကြသည်။

ဒရာမာအကယ်ဒမီသို့ ဝင်ရောက်ကြမည့်သူများ ဖြစ်သည့်အလျောက် သင့်တင့်သလောက်တော့ ကတတ်ပေသည်။ ထို့ကြောင့် မည်သို့မျှ စိတ်လှုပ်ရှားခြင်း မရှိကြချေ။

"ဘာတွေဖြစ်နေတာလဲ..ဘာလို့ ဒီလူတွေက ညီမတို့ကို လမ်းဖယ်ပေးနေကြတာလဲတဲ့..."တူးယွှီရှမ်းမှ သိချင်စိတ် ပြင်းပြစွာဖြင့် မေးမြန်းလိုက်သည်။

လင်းဟောက်ရှန်းလည်း အနည်းငယ် ဇဝေဇဝါ ဖြသ်နေလေသည်။

သူတို့က ငါ့ကို မြင်တော့ ဘာလို့ အလိုအလျောက် လမ်းပေးနေကြတာလဲဟ...

"ကြည့်..မစ္စတာလင်း ရောက်နေတာပဲဟ..."

"ဒီတော့သူက နင့်ရဲ့ အိပ်မက်မင်းသားလေး ပေါ့...ဒဏ္ဍာရီဆန်တဲ့ ပုဂ္ဂိုလ်ကြီးက မက်ထရို ပိုလစ်ကို ရောက်လာခဲ့တာပဲပေါ့..ဒီမှာ တွေ့ရမယ်လို့တောင် ထင်မထားဘူး..."

"ငါ ဒါကို မှတ်တမ်းတင်ထားရမယ်...ဒါကြီးက အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းလိုက်တာဟယ်...."

ဘေးနားရှိ လူများ ဆွေးနွေးနေကြသည့်အသံကိုကြားတော့ လင်းဟော်ရှမ်းမှာ ပို၍စိတ်လှုပ်ရှားလာခဲ့သည်။

"ဝမ်းကွဲ..သူတို့ ပြောပြောနေကြတဲ့ မစ္စတာလင်းဆိုတာက မင်းလား...."

"အင်း...ငါထင်တာ မမှားဘူးဆိုရင် သေချာပေါက် ငါပဲ ဖြစ်ရမယ်...."လင်းဟော်ရှန်း အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဘာပဲဆိုဆို ငါက ဒီလာနေကြလေ..ဒီကလူတွေအားလုံးကိုတောင်မှ ဝယ်တိုက်ဖူးသေး

တယ်..ဆိုတော့ ငါ့ကို မှတ်မိနေတာ မဆန်းပါဘူးကွာ..."

"ဟုတ်လောက်မယ်...ဒီမှာ မျိုးရိုးနာမည်လင်း ဆိုလို့ ဝမ်းကွဲနဲ့ ဝမ်လုရဲ့ ခဲအို နှစ်ယောက်တည်းရှိတာလေ..ဟိုက ကလပ်တောင် မတက်ဖူးတဲ့ ရုံးဝန်ထမ်းဆိုတော့ သေချာပေါက် ဝမ်းကွဲပဲ ဖြစ်ရမယ်...."

"မင်းပြောတာ အဓိပ္ပာယ်ရှိတယ်"

လင်းဟော်ရှန်း လူတိုင်းကို လက်ဝှေ့ယမ်းပြီး ပြုံးပြလိုက်၏။ သူ သာမန်ကာလျှံမျှ လာလည်သော်လည်း ယခုလို အလေးပေး ဆက်ဆံခံရလိမ့်မည်လို့ မျှော်လင့်မထားခဲ့ပေ။

သူရှေ့ရောင် ကတ်တစ်ကတ်ကို ထုတ်၍ စားပွဲထိုးထံ ကမ်းလိုက်သည်။

"ငါ့ညီ..တစ်ဝိုင်းလောက် လုပ်စမ်းကွာ...."

"ရက်စ်ဆာ....ကျေးဇူးပြုပြီး ခဏလောက် စောင့်ပေးပါဗျ..."

"ဝမ်းကွဲ...ငါ ကတ်ပေါ်မှာ မက်ထရိုပိုလစ်ဆို တဲ့ စာလုံးတွေ မြင်လိုက်သလိုပဲ..အဲ့ကတ်က ဒီက မန်ဘာကတ်ကတ်ကြီးလား...."လျိုဟိုင် နင် မေးမြန်းကြည့်လိုက်သည်။

"အင်း..ဒါက မက်ထရိုပိုလစ်ရဲ့ အရည်သွေး မြင့် မန်ဘာကတ်လေ...ဒီလိုကတ်မျိုးဆိုတာ က ငွေတစ်သိန်းလောက် သုံးထားပြီးမှ ရတာ..."လင်းဟော်ရှန်း အပြုံးလေးဖြင့် ပြော လိုက်ပြီး "ကလပ်ဖွင့်ပွဲတုန်းက လာပြီး ဆာပို့

လုပ်ပေးတော့ အေးဆေးတစ်ကတ်ရတယ်လေ..ဒါနဲ့ဆို ဘာပဲမှာမှာ ၇၀% ဒစ်စကောင့်ရတယ် ..တန်တယ်မလား...."

"ဒါကြီးက နည်းနည်းလေး မဆင်မခြင် မဖြစ်လွန်းဘူးလား.ဟ..ကတ်လေးတစ်ကတ်ကို ယွမ်တစ်သိန်းပေးဝယ်ရတယ်ဆိုတော့.... "

"ဒီတိုင်း ယွမ်တစ်သိန်းလေးပါကွာ...နောက်လေးငါးရက်ဆို ပြန်ရပြီ..."

"ဝမ်းကွဲ..မင်းက သောက်ရမ်းမိုက်လွန်းတယ်...အနာဂတ်ကျရင် မင်းဆီကနေပဲ သင်ယူရတော့မှာ...."

"ဘာတွေ လာမြှောက်ပြောနေတာ..အချင်းချင်းတွေကိုကွာ.."လင်းဟော်ရှန်း သူ့လက်များကို မောက်မာစွာ ဝှေ့ယမ်းလိုက်

ပြီး "ညီမလေးတို့..ဒီနေ့ မင်းတို့ မီးနူးပေါ်မှာရှိ သမျှ ကြိုက်တာသာ မှာစားကြ..ကိုကြီးရှင်းမယ်...အားမနာနဲ့နော်...ဒီကိုကြီးက အရမ်းသြော့ဝတ်ကြေချင်နေတာ...လူတိုင်း...သောက်ရမယ်..စားရမယ်...ပျော်ရမယ်..ဒါပဲ...."

မိန်းကလေးအချို့မှာ ခေါင်းညိမ့်ပြီး လင်းဟော်ရှန်း၏ စေတနာကို အသိမှတ်ပြုလိုက်ကြသည်။

ထိုသူမှာ လင်းရီလောက် မခန့်ညားသော်လည်း ပိုက်ဆံသုံးပေးသောကြောင့် ကျေးဇူးတင်ရပေမည်။

"မြင်လား...ငါ့ဝမ်းကွဲရောက်လာရင် လူတိုင်းရှော့ခ်ရသွားကြလိမ့်မယ်လို့ ပြောထားတယ်မလား..."လျိုဟိုင်နင် မောက်မာဝင့်ကြွားစွာ

ပြောဆိုလိုက်ပြီး "ဒီတော့ အားလုံးပဲ ငါ့ဝမ်းကွဲကို မစွတာလင်းလို့ ခေါ်လိုက်ကြ..ဒါက လူတိုင်း ခေါ် နိုင်တဲ့ ဂုဏ်ဒြပ် မဟုတ်ဘူးနော်..."

"ထားလိုက် ဟိုင်နင်..အားလုံးက ပျော်ဖို့ လာကြတာလေကွာ....ပြီးတော့ အားလုံးက အချင်းချင်းတွေကိုပဲ..ငါဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး.."

"ဝမ်းကွဲ..မင်းဒီလောက်ထိ ငွေဝင်ကြမ်းနေတာ မထူးဆန်းတော့ဘူး... နောက်ဆုံးတော့ မင်းရဲ့ နိမ့်ချတဲ့ နေထိုင်မှုက သူများတွေ တုပလို့ ရတဲ့အရာမဟုတ်ဘူးလေ..."

လျိုဟိုင်နင် ရယ်မောပြောဆိုလိုက်သည်။

"တကယ်လို့ ငါသာဆိုလို့ကတော့ လူတိုင်းသိအောင် နေ့တိုင်း ကြွားလုံးထုတ်နေမှာ..."

"အဲ့ဒါကလည်း မင်းက ငယ်သေးလို့ပါကွာ..အသက်ကြီးလာတဲ့အချိန်ကျ အဲ့လိုအတွေးတွေ ရှိတော့မှာ မဟုတ်ဘူး..."လင်းဟော်ရှန်း ခြေတင်ချိန်ထိုင်လျက် ပြောလိုက်၏။ သူ၏ ခံစားချက်ကင်းမဲ့နေသည့် အမူအရာမှာတော့ တစ်စုံတစ်ယောက်ကို ထောက်ပြနေသည့်ပုံစံပင်။

"ကောင်းပြီ..အရင်ဆုံးသောက်ကြ

ရအောင်..မင်းတို့ကောင်တွေကို နောက်မှပဲကတဲ့နေရာ ခေါ်သွားပေးမယ်...."

"အိုကေ ...ငါတို့လည်း မစောင့်နိုင်တော့ဘူး...."

ထိုအချိန်တွင်ပဲ လင်းရီတို့ ထိုင်သည့် နေရာအနားတွင် အုတ်အုတ်ကျပ်ကျက် ဖြစ်နေသည့် အသံများ ညံလာခဲ့၏။

"ငိုးမသားတွေ ယီးမို့ လမ်းလာပိတ်နေတာလားကွ...ရှေ့ကငနွား..ငါဖင်ဆောင့်ကန်မိတော့မယ်"

အနောက်မှ ဆဲဆိုသံများကို ကြားတော့ ကြည့်ရှုနေကြသူများမှာ အလိုအလျောက် လမ်းဖယ်ပေးလိုက်ကြသည်။

လူများစွာမှာ အရက်ပုလင်းများ၊ ဘီယာပုလင်းများ၊ သစ်သီးပန်းကန်များကို ကိုင်လျက် လင်းဟော်ရှန်းတို့ထံ ရောက်လာကြလေသည်။

"မစ္စတာလင်း ဒီရောက်နေမယ်လို့ ထင်မထား
တော့ဘာမှတောင် ကြိုမပြင်ထားလိုက်ရ
ဘူး...ဒီတော့ ကျုပ်အော်ဒါမှာထားတဲ့ Ace of
spades ဆိုတာလေး မြည်းကြည့်ပါဦးဗျ...."

"မစ္စတာလင်း..ဒါက ကျုပ်ညီလေး အဖေ့ရဲ့
အရက်သေတ္တာထဲက ခိုးလာတဲ့ Lafite 82
လေး..မြည်းစမ်းကြည့်ပါဦး.... "

"အစ်ကိုလင်း..ညီမကတော့ ပိုက်ဆံမရှိလို့
အသီးပန်းကန်လေးပဲ မှာလိုက်တယ်
နော်...စိတ်မရှိဘူးမို့လားဟင်..."ဆံပင်အတို
နှင့် မိန်းကလေးမှ အသံစာစာလေးဖြင့် ပြော
လိုက်၏။

"မစ္စတာလင်း ကျုပ်တို့ကလည်း ဘောစိတွေ မဟုတ်ဘူးဆိုတော့ ဘီယာနှစ်ဖာပဲ တတ်နိုင်တယ်ဗျာ...လက်ခံပေးပါဦး..."

"ပြီးတော့ ဒါက ကျုပ်တို့ရဲ့...."

စားပွဲဝိုင်းပေါ်တွင် ပစ္စည်းများမှာ တောင်ပုံယာပုံ ဖြစ်နေပြီး သောက်စရာများဆိုလျှင် မနက်ဖြန် နံနက်အထိ သောက်လျင်တောင် ကုန်သွားမည့်ပုံ မပေါ်ချေ။

လင်းရီ ပြုံးလိုက်မိသည်။ ဤလူများမှ သူ့ထံသို့ လက်ဦးမှုရယူ၍ လက်တောင်ပဏ္ဏာများကို ပို့သလာခဲ့၏။ ထို့ကြောင့် သူလည်း အခါအခွင့်သင့်ပါက အားလုံးအတွက် တစ်ခေါက်လောက် ရှင်းပေးရမည့်ပုံပင်။ သူ့ဘက်မှလည်း ကပ်စေးအရမ်းနည်း၍ မဖြစ်ချေ။

စားပွဲပေါ် ရှိ ပစ္စည်းများကို ကြည့်ရင်း လျိုဟို င်နင်မှာတော့ ပါးစပ်အဟောင်းသား ဖြစ်နေ လေသည်။

သူ၏ ဝမ်းကွဲမှာ ထိုမျှ သြဇာကြီးမားလိမ့်မည် လို့ ထင်မှတ်မထားခဲ့ချေ။

သူထိုင်ရုံမျှရှိသေး လူအများကြီးမှ လက်ဦးမှု ရယူကာ ပစ္စည်းများ ပို့ပေးလာခဲ့သည်။ ယင်း က အံ့သြစရာပင်။

လုံးဝကို အံ့သြစရာပင်တည်း။

"မင်းတို့ မြင်ကြလား..အထင်ကြီးစရာ ကောင်းတယ်ဆိုတာက ဘာကို ခေါ်တာ လဲ...ဒါကိုခေါ်တာပဲလေ..."လျိုဟိုင်နင် ကျော ကို ဖြောင့်တန်းနေအောင် ထား၍ ပြောလိုက် ပြီး "ငါ့ရဲ့ ဝမ်းကွဲကြောင့်သာ မဟုတ်ဘူးဆို

ရင် မင်းတို့တစ်သက်လုံး ဒီလို စုဝေးပွဲကြီးကို မြင်ဖူးမှာတောင် မဟုတ်ဘူး...."

တူးယွိရှမ်းနှင့် ကျန်မိန်းကလေးများမှာ တိတ်တဆိတ် အံ့အားသင့်သွားခဲ့ကြသည်။

ကျိုးဟိုင်ကဲ့သို့ ဟွာရှ၏ အချမ်းသာဆုံး မြို့ကြီးတွင် လျိုဟိုင်နင်၏ ဝမ်းကွဲမှာ ထိုမျှ ဂုဏ်သတင်းကြီးမားနေလိမ့်မည်လို့ သူမတို့ ထင်မထားခဲ့ချေ။

သူ့ရှေ့ရှိ ကောင်မလေးများ အထင်ကြီးနေသည့် မျက်ဝန်းတို့ဖြင့် ကြည့်နေသည်ကို မြင်တော့ လင်းဟောက်ရှန်း ဘဝင်မြင့်သွားခဲ့ပြီး "ကိုယ့်လူတို့ကတော့ ယဉ်ကျေးလွန်းနေပါပြီ..ကျုပ်က ကျုပ်ဝမ်းကွဲရဲ့ သူငယ်ချင်းတွေနဲ့ ဒီတိုင်း လာပျော်ပါးတာကို အသီးတွေ ဝိုင်

တွေ လာပေးနေတယ်ပေါ့..ကျုပ်ကို အားနာအောင်လို့ လုပ်နေကြတာပဲဗျ...."

"ငိုးပဲ ဒီကောင်က ဘာလာရောင်းနေတာလဲ ဟ....လစ်လိုက်ဟျောင့်..ငါတို့က မင်းကို ပေးနေတာမဟုတ်ဘူး...မိမိုက်သလို လာလုပ်မနေနဲ့..."

လင်းဟော်ရှန်း အေးခဲသွားခဲ့၏။

ဒီစားပွဲဝိုင်းမှာ ရှိနေကြတဲ့သူတွေကလည်း သာမန်လူတွေပဲလေ...ဒီတော့ သူကလွဲပြီး ဒီလိုဆက်ဆံခံရဖို့ ဘယ်သူက ထိုက်တန်ဦးမှာလဲဟ...

"ခင်များတို့က ကျုပ်ကိုပေးတာ မဟုတ်ဘူးဆိုတော့ ဘယ်သူ့အတွက်မို့လို့လဲ...."

"အဟမ်း...သူတို့ပြောနေကြတဲ့ မစ္စတာလင်း ဆိုတာက ငါ့ကိုပြောနေကြတာလို့တော့ ထင် တာပဲ...." လင်းရီ အပြုံးလေးဖြင့် ပြောလိုက် သည်။

**အခန်း (၃၄၃)**

"ဘာ....ဘာပြောလိုက်တယ်..."

လင်းဟော်ရှုန်း အထိတ်တလန့်ဖြစ်သွားခဲ့ပြီး ထခုန်လုနီးပါး ဖြစ်သွားခဲ့၏။

ထိုအခိုက်အတန့်တွင် လင်းရီထံ၌ ပါဝါမည်မျှ ရှိနေလဲဆိုတာကိုပင် တွေးမတတ်တော့ပေ။

"မဖြစ်နိုင်တာ...ခင်မျှားက ဒီတိုင်း ဘာမဟုတ်တဲ့ ရုံးဝန်ထမ်းလေးပဲ မဟုတ်လား...ဒီကိုတောင်မှ သူမျှားနား ကပ်စီးပြီး လိုက်ခဲ့ရတာလေ....ခင်မျှားလိုလူက ဒီလောက် လူတွေအများကြီးနဲ့ သိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..."

လျိုဟိုင်နင်မှ ပြောလိုက်သည်။

လင်းရှီ နှာခေါင်းပွတ်လိုက်ပြီး ပြုံးကာ "တကယ်တမ်းကျတော့ ငါ ဒီလူတွေကို မသိဘူး...သူတို့ကသာ ငါ့ကို သိနေကြတာ..."

"သူ...သူတို့အားလုံးက ခင်မျှားကို သိနေကြတယ်...."

ဝမ်ရင်းမှလွဲ၍ လူတိုင်း လင်းရီ မည်မျှ ဩဇာကြီးမားလဲဆိုတာကို နားမလည်နိုင်ကြတော့ချေ။

ဤသည်က လုံးဝ အမေးဇင်းပင်။

"လုလု..ဦးလေးကြီးက တကယ်ကော ရုံးဝန်ထမ်းဟုတ်ရဲ့လားဟယ်...."တူးယွီရှမ်း အသံနိမ့်၍ မေးလိုက်ပြီး "ငါတော့ ဖြစ်နိုင်မယ်မထင်ဘူး...."

"ငါ....ငါလည်း မသေချာဘူး...."

"ကောင်းပြီ..တိုးတိုးနဲ့ ပြောမနေကြနဲ့...နင်တို့ ဦးလေးကြီးရဲ့ ဇစ်မြစ်က ထင်သလောက် မရိုးရှင်းဘူး...."ဝမ်ရင်း ပြောလိုက်၏။

"လျို့ဝှက်ထားတဲ့ ဇစ်မြစ် ရှိသေးတာလား..."

မိန်းကလေးများ၏ မျက်လုံးထဲတွင် ကြယ်ရောင်များကဲ့သို့ တလက်လက် တောက်ပသွားခဲ့ကြသည်။

သူမတို့ မျက်လုံးထဲတွင်တော့ လင်းရီမှာ နိုဗယ်ထဲရှိ အဓိကဇာတ်ဆောင်တစ်ဦး ဖြစ်လို့လာချေခဲ့ပြီ။

နေ့တွင်တော့ သူ၏ ဇစ်မြစ်ကို ဖော်ထုတ်ထားခြင်းမရှိသည့် သာမန် ရုံးဝန်ထမ်း စာရေးလေးပင်။ သို့သော်လည်း ညအခါတွင်တော့ ကမ္ဘာကြီးကိုပင် လှုပ်ခါနိုင်သည့် လူပုဂ္ဂိုလ်အဖြစ်သို့ ပြောင်းလဲသွား၏။

ထို့ပြင် လင်းရီမှာ ချောမောလွန်းလှသည်။ ခိုင်းနှိုင်းစရာ စကားလုံးတို့ ကင်းမဲ့ရလောက်သည်အထိ ခန့်ညားလွန်းလှ၏။

"လျိုဟိုင်နင်..နင်တော့ လူမှားပြီနဲ့ တူတယ်...အုံ့သြဖို့ကောင်းတာက နင့်ဝမ်းကွဲ မဟုတ်ဘူး...ဦးလေးကြီးပဲ...."တူးယွီရှမ်းမှ ပြောလိုက်သည်။

"ဒါ...."

လျိုဟိုင်နင် ကသိကအောက်ဖြစ်စွာ ပြုံးလိုက်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေခဲ့သည်။

"မမ...လုလုရဲ့ ခဲအိုက ဒီလောက် သြဇာကြီးတာ တောင်မှ နင်က ဘာလို့ မပြောပြတာ..."ဝမ်လု စိတ်ကောက်နေဟန်ဖြင့် ပြောလိုက်ပြီး "ဒါဆို အိမ်နားမှာ ရပ်ထားတဲ့ လွိုင်ကန်ကလည်း ခဲအိုရဲ့ ကားပဲမလား....လုလုကို အမှန်အတိုင်း ပြောရမယ်နော်...."

သူမ၏ အစ်မမှာ လူလတ်တန်းစားတို့ နေထိုင်သည့် အိမ်ယာတွက် နေသောကြောင့် ပတ်ဝန်းကျင် ထိုမျှ ဈေးကြီးသည့် စူပါကား ကို မောင်းနိုင်သည့်လူ မရှိလောက်ချေ။

ထို့ကြောင့် သူမအစ်မမှာ ဝမ်လုကို လိမ်ညာ နေသည်ဟု ခံစားရနေ၏။

"နောက်မနေစမ်းနဲ့...အဲ့လွိုင်ကန်က သန်း၆ဝ ကျော်တန်တဲ့ကားကွ..ဘယ်သူက တတ်နိုင် မှာ..."

လျိုဟိုင်နင် မျက်နှာရှုံ့မဲ့စွာဖြင့် ပြောလိုက် သည်။

"အဲ့တာ တကယ်ကြီး သူ့ရဲ့ကားပဲ..."ဝမ်ရင်း ပြောလိုက်ပြီး "နင့်ကို ပြောပြလိုက်ရင်

လျှောက်ကြွားနေမှာစိုးလို့ တမင်သပ်သပ် မပြောပြလိုက်တာ...."

လိုျုပှိုင်နင်နှင့် ယောကျ်ားလေးများအားလုံး မှင်တက်သွားခဲ့ကြသည်။

တကယ်ကြီး သူ့ကားပေါ့လေ....

ဒါကြီးက သောက်ရမ်း ပြဇာတ်ဆန်လွန်းသွားပြီ..

"ဘာလို့ အားလုံးက မကဘဲနဲ့ ညလယ်ကြီး ဒီမှာ လာစုနေကြတာလဲဟ...."တစ်စုံတစ်ယောက် စကားပြောသည့် အသံကို ကြားတော့ လူတိုင်း လှည့်ကြည့်လိုက်ကြသည်။

"သခင်လေးချင်း...."

ချင်းဟန်ကို မြင်တော့ လင်းရီနှား ဝိုင်းအုံနေကြသည့် သူတို့မှာ အလိုအလျောက် လမ်းဖယ်ပေးလိုက်ကြ၏။

"ဟယ်လို သခင်လေးချင်း..."

ချင်းဟန် ရောက်လာသည်ကို မြင်တော့ လင်းဟော်ရှန်း ဦးညွှတ်အရိုသေ ပေးလိုက်ပြီး "အားလုံးနဲ့ မိတ်ဆက်ပေးမယ်..ဒါက ကျိုးဟိုင်ရဲ့ အင်ပါယာ ချင်းဟန်...လူတိုင်း သူ့ကို အပြင်မှာ မတွေ့ဖူးကြပေမယ့် လိုင်းပေါ်မှာတော့ သခင်လေးချင်း အကြောင်းတွေ ကြားဖူးကြလောက်မှာပါ..."

ဝမ်လု၊ တူးယွီရှမ်းနှင့် အခြားမိန်းကလေးများမှာ ချင်းဟန်ကို တောက်ပသည့် မျက်ဝန်းတို့ဖြင့် ကြည့်လိုက်ကြသည်။

ချင်းဟန်မှာ အင်တာနက်ပေါ်တွင်ပါ လူကြိုက်များ ရေပန်းစားသူတစ်ဦးဖြစ်၏။ မိန်းကလေးတိုင်းမှ ဆုံတွေ့ရန် စိတ်ကူးယဉ်နေကြရသူလည်း ဖြစ်သည်။ အကယ်၍ သူမတို့သာ ဒဏ္ဍာရီလာ ချင်းဟန်အကြောင်း မကြားဖူးပါက ကျောက်ခေတ်မှ လာသည့်လူများ ဖြစ်သွားပေလိမ့်မည်။

"အစ်မရင်း...အစ်မကော ဒီရောက်နေတယ်ပေါ့..."

ဝမ်ရင်းကို မြင်သည့် အချိန်တွင်တော့ လီနာမှာ ရင်းနှီးသည့် အစ်မကြီးတစ်ယောက်ကို မြင်လိုက်ရသည့် အလည်း လက်မောင်းကို အပြေးကလေး သွားဖက်လိုက်သည်။

ဝမ်ရင်း လီနာအပေါ် ထင်မြင်ချက်တစ်ချို့ ရှိလေသည်။ သူမ BMW ဒရိုင်ဘာ၏ ခြိမ်းခြောက်ငွေညစ်ခံရစဉ်အခါက လီနာမှာ သူမဘက်မှ ရပ်တည်ပေးခဲ့၏။

"မြင်လား..ငါဘာပြောခဲ့လဲ..လင်းကြီးနဲ့ ကလပ်မှာ ပျော်တာက ဆိုးတဲ့အကြံ မဟုတ်ပါဘူးလို့..."ချင်းဟန်မှ ရယ်မောလျက် ဆိုလိုက်သည်။

"အစ်ကိုကြီးလင်းကတော့ လုံးဝကို ဆရာကြီးပဲ...အစ်ကိုကြီးဘေးနားက ကောင်မလေးတွေက ကျွန်တော်တို့ ရှာတွေ့တဲ့ မိန်းကလေးတွေနဲ့များ တခြားစီပဲ...."

ကောင်းကျိုးယွမ်မှ ပြောလိုက်၏။

"သူတို့က လှရုံတင်မဟုတ်ဘူးကွ..ငယ်လည်း ငယ်တယ်..."လျှန်ကျင်းမင်မှ ပြောလိုက်ပြီး "ဘာပဲ ဆိုဆိုကွာ အစ်ကိုကြီးလင်းက အတော်ဆုံးပဲ...."

"တော်ပြီဟျောင့်တွေ ..ဟာသလာလုပ်မနေကြနဲ့..."လင်းရီ ဝမ်လုကို ညွှန်ပြလိုက်ပြီး "သူက အစ်မရင်းရဲ့ညီမလေး..ကျန်တဲ့သူတွေက သူ့ရဲ့ အတန်းဖော်သူငယ်ချင်းတွေ...အပြင်လူတွေ မဟုတ်ဘူး..."

"ဒီတော့ အားလုံးက တစ်လှေတည်းစီးတဲ့ သူတွေပေါ့...အဲ့လိုဆို ပိုတောင်ကောင်းသေး..."ချင်းဟာန် ပြုံးလိုက်ပြီး "ဒီနေ့ အားလုံးပဲ ပျော်ကြရအောင်..ဘောလ်ကတော့ မစ္စတာလင်းပဲ ကြည့်ရှင်းလိမ့်မယ်..."

"ရေး....."

"မစ္စတာလင်းကွ...."

"မစ္စတာလင်း သက်တော်ရာကျော်ရှည်ပါစေ...."

"မစ္စတာလင်း...ကျွန်မရှင့်ကို ချစ်မိနေလို့...."

"ငိုးပဲ မင်းတော့ ငါ့ကို ရောင်းစားသွားပြန်ပြီ..."လင်းရီ အပြုံးလေးဖြင့် ကျိန်ဆဲလိုက်၏။

"မင်းမှာ ပိုက်ဆံတွေက ပေါလွန်းလို့ ကူဖြုန်းပေးနေတာဟ...မလိုဘူးဆိုရင်လည်း မလိုဘူးပေါ့ကွာ..အဲ့လောက် ပိုက်ဆံအများကြီး မသုံးဘဲထားတာ နှမြောဖို့ ကောင်းလွန်းတယ်..."

"အိုကေ..မင်းနိုင်တယ်...."

ဒီတိုင်း ဘေလ်လေးမျှသာ ဖြစ်ပြီး များများ စားစား ကုန်ကျလိမ့်မည် မဟုတ်ချေ။ လင်းရီ လည်း ထိုမျှ ပမာဏလေးကို ထည့်တွက်မနေ တော့။

ထိုအချိန်တွင် ဝမ်လုနှင့် ကောင်မလေးတို့မှာ လင်းရီကို လေးစားကိုးကွယ်သည့် အကြည့် တို့ဖြင့် ကြည့်နေကြသည်။

ဒါက အထက်တန်းလွှာမှာရှိတဲ့ လူတွေရဲ့ တကယ့်စစ်မှန်တဲ့ နေထိုင်မှုပုံစံကြီးလားဟင်...

သူမတို့ အနာဂတ်၌ ထိုအသိုင်းအဝိုင်းထဲသို့ ခြေလှမ်းချခွင့်ရှိမလားတောင် မပြောတတ် တော့ပေ။

ဘန်း...

လူတိုင်း ပျော်မြူးနေကြစဉ် မက်ထရိုပို လစ်၏ ဝင်ပေါက်ဝမှာ ဖျက်ဆီးခံလိုက်ရ၏။

အသံကြားတော့ လူတိုင်း ရှော့ခ်ရသွားခဲ့ကြ သည်။

သူတို့ အားလုံး လှည့်ကြည့်လိုက်သည့် အခါ တွင်တော့ လူတစ်ဒါဇင်ခန့်မှာ အမျက်ထွက် နေသည့် မျက်နှာတို့ဖြင့် ဝင်ရောက်လာခဲ့ ကြ၏။ သူတို့၏ ပုံစံမှာ ပျော်ချင်ပါးချင်၍ ရောက်လာကြသည့်ပုံမပေါ်ပေ။

"ငါ့ရှေ့ကနေ ဖယ်ကြစမ်း..."အုပ်စု၏ ခေါင်းဆောင်ဖြစ်သူမှ လက်ထဲတွင် ဘော့စ် ဘောတုတ်ကို ကိုင်ကာ ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ယောင်တုန်းလိုင်နဲ့ လျို့ချန်းကို ခေါ်ခဲ့ကြ စမ်း..."

၎င်းကိုမြင်တော့ လင်းရှီ မျက်မှောင်ကြုတ်မိလိုက်သည်။

သူ ထိုလူများကို မသိသော်လည်း တစ်ယောက်ကိုတော့ အသေအချာကြီး မှတ်မိနေလေသည်။

ထိုသူက လီချင်းဖုန်းပင်။ ချောင်ကျင်းချိုး သူ့ကို သတိပေးခဲ့စဉ်အခါက လက်စားလာချေရန် အချိန်အတော်လေး လိုနေသေးလိမ့်မည်ဟု ထင်မှတ်ထားခဲ့၏။ သို့သော်လည်း ယခုလို မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မည်လို့ မျှော်လင့်မထားချေ။

"ဒီကောင်တွေက ဘာလာလုပ်တာလဲဟ .."

ချင်းဟန် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး တစ်ဖွာလောက် ဖွာကာ လေးနက်စူးရှသည့် မျက်ဝန်းတို့ဖြင့် ပြောလိုက်၏။

"မင်း အဲ့ကောင်တွေနဲ့ ရင်းနှီးတာလား..."

လင်းရီ မေးလိုက်သည်။

"တံခါးဝနားမှာ ပါးစပ်ထဲ စီးကရက်ခဲထားတဲ့လူကို မြင်လား..."

"အေး..."

"သူ့နာမည်က ကျန်းအောင်...ဝမ်မာဇီရဲ့ တပည့်တပန်းတွေထဲက တစ်ယောက်ပဲ..."ချင်းဟန်ပြောလိုက်ပြီး "သူ့ရုပ်ကြည့်ပြီးတော့ အထင်တော့ သွားမသေးလိုက်နဲ့...လက်ရည်ကတော့ တကယ်ကို မိုက်

တာ...ငါကြားထားတာတော့ အဲ့ကောင်က မ ထင်ရင် မထင်သလို လူသ-တ်တယ်ဆို ပဲ....ဟုတ်မဟုတ်တော့ ငါလည်း သေချာမသိ ဘူး..."

"သူက ယောင်တုန်းလိုင်တို့ လျိုချင်းတို့နဲ့ ယှဉ် နိုင်တာလားဟ"လင်းရီ မေးလိုက်၏။

"ဘယ်ကသာ လျိုကြီးတို့ထက်ကို တစ်ဆင့် မြင့်သေးတယ်...."ချင်းဟန် ပြောလိုက်ပြီး "ကျိုးဟိုင်မှာ ယောင်တုန်းလိုနဲ့ လျိုချန်းတို့က အကောင်သေးသေးလေးတွေ မဟုတ်ဘူးဆို ပေမယ့် သူတို့နဲ့ အဆင့်ချင်းတူတဲ့ သူတွေရှေ့ မှာကျတော့ ဘာမှမဟုတ်တော့ဘူး..."

"တတ်ခြားတစ်ဖက်မှာကျ ဝမ်မာဇီနဲ့ ကျန်း အောင်တို့က လုံးဝကို အခြေခိုင်တဲ့ ပုံရိပ် တွေ...ငါပြောတာ နားလည်တယ်မလား..."

"အင်း နားလည်တယ်..."လင်းရီ ပြောလိုက် ပြီး "အရိုးရှင်းဆုံးပြောရရင် အဲ့နှစ်ယောက်က လျိုကြီးတို့ မယှဉ်နိုင်တဲ့ ကောင်တွေပေါ့ ကွာ..."

ချင်းဟန်၏ စကားလုံးများမှတစ်ဆင့် လင်းရီ သဲလွန်စများစွာကို ရရှိလိုက်သည်။

သူနောက်တွင် လျိုချန်းတို့နှင့် တွေ့စဉ်အခါ င နဲ့တို့မှာ စကားကြီးစကားကျယ်တို့ကို ကရား ရေလွှတ်ပြောခဲ့ကြ၏။

ယခု ကျန်းအောင်နှင့် ရင်ဆိုင်ရချိန်တွင် ကျိန်ဆဲ ခံနေရသည်ကိုတောင်မှ သည်းခံထား

ပုံကို ထောက်ပါက ကျိုးဟိုင်ရှိ ထိုလူများ၏ အဆင့်အတန်းမှာ ယောင်တုန်းလိုင်နှင့် လျိုချ န်းတို့ထက် အများကြီးမြင့်နေကြောင်း မြင်သာလေသည်။

"ကြည့်ရတာ ဒီညတော့ ဆူညံတော့မယ်နဲ့တူ တယ်..."လင်းရီ အပြုံးလေးဖြင့် ပြော လိုက်၏။

"မကောင်းဘူးလား...ပွဲလေးကြည့်ရင်း ဝိုင်လဲ သောက်ရင်းပေါ့...."

လျန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့မှ ဆိုဖာနောက်သို့ မှီလိုက်ကြပြီး အပြုံးလေး ဖြင့် "ဒီလို စပယ်ရှယ်ပွဲကြီး ကြည့်ရလိမ့်မယ် လို့တောင် ထင်မထားဘူး...ကြည့်ရတာတော့ အတော်မိုက်မှာပဲ..."

"ဒီတော့ မင်းတို့ကောင်တွေက ဒီလာပြီး ငါ့ပွဲကြည့်ကြတော့မှာပေါ့...."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

**အခန်း (၃၄၄)**

"အမ်...ဘာပြောလိုက်တယ်..."

ချင်းဟာန် ထရပ်လိုက်ပြီး "သူတို့ကိစ္စက မင်းနဲ့ဘာဆိုင်လို့လဲဟ..."

"ဟုတ်တယ်လေ..."လျန်ကျင်းမင် ပြောလိုက်ပြီး

"အစ်ကိုကြီးလင်းက ယောင်တုန်းလိုက်တို့နဲ့ ရင်းနှီးတယ်ဆိုရင်တောင်မှ ဒီကိစ္စမှာတော့

ဝင်မပါသင့်ဘူးမဟုတ်လား...ဒါက သူတို့ချင်း ကိစ္စလေ"

လင်းရီ လီချင်းဖုန်းကို ညွှန်ပြလိုက်ပြီး "ကျန်း အောင်ဘေးက အဲ့ဖက်တီးကို တွေ့လား..သူ့ နာမည်က လီချင်းဖုန်း ..ပြီးတော့ ငါ့ကို လက်စားချေဖို့ရောက်လာခဲ့တာ..ယောင်တုန်း လိုင်နဲ့ လျိုချန်းတို့ဆိုတာက သူတို့ ဒေါသကို ဖြေဖျောက်ဖို့ အပိုသပ်သပ်ပဲ...."

"ဖက်ခ်...ဒါကြီးကတော့ လွန်သွားပြီဟျောင့်.."

"မပူနဲ့...ငါ အေးဆေး ကိုင်တွယ်လို့ရပါတယ် ကွ.."

"အားလုံး ဖယ်ကြစမ်း..."

တစ်ချိန်တည်းတွင် ယောင်တုန်းလိုင်နှင့် လျို ချန်းတို့ သူတို့၏ လူများနှင့်အတူ အောက် ထပ်သို့ အလောတကြီး ဆင်းလာခဲ့ကြသည်။

သို့သော်လည်း သူတို့ ကျန်းအောက်ကို မြင် သည့် အချိန်တွင်တော့ အမူအရာများမှာ လေးနက်သွားခဲ့ကြ၏။။။

လီချင်းဖုန်းကတော့ ပါမွှားလေးပင်။ သို့ သော်လည်း ကျန်းအောက်ကိုတော့ ကိုင်တွယ်ရ ခက်ခဲပေလိမ့်မည်။ သူ့ကို နောက်ခံပြုထားပေးသည့် ဝမ်မာဇီဆိုလျှင် လျိုချန်းတို့ အပြစ်ပြု၍ မရသည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

"အစ်ကိုကျန်း...ခင်များက အကောင်းဆုံး ပဲ...ညီကိုတွေအများကြီး ခေါ်လာပြီးတော့

ကျုပ်ကို ဆာပို့(support) ပေးဖို့ ရောက်လာတာပေါ့လေ...အဲ့တော့ ကျုပ်ဘက်ကလည်း ညီကိုတွေအတွက် အခန်းအကြီးစားကြီးတစ်ခန်း စီစဉ်ပေးရတာပေါ့...ဒီအထပ်တစ်ခုလုံးကို ကျုပ်ညီကိုတွေအတွက် ရှင်းပေးလိုက်မယ်..."ယောင်တုန်းလိုင် အပြုံးလေးဖြင့်ပြောလိုက်သည်။

"ပြီးတော့ အစ်ကိုကျန်းလည်း ရောက်လက်စနှင့် လောင်းကစားလေး နည်းနည်းပါးပါး ချသွားဦးမလား..."

"ယောင်ကြီး..မင်းငါနဲ့ လာမရှုပ်နဲ့..."ကျန်အောက် ဆေးလိပ်ဖင်ဆီခံကို ကောက်ပစ်လိုက်ပြီး "မင်းလည်း ငါဘာလို့ရောက်လာတာလဲ သိတယ်မလား..မင်း လီ

ကြီးရဲ့ ကုမ္ပဏီမှာ သွားရှုပ်ပြီးတော့ ပိုက်ဆံ အတော်လေး ညစ်သွားတယ်ဆို..ဒါကြီးက မြေအောက် လောကရဲ့ စည်းမျဉ်းတွေနဲ့ ဆန့်ကျင်နေတယ်ဆိုတာ မင်းတို့ နားမလည် ဘူးလားကွ..."

"ဒါ...."

"ယောင်တုန်းလိုင်၊ လျိုချန်း..ငါတို့ သိလာတာ ကြာပြီဆိုပေမယ့် ဒီကိစ္စကိုတော့ ရှင်းအောင် လုပ်မှကိုရမယ်..."လီချင်းဖုန်း ပြောလိုက်ပြီး "ငါမြေအောက်လောကမှာ ကျင်လည် လာတာ နှစ်ပေါင်းမနည်းတော့ဘူး..ပြီးတော့ ငါက လွယ်လွယ်နဲ့ အနိုင်ယူလို့ရတဲ့ကောင် လည်း မဟုတ်ဘူးကွ..တကယ်လို့ ခုချက်ချ က်း တစ်ခုခုမှ မလုပ်ပေးဘူးဆိုလို့ကတော့ ငါ

၊ လီချင်းဖုန်း မြေအောက်လောကရဲ့ စည်းမျဉ်းတွေကို မလိုက်နာဘူးဆိုပြီးတော့မှ အပြစ်လာမတင်နဲ့.."

"အဲ့တော့..မင်းက ဘယ်လိုလုပ်ချင်တာ..."

ယောင်တုန်းလိုင် ထီမထင်ဟန်ဖြင့် မေးလိုက်သည်။

"ငါ့နား ငွေညစ်သွားတဲ့ကောင်ကို လက်လွှဲပေး..ပြီး တော့ မင်းလည်းငါ့ကို နောက်ထပ် ယွမ်တစ်သန်းထပ်ပေးမယ်ဆို ကြေပြီလို့ သတ်မှတ်ပေးမယ်..."

လီချင်းဖုန်း ပြောလိုက်ပြီး"မင်းလည်း အစ်ကိုကျန်းက ဘယ်လိုစိတ်ရှိလဲဆိုတာ သိတယ်မလား.. ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် မလုပ်ချင်စမ်းနဲ့.."

"လီကြီး....မင်း ဒါကတော့ နည်းနည်းလွန်သွားပြီ..."

"ဟားဟား...ဒါငါလွန်တာ မဟုတ်ဘူးကွ..."လီချင်ဖုန်း အေးစက်စွာ ဆိုလိုက်ပြီး "မင်းတို့ကောင်တွေကိုက ငါ့နား ငွေလာညစ်တာလေ...ငါကတောင် လွန်တယ်လို့ မပြောရသေးဘူး .ငါ့ကိုများလာပြီး လူပြန်ဟာစ်လို့..."

"မင်း...."

"နားညီးလိုက်တာကွာ..တုတ်တွေကိုင်ပြီး ယီးတွေ လာဟောင်နေကြတာလား..."လင်းရှီ နားကလော်ရင်း ပြောလိုက်ပြီး "မင်းတို့ ငါ့ကိုလာရှာတာ မလား..ခု ငါဒီမှာ ..လာပြီး စကားလာပြောလှည့်.."

လင်းရီ၏ အသံကို ကြားသောအခါ လီချင်းဖုန်း အသံလားရာဘက်သို့ မျှော်ကြည့်လိုက်သည်။

ထိုအခါ သီးသန့်စားပွဲဝိုင်းရှိ ဆိုဖာပေါ်တွင် လူငယ် လေးငါးဦးခန့် ထိုင်နေကြပြီး ကျန်းအောက်တို့ဘက်သို့ကျောပေးထားကြသည်ကို မြင်တွေ့လိုက်ရ၏။

သို့သော်လည်း အသံကြားရုံမျှနှင့် သူ့ကို ထိုနေ့က ငွေညစ်သွားသည့် လင်းရီဖြစ်ကြောင်း တပ်အပ်ပြောနိုင်လေသည်။

လင်းရီလည်း နောက်သို့ မလှည့်ပေ။ သူ လီချင်းဖုန်းနှင့် ကျန်းအောက်တို့ကို ကျောပေးထားပြီး ဘီယာအေးဆေး ထိုင်သောက်နေလေသည်။

"သွားကြည့်ကြစို့..."

ကျန်းအောက် ရက်စက်သောမည့် လေသံဖြင့် ပြောဆိုလိုသည်။

သူတို့ဘက်မှ သွေးဆာရက်စက်ချင်နေသော်လည်း တစ်ဖက်မှ နေရာတွင် အေးဆေးထိုင်ကာ အလေးပင်မထားချေ။ ယင်းက စိတ်ဝင်စားစရာ ကောင်းလွန်းလှ၏။

ကျန်းအောက် သူ၏ လူများကို ဦးဆောင်ပြီး လီချင်းဖုန်းလည်း ဘေးမှ လိုက်လာခဲ့၏။

ဝမ်လုအပါအဝင် ကျန်သည့် မိန်းကလေးများမှာတော့ကြောက်လန့်လွန်း၍ အသက်ပင် မရှူဝံ့ရဲကြချေ။ ထို့ကြောင့် နေရာ၌သာ တိတ်ဆိတ်စွာ ရပ်နေကြလေသည်။

သူမတို့ ပထမဆုံးအကြိမ် ကလပ်သို့ အတွေ့အကြုံရရန် ရောက်လာခဲ့သော်လည်း ယခုလိုဖြစ်လာလိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

ယင်းက သူမတို့၏ စိတ်ထဲတွင် အရိပ်မည်းကြီး ထင်ကျန်သွားရန် လုံလောက်လေသည်။

"အစ်ကိုကျန်း..ဒီကောင်ပဲ ကျုပ်နားက ပိုက်ဆံတွေအများကြီး လိမ်သွားခဲ့တာ..တရားမျှတမှုအတွက်အစ်ကိုကြီးကျန်းကိုပဲ အကူညီတောင်းရတော့မယ်..."

ကျန်းအောက် မည်သို့မျှ မတုန့်ပြန်ခဲ့ပေ။ သူ၏ မျက်နှာထက်တွင်တော့ အံ့ဩတုန်လှုပ်မှုတို့နှင့် ပြည့်နှက်နေလေသည်။

"ဒါက သခင်လေးချင်းမဟုတ်လား..."

"အိုး...မင်းငါ့ကိုတော့ မှတ်မိသေးသားပဲ..."ချင်းဟန် ခြေတကက်ချိတ်၍ ထူးမခြားနားစွာ ဆိုလိုက်ပြီး "လင်းကြီးက ငါ့ရဲ့ညီကိုကောင်းပဲ...မင်းသူ့ကို ဘာလုပ်ချင်နေတာ..."

လီချင်းဖုန်း ကျိုးဟိုင်ရှိ ချမ်းသာသည့် ဒုတိယမျိုးဆက်များအကြောင်း သိပ်မသိပေ။ ထို့ပြင် သူတို့ကို အထင်လည်းသေး၏။ ထိုသခင်လေးများမှာ မိဘပိုက်ဆံ ထိုင်ဖြုန်းနေကြသည့် ဆန်ကုန်မြေလေး အုပ်စုသပ်သပ်ဟု မှတ်ယူထားလေသည်။

ထို့ကြောင့် သူ ချင်းဟန်အကြောင်း နကန်းတစ်လုံးမျှ မသိရှိခြင်းပင်။

သို့သော်လည်း ကျန်းအောက်ကတော့ ကွဲပြားသည်။ သူ ချင်းဟန်၏ ဂုဏ်သတင်းကို နားနှင့်မဆံ့အောင် ကြားဖူးနား၀ ရှိလေသည်။

"သခင်လေးချင်း...ဒီကိစ္စအတွက် စိတ်မပူပါနဲ့....ကျုပ်တို့မှာလည်း ကျုပ်တို့ကိုယ်ပိုင်လိုက်နာရမယ့် ကျင့်၀တ်စည်းမျဉ်းတွေဆိုတာ ရှိတယ်...ဖြေရှင်းစရာ နည်းလမ်းကလည်း နှစ်လမ်းပဲ...အေးဆေးစကားပြောမလား...လက်သီးနဲ့စကားပြောကြမလား....ဒါပေမယ့် ကျုပ် သခင်လေးချင်းကို ၀င်မပါဖို့တော့ တောင်းဆိုချင်တယ်..."ကျန်းအောက်ပြောလိုက်သည်။

"ဘာလဲ..ငါ ချင်းဟန်က ဂုဏ်သတင်းတစ်စက်ကလေးတောင် မရှိတော့ဘူးလားကွ..."

"ဒါက ဂုဏ်သတင်းတွေနဲ့ မဆိုင်ဘူး သခင်လေးချင်း...ဒီတိုင်း မြေအောက်လောကရဲ့ စည်းမျဉ်းတွေ အရမို့ပါ..ဒီလောက ရောက်နေမှတော့ အဲ့ဒီက စည်းမျဉ်းတွေကို လိုက်နာရမှာ သဘာဝပဲ မဟုတ်လား..."

ကျန်းအောက် ပြောလိုက်ပြီး "မဟုတ်လို့ကတော့ ကျုပ်တို့လို ကောင်တွေက ဘာမှ လုပ်စားမနေပဲ ဓားပြတိုက်စားတော့မှာပေါ့..."

ချင်းဟာန် တစ်ခုခု ပြန်ပြောတော့မည့် အချိန် လင်းရီ သူ့ပခုံးကို ပုတ်ပြီး ရပ်တန့်လိုက်၏။

"သူကဖြင့် ဒီတောင်ရောက်နှင့်နေပြီ..အဲ့တာကို မင်းက စကားတစ်ခွန်းတည်းနဲ့ အဆုံးသတ်ချင်နေတာလားဟ...ဒီလောက်

ခရီးဝေးကြီးလာပြီးတော့မှ ဒီတိုင်းလှည့်ပြန်သွားရရင် ဘယ်ကောင်းမှာ..ရတယ်..ငါ့ဟာ ငါ့ ကြည့်ဆွေးနွေးပေးလိုက်မယ်..."

လှိုင်ဟိုင်နင်ကတော့ ဘေးတွင် ခြေလပ်တုန်ရီစွာဖြင့် ရပ်နေလေသည်။ သူလင်းရီကို မျက်မုန်းကျိုးနေသော်လည်း လင်းရီ၏ စကားပြောသည့် လေသံနှင့် ဟန်ပန်အမူအရာတို့မှာ လွန်စွာ မိမိုက်လှကြောင်း တော့ ဝန်ခံရပေမည်။

'သူက ဟို လူမိုက် ဂန်းစတားဘော့စ်တွေ လိုမျိုးပဲ..'

"မင်း စကားပြောချင်စိတ်ရှိတာ ကောင်းတယ်..ခုခေတ်က အရင်ကလို မဟုတ်တော့ဘူးလေ..ငါတို့လည်း ထစ်ကနဲရှိ ခုတ်ထစ်နေ

ကြတဲ့ သောက်ပိန်းတွေ မဟုတ်ဘူး..စကားနဲ့ ဖြေရှင်းလို့ရရင် စကားနဲ့ပဲ ဖြေရှင်းတယ်..."

"ကောင်းပြီလေ..."လင်းရီ လီချင်းဖုန်းကို အပြုံးလေးဖြင့် ကြည့်လိုက်ပြီး "တကယ်တမ်းကျတော့ ငါ ယောင်တုန်းလိုင်နဲ့ လျိုချန်းတို့ကို မင်းကို သတ်ခိုင်းဖို့တောင် ပြောထားပြီးသား..ဒါပေမယ့် ဒီည ငါ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာလိမ့်မယ်လို့တောင် ထင်မားဘူး..ကြည့်ရတာတော့ ယမမင်းက မင်းလိုဝက်ဖက်တီးကို နည်းနည်းလောက် အသက်ဆက်ရှင်ခိုင်းချင်တယ်နဲ့တူတယ်...ခု ငါအာရုံစိုက်ပြီး နားထောင်ပေးနေတယ်..မင်း ဘာပြောချင်လဲပြော.... "

လီချင်းဖုန်း ကြက်သီးမွေးညင်းများ ထောင်ထသွားခဲ့ပြီး မသိစိတ်မှ ကြောက်စိတ်တို့ပင် ပေါက်ဖွားလာခဲ့သည်။

သူ ကျန်းအောက်တို့ကို ခေါ်လာခဲ့၍ တော်သေးသည်။ မဟုတ်ပါက သူ မနက်ဖြန်နေထွက်သည်ကိုပင် မြင်နိုင်တော့လိမ့်မည် မဟုတ်ပေ။

"ငါတောင်းဆိုချင်တာက ရှင်းရှင်းလေးပဲ..မင်းငါ့နား ကယူသွားတဲ့ ၁၅ မီလီယမ်ကို ပြန်ပေးရမယ်..ပြီးတော့ ငါ့ရဲ့ စိတ်ထိခိုက် နစ်နာကြေးအတွက် နှစ်မီလီယမ် ထပ်ပေးရမယ်..အဲ့တာဆို ကြေပြီ..."

လင်းရီ ဘီယာတစ်ခွက် ငှဲ့လိုက်ပြီး တစ်ငုံခန့် စုပ်သောက်လိုက်သည်။

"၁၅ မီလီယမ်ထဲက ၁၁.၂ မီလီယမ်က ချောင်ရန်အုပ်စုကို မင်းပေးရမယ့် ပိုက်ဆံတွေလေ..အဲ့တာကို မင်းက ပြန်ပြီး လိုချင်နေတယ်ပေါ့..."

"ငါရှင်းအောင် ပြောထားပြီးသားပဲ...ငါ ချောင်ရန် အုပ်စုကို တင်နေတဲ့ အကြွေးတွေကို ဆပ်မယ်.ဒါပေမယ့် လောလောဆယ် ငါငွေပြတ်နေတယ်....ဒီငွေတွေက ငါနောက်ဆက်လုပ်ရမယ့် ပရောဂျက်တွေ အတွက် အရေးကြီးတယ်...ငါ့မှာ ပိုက်ဆံ ရှိတဲ့ အချိန်ကျသေချာပေါက် ပြန်ဆပ်မှာ..."

"တကယ်လို့ ငါမှတ်သာ မမှားဘူးဆိုရင် မင်းလွန်ခဲ့တဲ့ လေးလတုန်းကလည်း ဒီပုံစံအတိုင်းပဲ ပြောခဲ့တာ မဟုတ်ဘူးလား...ပြီးတော့ ခု

လည်း ဒီတိုင်းပဲဆိုတော့ မင်းက ဘယ်ချိန်ကျမှ အကြွေးပြန်ဆပ်ချင်နေတာ..."

"မတော်လို့ တစ်နေ့ ခင်မျှား လမ်းဖြတ်ကူးနေတုန်း ထရပ်ကားတစ်စီးက ဝင်တိုက်လို့ ပွဲချင်းပြီးသွားပါပြီရဲ့....အဲ့ခါကျ ကျုပ်တို့က ပိုက်ဆံတွေကို ဘယ်သူ့ဆီ သွားတောင်းရတော့မှာ..."

လျိုဟိုင်နင်တို့ နားထဲတွင်တော့ ထိုစကားလုံးများမှာ သာမန် အယူအဆ သပ်သပ်များသာ။ သို့သော်လည်း လီချင်းဖုန်း၏ နားထဲတွင်တော့ ထိုစကားလုံးများမှာ ခြိမ်းခြောက်သည့် စကာလုံးများ ဖြစ်နေလေသည်။

လင်းရီ၏ အဆက်အသွယ်များဖြင့် ကား အက်ဆီးဒင့်ဖြစ်သည့်ပုံစံ ဖန်တီးရန်မှာ မခက်ခဲချေ။

"ဒါက ဆောက်လုပ်ရေးနယ်ပယ်ရဲ့ ထုံးစံပဲလေ..လေးလဆိုတာက ကြာတယ်လို့ မခေါ်ဘူး..မင်းသာ ပိုက်ဆံတွေ ပြန်ပေးလိုက်မယ်ဆိုရင် ငါလည်း နောက်ပရောဂျက်လုပ်ဖို့အတွက် ဘတ်ဂျက်ရှိလာမယ်..အဲ့ကနေ တစ်ဆင့် မင်းတို့ကို အကြွေးပြန်ဆပ်လို့ရမယ်..."

လီချင်းဖုန်း ပြောလိုက်သည်။

"ခင်များကကော..."လင်းရီ ကျန်းအောက်ကို တစ်ချက်ကြည့်လိုက်ပြီး "ဘာပြောဦးမလဲ..."

ကျန်းအောက် ပခုံးတွန့်လိုက်ပြီး "ငွေကိစ္စကတော့ မင်းတို့ဘာ မင်းတို့ ကြည့်လုပ်ကြ...ငါက မကိုင်တွယ်နိုင်တော့အချိန်ကျမှ ဝင်ပါမှာ..."

လင်းရှီ မျက်လုံးများ ကျဉ်းမြောင်းသွားပြီး "တစ်ဖက်လှည့်နဲ့ ပြောရရင် မင်းကလည်း သူပိုက်ဆံ ပြန်မဆပ်တာကို ထောက်ခံတယ်ပေါ့..ဒါကြီးက မင်းတို့ရဲ့ မြေအောက်စည်းမျဉ်းလားကွ......."

"ငါပြောပြီးပြီလေ..ငွေကိစ္စက မင်းတို့ဘာ မင်းတို့ရှင်း..အဲ့တာ ငါ့သောက်လုပ် မဟုတ်ဘူးလို့..."

"ကျန်းအောက်..မင်း ဒါကတော့ နည်းနည်းလေး များသွားပြီ..."ချင်းဟန် ပြောလိုက်ပြီး

"မင်းတို့ကောင်တွေက ကိုယ်အကြွေးတင်နေတဲ့ ပိုက်ဆံကိုတောင် ပြန်မပေးချင်ကြဘူးပေါ့..."

"သခင်လေးချင်း..ကျုပ်က စည်းမျဉ်းတွေအတိုင်းပဲ လုပ်နေတာ..ကျေးဇူးပြုပြီးတော့ ဝင်မပါပါနဲ့..."

လီချင်းဖုန်းသူ့ကို လာရှာစဉ်အခါကတည်းက ပိုက်ဆံ မည်မျှ ရစေကာမူ သူ့ဘက်မှ ၃၀ % ရရှိလိမ့်မည်ဟု ကတိပေးထား၏။ ထို့ကြောင့် သူတတ်နိုင်သမျှ ပိုက်ဆံကို မြန်မြန် ရချင်နေလေသည်။

"ရတယ် ချင်းကြီး..ငါ့နည်းငါ့ဟန်နဲ့ ကိုင်တွယ်လိုက်မယ်..."

လင်းရီ လီချင်းဖုန်းကို ကြည့်လိုက်ပြီး "မင်းက ယွမ် ၁၅ သန်းကို ပြန်လိုချင်တယ်..စိတ်ထိခိုက် နစ်နာကြေးအတွက်ကလည်း ယွမ်နှစ်သန်းတောင်း ပေးခိုင်းတယ် ပြီးတော့ ယောင်တုံးလိုက်တို့နားကလည်း တစ်သန်းက လိုချင်နေသေးတယ်..ဆိုတော့ အားလုံးပေါင်း ယွမ်၁၈ သန်းပေါ့..."

"ဟုတ်တယ်..အမှန်ပဲ..."

လင်းရီ၏ မျက်လုံးအကြည့်တို့မှာ လူသ-တ်ငရဲလောကအလား အေးစက်နေပြီး လီချင်းဖုန်း၏ ဝိညာဏ်သို့ စူးစိုက်ကြည့်ကာ "မင်း ဒီပိုက်ဆံတွေ ယူလို့ နောင်တမရမှာ သေချာပြီလား..."

"ငါက ဘာလို့ နှောင်တရရမှာ..ဒါ ငါရသင့် ရထိုက်တဲ့ ပိုက်ဆံတွေပဲလေ..."

ကျန်းအောက်၏ နောက်ခံနှင့်အတူ လီချင်းဖုန်း၏ ကျောမှာ ဖြောင့်တန်းနေပြီး လင်းရှီကို လားလားမျှ မကြောက်ရွံ့ချေ။

"ကောင်းပြီလေ..."

လင်းရှီ ချက်ခ်လက်မှတ်စာအုပ်ကို ထုတ်လိုက်ပြီး ယွမ် ၁၈ သန်းတန် ချက်ခ်လက်မှတ်ရေးကာ လီချင်းဖုန်းဘက်သို့ တိုးပေးလိုက်၏။

"ဒီမှာ မင်းလိုချင်နေတဲ့ပိုက်ဆံတွေ..ယူလေ..."

# အခန်း (၃၄၅)

လီချင်းဖုန်း မျက်နှာအရောင်လက်သွားခဲ့သည်။

လင်းရီ ထိုမျှ လွယ်ကူစွာ ပေးလိုက်လိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

ကြည့်ရသည်မှာတော့ သူ ကျန်းအောက်ကို ခေါ်လာခဲ့သည်မှာ မှန်ကန်သည့် ဆုံးဖြတ်ချက် ဖြစ်သွားသည့်ပုံပင်။

သူ့ဘက်မှ ၃၀%ကို ပေးရဦးမည် ဆိုသော်လည်း တန်သည်ဟု ဆို၍ ရသည်။

"နေဦး.."

လီချင်းဖုန်း လင်းရီပေးသည့် ချက်ခ်လက်မှတ်ကို ကောက်ယူတော့မည့် အချိန်တွင် ကျန်းအောက်မှ လက်ကာပြီး တားမြစ်လိုက်၏။

ထို့နောက် လင်းရီကို ကြည့်လိုက်ပြီး "မစ္စတာလင်း..ကျုပ်ခင်များတို့လိုလူတွေကို အရင်ကလည်း တွေ့ခဲ့ဖူးပြီးပြီ..တကယ်လို့ ဒီနေ့ လီချင်းဖုန်းတာ ချက်ခ်လက်မှတ်ကို ယူလိုက်မယ်ဆိုရင် ခင်များသူ့ကို လွယ်လွယ်နဲ့ အလွှတ်မပေးတော့ဘူးမလား...ပြီးတော့ သူ့ကို အမဲလိုက်သလို လိုက်တော့မှာလေ...ဒီတော့ ကျုပ်သတိပေးလိုက်မယ်..ခင်များတာ လီချင်းဖုန်းကို အမဲလိုက်ရဲရင် ကျုပ် ကျန်း

အောက်ကလည်း အဲ့ဒီမှာရှိနေမယ်ဆိုတာ ပဲ..."

အကယ်၍ ဤအချိန်တွင် လီချင်းဖုန်းသာ ချက်ခ်လက်မှတ်ကို လက်ခံလိုက်ပါက အနာဂတ်တွင်လွယ်ကူလိမ့်မည် မဟုတ်ချေ။

မြေအောက် လောက၏ စည်းမျဉ်းများအရ ကြားဝင်သူတစ်ဦးအနေနှင့် သူ၏ကိစ္စကို အဆုံးထိတိုင်အောင် တာဝန်ယူဖြေရှင်းပေးရန် တာဝန်ရှိပေသည်။

အကယ်၍ လင်းရီသာ လီချင်းဖုန်းကို အမဲလိုက်မည် ဆိုပါက ကျန်းအောက်လည်း ယခုပြဿနာကို မပြေလည်သေးသမျှ မည်သည့်အခကြေးငွေကိုမျှ တောင်းဆို၍ ရလိမ့်မည် မဟုတ်ပေ။

ထို့ပြင် အနာဂတ်၌ လီချင်းဖုန်း အချို့ကိစ္စများ တွင် သူ့အကူအညီ လိုအပ်သည်များလည်း ရှိလာနိုင်သည်။ ထိုအခါတွင်တော့ သူလည်း ထပ်ဆောင် အပိုငွေများ ရရှိနိုင်သေးသည်။

သူပြောသည့် စည်းမျဉ်းဆိုတာကတော့ အခြားမဟုတ်။ မိမိစားပေါက် မပျောက်စေရန် ထိန်းသိမ်းသည့် စည်းမျဉ်းလေးပင်။

"မပူနဲ့..ငါ၊ လင်းရီက အဲ့လိုမျိုး အရိပ်ထဲကနေ ယုတ်မာပက်စက်တဲ့ အကြံစည်တွေ မထားတတ်ဘူး..."

"အဲ့လိုဆိုရင်တော့ အကောင်းဆုံးပေါ့..."

ကျန်းအောက်၏ မျက်နှာထက်တွင်တော့ စိတ်မရှည်မှုများက အထင်းသားပင်။

၁၈ မီလီယမ်ကို ရရှိပါက ၃၀%ဆိုလျှင် ၅.၂ မီလီယမ် ရရှိပေမည်။ နာရီ အနည်းငယ်မျှဖြင့် ထိုမျှများပြားသည့် ပမာဏကို ရရှိလိုက်သည်က လုံးဝကို ငြင်းရက်စရာ မရှိပေ။

"မစ္စတာလင်းက အဲ့လောက်တောင် တည့်တိုးဆန်နေမှတော့ ကျုပ်လည်း အားနာမနေတော့ဘူးနော်..."လီချင်းဖုန်း ပြောလိုက်ပြီး "ကျုပ်တို့ကြားမှာ အဖုအထစ်လေးတွေ ရှိခဲ့တယ်ဆိုပေမယ့် ခု အချင်းချင်း သိသွားကြပြီမလား..နောင်ကျ ဘာအကူအညီပဲလိုလို ကျုပ်ကို တစ်ခွန်းပဲပြောလိုက်..ကျုပ်အတတ်နိုင်ဆုံး ကူညီပေးမယ်...."

လင်းရီ ဘာမျှ ပြန်မပြောပေ။ ပြုံးရုံမျှသာပြုံးလိုက်သည်။

ချင်းဟန်ကတော့ စားပွဲခုံပေါ်သို့ ခြေထောက်တင်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

လင်းရီ ဘာလုပ်တော့မလဲဆိုတာကို သူမသိသော်လည်း အေးဆေးလွှတ်ပေးလိုက်လိမ့်မည် မဟုတ်တာကိုတော့ သူ၏မသိစိတ်မှ ပြောပြနေလေသည်။

ထိုသို့မလုပ်ပါက လင်းရီမဟုတ်ပေ။

ဘန်း..

လီချင်းဖုန်း ချက်ခ်လက်မှန်ကို ကောက်ယူတော့မည့် အချိန်တွင် လင်းရီ စားပွဲပေါ်ရှိ ဝိုင်ပုလင်းကို ကိုင်ကာ လီချင်းဖုန်း၏ ခေါင်းသို့ အားပါးတရ ရိုက်ခွဲလိုက်သည်။

အား…

လီချင်းဖုန်း နာကျင်စွာဖြင့် ခေါင်းကိုကိုင်လျက် ကြမ်းပြင်ပေါ်သို့ လဲကျသွားခဲ့၏။

သွေးများနှင့် ဝိုင်များမှာ ကြမ်းပြင်ပေါ်၌ ရောနှောနေပြီး လီချင်းဖုန်းလည်း အလူးအလဲ နာကျင်နေကာ ပြန်မထနိုင်တော့ချေ။

"တကယ်တော့ ငါ့ရဲ့ဗီဇကလည်း မင်းလိုမျိုးပဲ..လက်စားချေမယ်ဆို နောက်တစ်နေ့အထိ မစောင့်တတ်ဘူး..ဒီညကိစ္စ ဒီညမှာပဲ အပြတ်ရှင်းမယ်..."

ချင်းဟန်၊ကျန်းအောက်နှင့် ကျန်သူများအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

လင်းရီမှ ဝိုင်ပုလင်းဖြင့် လီချင်းဖုန်း၏ခေါင်းကို လျှပ်တစ်ပြက်ရိုက်ခွဲလိုက်လိမ့်မည်လို့ ထင်မထားခဲ့ချေ။

"မစ္စတာလင်း..ခင်များက ဒါ ဘာသဘောလဲ..ပိုက်ဆံ ထုတ်ပြီးတော့မှ ကျုပ်တို့ကို ပေးဖို့ ရည်ရွယ်ချက်မရှိတာလား.."ကျန်းအောက်အေးစက်စွာဖြင့် ပြောလိုက်၏။

"ဟမ့်..ငါ့ပိုက်ဆံကို ဘယ်သူက လွယ်လွယ်ယူလို့ရမှာလဲတဲ့.."လင်းရီ ဆိုဖာနောက်သို့ မှီလျက် ခြေတင်ချိတ်၍ ပြောလိုက်ပြီး "တံခါးက မင်းနောက်မှာ..မင်းလူတွေကိုခေါ်ပြီး ဒီက ထွက်သွားလိုက်တော့...ခွေးအ တွေလို အုပ်စုဖွဲ့ပြီး လာကိုက်မနေနဲ့.."

မက်ထရိုပိုလစ်ရှိ လူတိုင်း ကြောက်ရွံ့တုန်လှုပ်သွားကြသည်။

လင်းရီဤမျှ ကမူးကရှူး နိုင်လိမ့်မည်လို့ ထင်မထားခဲ့ကြချေ။

'ဒီလူက ကျန်းအောက်လေ..ပြီးတော့ သူ့နောက်က ဘော့စ်ဆိုတာကလည်း ကျိုးဟိုင်ရဲ့နာမည်ကြီး ဝမ်မာဇီ...ခု ဒီလိုတွေ ဖြစ်ပျက်သွားပြီဆိုတော့ တိုးတိုးတိတ်တိတ် ဖြေရှင်းလို့ ရမှာမဟုတ်တော့တာ အမှန်ပဲ...'

"ငိုးပဲ....ငါ ကျန်းအောက်က မြေအောက်လောကမှာ ကြီးစိုးနေတာ နှစ်ပေါင်းမနည်းတော့ဘူး..ငါ့ကို သက်သက်လွတ်သမားများမှတ်နေလားကွ...."

ကျန်းအောက် အမျက်ဒေါသမီးတို့ တောက်လောင်နေခဲ့သည်။ သူမည်သည်ကိုမျှ ဂရုမစိုက်နိုင်တော့ပဲ လင်းရီထံသို့ ဝိုက်လက်သီးတစ်လုံး ပစ်ကျွေးလိုက်၏။

ကျန်းအောက်၏ စကားများမှာ ချင်းဟန်ပြောထားသည့်အတိုင်း အရည်အသွေးပြည့်ဝလှသည်။ သူလှုပ်ရှားလိုက်သည့်ရှုထောင့်တို့မှတစ်ဆင့် ကိုယ်ခံပညာကို နှစ်ပေါင်းများစွာ လေ့ကျင့်ထားသူဖြစ်ကြောင်းပြောနိုင်လေသည်။

သို့သော် လင်းရီကလည်း ခေသူမဟုတ်။ ပညာရှိဉာဏ်ပညာ၏ အကူအညီနှင့် မရေမတွက်နိုင်သည့် တိုက်ခိုက်ရေးနည်းပညာတို့ကိုမှတ်မိနေလေသည်။ ထို့ကြောင့် ကျန်း

အောက်နှင့် ရင်ဆိုင်ရာတွင် တစိုးတစိမျှ တုန်လှုပ်နေခြင်း မရှိချေ။

လင်းရီဘေးသို့ အနည်းငယ် တိမ်းစောင်းကာ ကျန်းအောက်၏ လက်သီးကို ရှောင်တိမ်းလိုက်သည်။

ထို့နောက် သူ၏ ဘယ်လက်ကို အသုံးပြုကာ ကျောင်းအောက်အား ရှေ့သို့ ဆွဲခေါ်လိုက်ပြီး ညာဘက်မှ ကိုင်ထားသည့် ပုလင်းကွဲကို ကျန်းအောက်၏ ဝမ်းဗိုက်သို့ ထိုးနှက်လိုက်သည်။

အား...

ကျန်းအောက် သူ၏ ဒဏ်ရာကို လက်ဖြင့် ဖုံးထားပြီး ပြူးကျယ်နေသည့် မျက်ဝန်းတို့ဖြင့် လင်းရီကို ကြည့်နေလေသည်။

"မင်း ..မင်း..."

"ဘောစ်..."

ကျန်းအောက် ဒဏ်ရာရသွားသည်ကိုမြင်တော့ သူ၏ ငယ်သားများမှ ကူညီရန် အပြေးလာခဲ့ကြ၏။

ယခုအချိန်က လက်စားချေရန် အချိန်ကောင်းမဟုတ်ပေ။ သူတို့ဘောစ်ကို အချိန်မှီ ဆေးရုံပို့ရန် လိုအပ်လေသည်။ မဟုတ်ပါက သွေးထွက်လွန်ပြီး အသက်ဆုံးရှုံးသွားနိုင်၏။

"မလှုပ်နဲ့..သူ့ကို ကူညီရဲတဲ့ကောင်မှန်သမျှ မနက်ဖြန် ငါကားခေါ် ပြီး တစ်မိသားစုကို လိုက်တိုက်ခိုင်းမယ်..."လင်းရီ သူ့လက်ထဲရှိ သွေးစအသားစတို့ ရှိနေသည့် ပုလင်းကွဲဖြင့်

လူတိုင်းကို ဝေ့ယမ်းလျက် ခြိမ်းခြောက်လိုက်သည်။

ချင်းဟန်၏ နှုတ်ခမ်းများမှာ မသိမသာ ကွေးညွတ်သွားခဲ့၏။

လင်းရှီမှာ တစ်ခုခုတော့ တစ်ခုခုပင်။ သူ၏ ပုလင်းကွဲကိုင်ထားပြီး တစ်လောကလုံးကို ထီမထင်ဟန်ပြုနေသည်မှာ လုံးဝကို လွှမ်းမိုးနိုင်စွမ်းကြီးလွန်းလှ၏။

လျန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့လည်း လက်မကိုယ်စီ ထောင်လိုက်ကြသည်။

အစ်ကိုကြီးလင်းက လုံးဝကို သွားရှုပ်လို့မရတဲ့ လူစားမျိုးပဲ...

"ယောင်တုန်းလိုင်..."လျန်ကျင်းမင် လှမ်းခေါ်လိုက်ပြီး "နောက်ထပ် Ace of spades ပုလင်းတွေ သွားယူခဲ့ကွာ..အဲ့တာတွေက ဘော့စ်ဘောတုတ်သံတွေထက် ပိုပြီး ကိုင်ရလွယ်တယ်..."

ယောင်တုန်းလိုင် မျက်နှာ ဖြူစုတ်သွားခဲ့သည်။ ဤသခင်လေးတို့မှာ အတော်လေး မဆင်မခြင် နိုင်လွန်းလှ၏။ ယခုလို ဆက်သွားနေပါက တစ်စုံတစ်ယောက်တော့ မုချ သေပေးရပေတော့မည်။

ကျန်းအောက်၏ လက်အောက်ငယ်သားတစ်သိုက်ကလည်း တုတ်တုတ်မျှ မလှုပ်ဝံ့ချေ။

'သူက ထရပ်ကားနဲ့ တစ်မိသားစုလုံးကို လိုက်သ-တ်မယ်တဲ့..ဘယ်သူက အဲ့လိုမျိုး ကြီး ခြိမ်းခြောက်လို့လဲဟ...'

ကျန်းအောက်ကတော့ အနာကို လက်ဖြင့် အုပ်လျက် ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေပြီး နှုတ်ခမ်းမှလည်း သွေးများယိုစီးကျနေကာ အသက်ကို မျှင်းမျှင်းလေးသာ ရှူနိုင်တော့၏။

"ငါ့...ငါ့ကို ဆေး ရုံ ပို့ ပေး "

"ခုနတုန်းကကျ ပိုက်ဆံတောင်းနေတာ မဟုတ်လား...ခုမလိုချင်တော့ဘူးလား"လင်းရီ ဖျော့တော့စွာ ဆိုလိုက်သည်။

"မ..မဟုတ်ဘူး...ဆေးရုံပဲ ပို့ပေး...တောင်း...တောင်းဆိုပါတယ်..."

ကျန်းအောက် လက်ရှိသူ့အခြေနေကို နားလည်ပေသည်။ သည့်ထက် အချိန်ပို၍ ဆွဲနေပါက သူသွေးထွက်လွန်၍ အသက် ဆုံးရှုံးရပေတော့မည်။

ယခုအချိန်တွင်တော့ ပိုက်ဆံမှာ အရေးမကြီးတော့။ သူ့အတွက် ဤတောင်ကို ကျော်နိုင်ရန်သာ အရေးကြီးပေသည်။

လင်းရီ ပုလင်းကျိုးတစ်ဝက်ကို ဘေးသို့ပစ်လိုက်ပြီး လက်ပေါ်တွင် ရှိနေသည့် သွေးပေရာများကို အဝတ်စဖြင့် သုတ်ကာ ကျန်သူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး "မင်းတိုကောင်တွေက မထွက်သွားသေးပဲ ယီးလုပ်နေတာလားကွ...ဒီမှာကဖို့ ဖိတ်ခေါ်တာကို စောင့်နေကြတာလား..."

ကျွန်းအောက်၏ လက်အောက်ငယ်သားများမှာ ငယ်ပါမွေးများ ထောင်ထသွားခဲ့ပြီး ကျွန်းအောက်နှင့် လီချင်းဖုန်းကို ကမန်းကတမ်းတွဲခေါ်ကာ ကလပ်မှ ဖဝါးနှင့်တင်ပါးတစ်သားတည်းကျအောင် ထွက်ပြေးသွားခဲ့ကြသည်။

.......

ရေိယာတစ်ခုလုံးတွင်တော့ တိတ်ဆိတ်သည့်လေထုက ကြီးစိုးနေလေသည်။ ကြမ်းပြင်ပေါ်၌ ရုန်းရင်းဆန်ခတ် ဖြစ်ထားသည့်ခြေရာလက်ရာတို့ကတော့ ရှိနေသေး၏။

ယခုအခြေနေတွင် မည်သူကမျှ ပါတီဆက်လုပ်ရန် ဆန္ဒမရှိကြတော့ချေ။ ထို့ကြောင့် လင်းရီနှင့် ချင်းဟာန်တို့ကိုသာ တိတ်တဆိတ်

စောင့်ကြည့်နေကြပြီး နောက်လုပ်ရမည့် အစီအစဉ်ကို နားစွင့်နေကြ၏။

"လင်းကြီး မပူနဲ့..ငါဒီကိစ္စကို ကူပြီး ဖြေရှင်းပေးမယ်.."ချင်းဟန်မှ ဖြောင့်မတ်သည့် လေသံဖြင့် ပြောလိုက်၏။

"တကယ်လို့ငါသာ မင်းတို့ အကူညီ လိုအပ်မယ်လို့ ထင်ရင် ဒီလောက် အတိုင်းအတာထိ တောင် သွားလိုက်မှာ မဟုတ်ဘူး..."လင်းရှီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့..ဖြစ်ပြီးသွားပြီလေ...မင်းတို့ဘာမှ စိတ်ပူမနေကြနဲ့..အဲ့ကောင်တွေ လာချင်လည်း လာပလေ့စေ..လာတဲ့ကောင် မှန်သမျှကို ဆော်ပလော်တီးပေးလိုက်မယ်"

"မတူဘူးကွ..အဲ့ဒီ ဝမ်မာဇီက လွယ်တဲ့ကောင် မဟုတ်ဘူး...ငါတို့လည်း မင်းရဲ့ ညီကိုတွေပါ ဟ..မင်းပြဿနာကလည်း ငါတို့ ပြဿနာပဲ လေ..."

"ကျေးဇူးပဲ..ဒါပေမယ့် မလိုဘူး.. ငါ့ပြဿနာ ကို ငါ့နည်းငါ့ဟန်နဲ့ ဖြေရှင်းလိုက်မယ်...ဘာ ဆိုင်လို့ မင်းတို့ကို ခေါင်းကိုက်ခံနေဦးမှာလဲ ဟုတ်တယ်မလား..."

လင်းရီ မတ်တပ်ရပ်၍ အညောင်းဆန့်လိုက် ပြီး ဝမ်ရင်းနှင့် ကျန်သူများကို ကြည့်ကာ "နောက်ကျနေပြီ..ပြန်ကြစို့..တကယ်လို့ ပျော် လို့မဝသေးဘူးဆိုရင်လည်း ငါတို့ နောက်နေ့ ကျ ထပ်လာကြတာပေါ့..."

"ဟုတ်တယ် ဟုတ်တယ်..ပြန်ကြစို့..."

ဝမ်လှ၊ တူးယွီရှမ်းနှင့် ကျန်သူများမှာ အတော်လေး ထိတ်လန့်နေကြသည်။ သူတို့ယခင်က ကြုံနေရာမှာ လွန်စွာ စိတ်ဝင်စားဖို့ကောင်းသည်ဟု ထင်ထားသော်လည်း ယခုလို ကြုံတွေ့ပြီးနောက်တွင်တော့ မည်သူမျှ ပြန်လာဝံ့လိမ့်မည် မဟုတ်ချေ။

မြေပြင်ပေါ်တွင် ပြန့်ကျဲနေသည့် သွေးကွက်များကိုကြည့်ရင်း ဝမ်ရင်း သက်ပြင်းတစ်ချက် ချမိလိုက်သည်။

သူမနှင့် လင်းရီမှာ မတူညီသည့် ကမ္ဘာနှစ်ခုမှ လူနှစ်ယောက်ပင်။

အနာဂတ်တွင်တော့ သူမ၏အဆင့်အတန်းကို ရှင်းလင်းအောင် လုပ်ထားသင့်ပေသည်။

**စာစဉ်(၂၃) ပြီး၏။**